
www.burmeseclassic.com

# နေကိုဖွက်တဲ့ကြယ်

ကြယ်ဆိုတာ
နေရဲ့ အရိပ်အာဝါသ
မဟုတ်ပါဘူးကွယ်...
ချစ်သူ...မင်းသိရဲ့လား
ငါဟာ...
နေတစ်စင်းဆိုရင်
ကြယ်ရဲ့ဖွက်ခြင်း
ခံခဲ့ရသူပါ။



2009

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၉၂၁၁၀၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၂၀၅၀၉
မီးငြိမ်းသူ - တိုးဖြိုး
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀
ထုတ်ဝေသူ - သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂)ရပ်ကွက်၊ ကမာရွတ်၊ ရန်ကုန်။
အတွင်းနှင့်အဖုံး ပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်း ပုံနှိပ်တိုက်)
၁၁၇၊ ၃၃ လမ်းအထက်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - စိန်မိုးယံစာပေ
အမှတ်(၃၀)၊ လမ်း(၉၀)၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး - ၀၉၅၀၇၄၀၁၂

နေခ ၈၉၅.၈၃
နေကိုဖွက်တဲ့ကြယ် / နေခ ။ -ရန်ကုန်၊
သင်းစာပေ ၊ ၂၀၀၉။
၁၈၀ - စာ ၊ ၁၃ x ၂၀ စင်တီ။
(၁) နေကိုဖွက်တဲ့ကြယ်

www.burmeseclassic.com

www.burmeseclassic.com

## "နေခ" ထွက်ရှိပြီးသောလုံးချင်းဝတ္ထုများ

၁။ သံစဉ်မဲ့တေးသွား

၂။ မျက်ဝန်းမဲ့တစ်စုံ၏ ကဗျာတစ်ပုဒ်

## ယခုလထွက်ရှိသောလုံးချင်းဝတ္ထုသစ်

BURMESE CLASSIC

၃။ နေကိုဖွက်တဲ့ကြယ်

## နောက်ထွက်ရှိမည့် "နေခ" လုံးချင်းဝတ္ထုသစ်များ

၄။ လှိုင်းပုတ်လို့ပြိုတဲ့ကမ်း

၅။ စနေထောင့်

www.burmeseclassic.com

www.burmeseclassic.com

နာရီက
အချိန်တို့ ထိန်းချုပ်တယ်။
အသက်က
အချိန်နဲ့
ရှင်သန်တာ
လိုချင်တာ
ရဖို့ဆို
အချိန်တော့
ပေးရမယ်။
ဘဝက
ရပ်တန့်သော
နာရီပျက်
တစ်လုံးမဟုတ်......။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

"အှစ်မ...အစ်"

နေရဲခေါ်သံကြောင့် အပြင်သွားမလို့ အိမ်ထဲကထွက်လာတဲ့ အမျိုးကြီး စန္ဒာဖြိုးရဲ့ခြေထောက်တွေ ခြံဝမှာ အလိုလို ရပ်တန့်သွားတယ်။

"ဘာကိစ္စလဲ. . .နေရဲ"

"ဟို. . .ကျွန်တော် စာပေးချင်လို့ပါ"

"တင်. . ."

သူမရဲ့မျက်နှာလေးဟာ နေရဲရဲ့ တုန်ရီလိုက်မောတဲ့ အသံကြောင့် ရဲခနဲဖြစ်သွားတယ်။ ဘဝမှာ ခြံပေါက်ဝလာပြီး စာပေးတာ ဒီအသက်အရွယ် အထိ ဒီတစ်ခါပဲ ကြုံဖူးပါသေးတယ်။ နေရဲဟာ သူမထက် အသက်ငယ်တယ် ဆိုပေမယ့် ထွားထွားကြိုင်းကြိုင်းကြီးနဲ့ ယောက်ျားပီသပြီး ချောမောနေတော့ ဘာပဲဖြစ်ဖြစ် ရင်ဖိုမိတာပေါ့။

"ရော့...ကျွန်တော့်ရဲ့စာလေးကို လက်ခံပါနော်၊ လူတွေမြင်မှာ စိုးလို့ ဗူးထဲထည့်လာတာ"

"နင်ကလည်း အရမ်းဆိုးတာပဲ"

"မယူဘူးလားတင်"

"အို. . .ယူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သူမ နေရဲ့စိတ်ပြောင်းသွားမှာဆိုးသဖြင့် သေသေချာချာ ထုတ်မိ ထားတဲ့ ဓါးသယ်ဗူးလေးကို ဆက်ခနဲ လှမ်းယူလိုက်တယ်။

"ကျေးဇူးပဲနော်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

နေရဲ ခါးလေးကိုင်းကာ ထွက်သွားတယ်။ ဒီနေရာမှာ ရင်ခုန် ကြည်နူးစွာ ကျန်ခဲ့သူတာ အပျိုကြီးမမပါ။ သူမက နေရဲထွက်သွားတာနဲ့ တပြိုင်ထဲ သွားမယ့်အစီအစဉ်ကို ဖျက်သိမ်းပြီး အိမ်ထဲ ပြန်ဝင်လာခဲ့တယ်။ ထုတ်တယ်လေ. . .သူမလို မွေးထဲကရုပ်ဆိုးတဲ့ လူတစ်ယောက်ကို နေရဲဆိုတဲ့ တောင်ချောလေးက စိတ်ဝင်စားတယ်ဆိုတာ ရောမ အခွင့်အရေးကြီးတစ်ခုပါ။ ဒီမိုးတော့ တဝတ်ပြီး စဉ်းတောင်မစဉ်းစားတော့ဘဲ အဖြေတန်းပေး ပစ်လိုက်ချင်တယ်။ တွန်း. . .မိန်းတလေးမို့သာ နည်းနည်း မှုလိုက်ရတာ။ နေ့တတ်တစ်နေ့ဆိုတဲ့အချိန်တွေ နှမျောစရာကြီး. . .။

အိမ်ထဲရောက်တော့ အခန်းထဲတန်းဝင်ပြီး၊ ခုန်နေတဲ့ ရွှေရင်အစုံနဲ့ နေရဲပေးတဲ့ ဗူးလေးကို ဖွင့်လိုက်တယ်။

"တင်"

ရုတ်တရက် သူမအံ့ဩသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗူးထဲမှာ သူမထင်သလို ရည်းစားစာမတုတ်ဘဲ အမွှေးနံ့တ်ပြီးသား စာကလေး တစ်စောင် ဖြစ်နေလို့ပါ။

သူမ စာလေးကိုကြည့်ပြီး တဖြည်းဖြည်းသဘောပေါက်လာတယ်။ ဒါကြောင့် နေရဲကို ပျစ်ပျစ်နှစ်နှစ်ဆဲလိုက်တယ်။

"မသာ. . .သေချင်းဆိုး"

"ငါကတော့ အဟုတ်ရည်းစားစာမှတ်လို့ ရင်တွေခုန် လိုက်ရ တာ"

♥♥♥♥♥


www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

"နေရဲ"

ယုမွန်မြင့်က နေရဲစာဖတ်နေချိန်မှာ ဖိုးရိုးဖတ်ဖတ်နဲ့ အိမ်ထဲ ...ပြီး အော်ခေါ်ကာ ထိုင်လိုက်တယ်။ သူမ မျက်နှာလေးဟာ အလို ...တစ်ခုကြောင့် ရှုပ်နေပါတယ်။ လမိုက်ညမှာ လမင်းအလင်းရောင်ကို ...တလို့မရတဲ့ ကလေးတစ်ယောက်ရဲ့ အလိုမကျခြင်းမျိုးလည်း မျက်နှာ ...မှာ ပေါ်နေတယ်။

"တဲ့. . .နေရဲ၊ ငါခေါ်နေတယ်လေ၊ ဘာလဲ. . .နင်က နားမင်း ...သောင်ဆောင်နေတာလား။ အိမျိုးတော့. . .လုံးဝမရဘူးနော်၊ ငါက. . . ...ကြောင်းကို ကကြီးကနေ အ,အထိ သိထားတဲ့လူ"

နေရဲစိတ်ပျက်စွာနဲ့ ယုမွန်မြင့်ကို ကြည့်လိုက်တယ်။ ဘယ်လို ...င်မလေးမှန်းလည်း မသိဘူး၊ သူ့ဘာသာ အပြင်မထွက်ချင်လို့ အေးအေး ...ဆေး စာဖတ်နေတာကို လာနှောင့်ယှက်နေတယ်။

"ဘာကိစ္စရှိလို့လဲ ယုမွန်မြင့်"

"ကိစ္စရှိတာပေါ့တာ၊ နင့်ကို ငါ ဈေးမလို့"

"ဈေးတော်လား...ဘယ်မဂ္ဂဇင်းမှာ ထည့်မလို့လဲ၊ ငါက ပေါင်ရေ ...တဲ့မဂ္ဂဇင်းဆိုရင် သိပ်အဖျူးခံချင်တာ မဟုတ်ဘူး။ မိုက်တွေ...အောင့်လို့"



www.burmeseclassic.com

www.burmeseclassic.com

"မနောက်နဲ့. . .နေရဲ၊ ငါက အတည်ပြောတာ"

"ဩော်...ငါလည်း ဘယ်အခါက မကုတ်တာပြောလို့လဲ၊ ဖူးတဲ့ လူတွေကို သွားမေးကြည့် ဗိုက်တွေအောင့်ပြီး ဒူးတွေ ချောင်နေတယ်လို့ ပြောလိမ့်မယ်"

"နင် မညစ်ပတ်နဲ့နော်"

"တစ်နေ့ ရေနှစ်ခါချိုးတယ်။ တစ်ခါချိုးတိုင်း အမွှေးဆပ်ပြာ တစ်တုံးကုန်တယ်။ မျက်နှာကို သနပ်ခါးနဲ့လိမ်းတယ်။ နင်မယုံရင် ငါ့ပါး လာနမ်းကြည့်ပါလား၊ မွှေးခနဲ ဖြစ်သွားလိမ့်မယ်"

"ဘာ"

"တစ်ခါပဲနော်၊ နောက် မွှေးခွင့်မပေးတော့ဘူး"

"တင်. . .နင်. . .ကဲ. . .တာ"

ယုမွန်မြင့်ဒေါသဖြင့် လက်ထဲဆုတ်ကိုင်လာတဲ့ အရာဝတ္ထုနဲ့ ပစ်ပေါက်လိုက်တယ်။ ထိုအရာက နေရဲကိုထိမှန်ပြီး ကြမ်းပြင်ပေါ်ကို ဖျတ်ခနဲ ပြုတ်ကျသွားတယ်။ နေရဲလည်း ဘာပါလိမ့်ဆိုတဲ့အတွေးနဲ့ စိတ်ဝင်တစား ကြည့်လိုက်တော့ အမွှေးနုတ်ပြီးသား စာကလေးတစ်ကောင် ဖြစ်နေတယ်။

"တင်...ဒီ...နင့်ဆီ ဘယ်လိုလုပ် ရောက်လာတာလဲ ယုမွန်မြင့်"

"သိပ်အံ့ဩသွားသလား. . .နေရဲ၊ ငါ့ဆီ မစန္ဒာဖြိုးလာပြီး နင့်ရဲ့ လုပ်ရပ်တွေကို အကုန်ပြောသွားတယ်။ ဘာကြောင့် နင်ဒီလို နောက်တာလဲ"

"တ. . .ဒီ. . .ငါနောက်တာမှ မတုတ်တာ၊ သူ့ကို တကယ် စာပေးတာလေ၊ မကျေနပ်လို့ တိုင်ချင်တဲ့နေရာတိုင်၊ ငါ့ဘက်က ဖြေရှင်းဖို့ အဆင်သင့်ပဲ၊ အေး. . .ထင်ယောင်ထင်မှားဖြစ်ပြီး အမိပွါယ် အကောက် လွဲတာတော့ သူ့အကြောင်း"

"ဘာပဲဖြစ်ဖြစ် နင့်ဘက်ကမှန်တယ်ဆိုရင်တောင် အဲဒီလို လုပ်ဖို့ မကောင်းဘူး။ သူဘယ်လိုခံစားရမယ်ဆိုတာ နည်းနည်းပါးပါးတော့

www.burmeseclassic.com

www.burmeseclassic.com 

ကိုယ်ချင်းစာသင့်တယ်”

“မှားပါတယ်ဟာ. . .တကယ်ဆို နင်က ငါ့ရဲ့သူငယ်ချင်း မဖြစ်သင့်ဘူး၊ ထစ်ကနဲဆိုလာပြီး အပြစ်ပြောတော့တာပဲ၊ မထူးပါဘူး ဒီလောက်ဆိုးမနေမှတော့ နင့်ကို အမေလို့ပဲ ခေါ်တော့မယ်”

“ဘာ. . .နင်က ငါ့ကို ရဲပို့တာလား”

“တုတ်ပါတယ်. . .အမေ၊ သားက အမေ့ကို ရဲရောက်ဖူးစေချင်လို့ပါ”

“နင်နော်. . .ပြောလေ ဆိုးလေပါလား”

“တုတ်ကဲ့. . .သားတာ ပြောလေ၊ ဆိုးလေပါပဲ အမေ”

“တော်ပြီ. . .နင့်ကို ဘာစကားမှ မပြောချင်တော့ဘူး”

“ဝမ်းသာပါတယ် အမေ၊ သားလည်း ဘာမှမကြားချင်ပါဘူး”

“နေရဲ”

“အမေ”

“တင်း. . .တောက်”

ယုမွန်မြင့် ‘တောက်’ ခေါက်အံ့ကြိတ်တာ အိမ်ထဲမှ ဝုန်းကနဲ ထွက်သွားတယ်။

ဒီတော့မှ နေရဲလည်း ပေါ့ပေါ့ပါးပါး ရယ်မောပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

“တင်...ဘာဖြစ်လာတာလဲ”

ချစ်ဦးက ဝုန်းဒိုင်းကြဲပြီး အိမ်ထဲဝင်လာတဲ့ ယုမွန်မြင့်ကိုမြင်တော့ တအံ့တဩနဲ့ မေးလိုက်တယ်။ စိတ်ထဲမှာတော့ ယုမွန်မြင့် အပြစ်တ ရှုပ်ချမှာကိုတွေးပြီး စိုးရိမ်ထိတ်လန့်နေပါတယ်။

“ငါ စိတ်တိုတာ ချစ်ဦး၊ အဲဒါ နင်သိလား”

“ဘယ်လိုလုပ် သိမှာလဲတာ၊ ငါ အိမ်ထဲကနေ အပြင်ထွက်ဖို့ မထွက်ရသေးတာ”

“အဲ့ဆို သိလိုက်တော့၊ ငါ နေရဲကြောင့် စိတ်တိုလာတာ”

“အမယ်လေး...အဲများ နေရဲအကြောင်း နင်လည်း သိသားပဲ ဒီကောင်က ငယ်ငယ်လေးထဲက သူများကို တစ်နည်းနည်းနဲ့ စိတ် အနှောင့်အယှက်ပေးရမှ စားဝင်အိပ်ပျော်တဲ့လူလေ”

ချစ်ဦးစကားကို နားထောင်ပြီး ယုမွန်မြင့်ကြိတ်ကာ သက်ပြင်း ချလိုက်မိတယ်။ နေရဲတာ တကယ်ပဲ ချစ်ဦးပြောတဲ့အတိုင်းကို ဖြစ်နေတာ သူ့စိတ်ထဲမှာ အဲဒီအကျင့်ကို လုံးဝသဘောမကျပါ၊ ပြုပြင်လို့ မရတော့လည်း ခက်သားပဲ။

“နေရဲတာ လူထဲက လူတစ်ယောက်ဆိုပေမယ့် လူ က လူနဲ့မတူဘူးဆိုတာတော့ ငါသိပါတယ်။ ပြီးတော့ သူ့မှာ တော်ရုံလူတွေ လိုက်မမီနိုင်တဲ့ အတွေးအခေါ်ရှိတယ်။ လူတစ်ယောက်ရဲ့စိတ်ကို ဘယ်


www.burmeseclassic.com

www.burmeseclassic.com 

အချိန်မှာ ကသိကအောက် လုပ်ရမယ်ဆိုတာ သိနေတယ်။ ဒါတာ သူ့ရဲ့ ထူးချွန်ထက်မြက်တဲ့ အရည်အချင်းပဲ၊ ကောင်းတဲ့ဘက်မှာ အသုံးမချတာ တော့ ဝမ်းနည်းဖို့ကောင်းတယ်”

“ဒါ သူ့ရဲ့မွေးရာပါ ဗီဇလေ၊ နင်ဘယ်လိုပြောပြောရရှာ မဟုတ်ဘူး။ ပြီးတော့ နေရဲဆိုတာ အမိန့်အာဏာနဲ့ ထိန်းချုပ်ကြိုးကိုင်လို့ရတဲ့ လူမျိုးမှ မဟုတ်တာ၊ ဒါကို သိရဲ့သားနဲ့”

“အဲဒါကြောင့် ခက်တာပေါ့ဟ၊ ခုတောင် ဆိုးမလွန်းတဲ့ ငါ့ကို အရွဲ့တိုက်ပြီး အမေလို့ခေါ်လိုက်တယ်”

“ဘုရား. . .ဘုရား. . .မိုးကြိုးတွေ ပစ်ကုန်တော့မှာပဲ”

ချစ်ဦး လန့်ဖျန့်ကာ ဆံပင်မွေးတွေ ထောင်သွားတယ်။ တဖြည်းဖြည်းနဲ့ နေရဲတာ ယုမွန်မြင့်ကိုတောင် အလွတ်မပေးတော့ပါလား၊ သူငယ်တန်း ကျောင်းတက်ထဲက တစ်ကျောင်းထဲ၊ တစ်ခန်းထဲတက်ပြီး ကြီးပြင်းလာကြ သူမို့ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အမြဲတမ်း အနိုင်လုပွဲလေးတွေ ရှိတတ်ကြပါတယ်။ ဒါပေမယ့် ဘယ်သူတွေ ဘယ်လိုပဲ ကြိုးစား၊ ကြိုးစား နောက်ဆုံး နေရဲသာလျှင် အောင်လံကို ယူသွားတာ။

“ချစ်ဦး”

“ပြောလေ”

“နင်လည်း နေရဲကို မဟုတ်တာတွေ မြှောက်မပေးနဲ့နော်”

“အေးပါဟာ. . .ဒီမှာကြည့်၊ ငါကသန့်သန့်လေး”

“တွန်း. . .ငါယုံမယ်ထင်သလား၊ နင်တို့နှစ်ယောက် အတူတူပဲ ဆိုတာ ငါသိတယ်”

“မတူပါဘူးဟာ. . .ငါက ငါ့အိမ်မှာနေတာ၊ သူက သူ့အိမ်မှာ နေတာ၊ လုံးဝသပ်သပ်ဆီပဲ”

“ဟေ့. . .အဲဒါပြောတာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ . . ငါက အတူတူပဲဆိုတော့ တစ်အိမ်ထဲ နေတာကို ပြောသလားလို့"

သူမ ချက်စောင်းတစ်ချက် နိုင်းခနဲထိုးကာ ဆတ်ခနဲ ထထွက်လာခဲ့တယ်။ ရင်ထဲမှာတော့ အဆင်မပြေလွန်းတဲ့ လူနှစ်ယောက်ကြောင့် တင်းကြပ်နေပါတယ်။ အရင်က နေရဲနဲ့ဝတ်သတ်ပြီး တရှည်ရှည်း ပြမြင်လို့ ရမှာပဲဆိုတဲ့ အတွေးက ခုအချိန်မှာ ယုတ်လျော့ပါးလွှာစ ပြုလာပြီ။

●●●●●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဖွင့်တာခ မကြာသေးတဲ့ အကြော်ရုပ်တွက်တစ်ခုရဲ့ လက်ဖက်ရည်ဆိုင်ထဲမှာ နေရဲ့တစ်ယောက် ထိုင်ပြီး နာမည်ကြီး မော်ဒန်စာအုပ်တို့ ဖတ်နေပါတယ်။ သူက ခုမှ ဖွင့်တာစဆိုင်ခိုလို့ တကူးတက လာထိုင်ကြည့်တာပါ။ ဆိုင်ရဲ့အပြင်အဆင်ကတော့ သန့်ရှင်းသေသပ်ပြောင်ပြီး ထိုင်ချင်စရာ ဖြစ်ပေမယ့် ဆက်ဆံရေးက အမှတ်မရှိတဲ့ ရိုးအားလို ငြိမ်းကိုး တဲ့တဲ ဖြစ်နေတယ်။

ခုပဲကြည့်လေ . . သူဆိုင်ထဲဝင်လာပြီး ထိုင်နေတာ အတော်ကြာသွားပြီ၊ ဘာသောက်မလဲ၊ ဘာစားမလဲလို့ ဘယ်သူမှ လာမမေးသေး။ သူကလည်း လူတစ်မျိုးပါ။ လူများများမှာ အရသာခံဖို့အတွက် ရှောင်တဲ့ လူဆီမှာ အောက်ကျခံတတ်တာ မဟုတ်ဘူး။ မာနဆိုတာ စီးပွားရေး သမားတွေဆီမှာပဲ ရှိတာမှ မဟုတ်ဘဲ၊ စားသုံးသူတွေဆီမှာလည်း ရှိပါတယ်။

သူ စာအုပ်ဖတ်ရင်း ညောင်းလာတဲ့အတွက် ခါးကြောတစ်ချက် ဆန့်လိုက်တယ်။ စာအုပ်က မော်ဒန်သဘောတရားတွေကို ကျကျနန ရေးထားလို့ ဖတ်လို့ကောင်းတယ်။ သူဟာ တစ်ခါတစ်ရံ သဘောကျသိတာကို အရသာခံပြီး စိတ်ကူးနဲ့တွေးနေရတာကို နှစ်သက်တတ်တယ်။ ပြီးတော့

www.burmeseclassic.com



လူမှုပွဲလုပ် အရာဝတ္ထုတွေကို ဘယ်သူမှမလုပ်တဲ့၊ မမြင်တဲ့ ရှုထောင့်ကနေ စိတ်ဝင်တစားနဲ့ လေ့လာချင်တယ်။ ရှာဖွေလေ တွေ့ရှိလေဆိုတဲ့ စကား ရှိသားပဲ။ ဝိလျှပ်ပါကင်ကိုပဲကြည့်၊ အသက် တစ်ဆယ့်ခုနစ်နှစ်သာ ရှိသေးပေမယ့် ၁၂၅၆ အီစတာပွဲတော် ကျင်းပနေတဲ့အချိန်မှာ ဆိုးဆေးကို ဓာတ်ခွဲခန်းကနေ ရှာဖွေဖော်ထုတ်နိုင်ခဲ့တယ်။ ဒါကြောင့် နှစ်ဆယ့်တစ်ရာစုရဲ့ မိန်းမတွေဟာ ပုံစံအမျိုးမျိုးနဲ့ လှလို့ရတာပေါ့(လှနေကြတာပေါ့)။ တကယ် လို့သာ ဝိလျှပ်ပါကင်သာ ဆိုးဆေးကို ရှာဖွေမတွေ့ရှိခဲ့ဘူးဆိုရင် ဒီနေ့တွေ့ရတဲ့ မိန်းမတွေရဲ့ အလှဟာ တစ်မျိုး၊ တစ်မည်နဲ့ စိတ်ဝင်စားမှုလျော့နည်းစေမှာ သေချာပါတယ်။ တကယ်တော့ ဝိလျှပ်ပါကင်ဟာ မိန်းမတွေလှဖို့အတွက် မွေးဖွားလာတဲ့ နလုံးလှသူရဲကောင်းတစ်ယောက်ပါ၊ ဒါပေမယ့် မိန်းမ အများ စုဟာ သူတို့ရဲ့အလှသခင် ကျေးဇူးရှင် ဝိလျှပ်ပါကင်ကို မသိကြဘူး၊ တဲ့. . ဘယ်လောက် ဝမ်းနည်းစရာကောင်းသလဲ၊ ဒီအကြောင်းကိုသာ ဝိလျှပ်ပါကင် သိသွားရင် တမလွန်မှာ နင့်နင့်သီးသီး ငိုကြွေးနေလိမ့်မယ်။ ဟုတ်တယ်လေ... သူ့မှာတော့ ပွဲတော်တောင် မလည်ဘဲ ကြိုးစားလိုက်ရတာ၊ ခုခေတ်မှာ ဘယ်သူရှိလို့လဲ။

သူထိုင်နေတာ အတော်ကြာလာပြီ ဘာသောက်မလဲ၊ ဘာစားမလဲလို့ ဘယ်သူမှ လာမမေးတော့ ထသွားဖို့ ဆုံးဖြတ်လိုက်တယ်။

"တေ့. . .တစ်ယောက်လာစမ်း"

"ဟုတ်ကဲ့. . .လာပြီ အစ်ကို"

ဒီလိုကျတော့လည်း မြန်သားပဲ၊ ချက်ချင်းဆိုသလို စားပွဲထိုးလေး တစ်ယောက် အနားရောက်လာတယ်။ နေရဲ စားပွဲထိုးလေးကို တစ်ချက် ကြည့်ပြီး။

"မင်းက ဒီဆိုင်က ဝန်ထမ်းလား"

"ဟုတ်ကဲ့. . .အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com


"ဒီဆို ရှင်းမယ်. . .ငါထိုင်နေတာ ဘယ်ယောက်ကျားသလဲ"

"ဗျာ . . ."

တစ်ခုခုမှာမယ်ထင်တဲ့ စားပွဲထိုးလေး ကြောင်သွားတယ်။ ဒီလူ ဆိုင်ထဲဝင်လာထဲက သူကြည့်နေတာ ကြာပါပြီ၊ ဆိုင်ရှင်က စားသုံးသူ ခေါ်ရင် မသွားရဘူးလို့ မှာထားတဲ့အတွက် အနားမကပ်ဘဲ ခပ်ဝေးဝေးမှာ နေတာ၊ ခေါ်ရင်လည်း လျှင်မြန်စွာ ထလာနိုင်အောင် ကိုယ့်ကိုကိုယ် အဆင်သင့်လုပ်ထားပါတယ်။ ခုတော့ ထိုလူက ခေါ်တယ်။ သူက ထလာ တယ်။ ပြီးတော့ ပြောလိုက်ပုံက သူစားပွဲထိုးသက်တမ်းတစ်လျှောက် တစ်ခါမှ မကြားဘူးတဲ့စကား၊ ဒါကြောင့် နားကြားများ လွဲရော့နေသလား လို့ထင်ပြီး ပြန်မေးလိုက်တယ်။

"ဟို. . .အစ်ကို ဘာသောက်မှာလဲ၊ ဘာစားမှာလဲ"

နေရဲ စိတ်ပျက်စွာနဲ့ ကျွတ်တစ်ချက်သပ်လိုက်တယ်။ ဘယ်လို တောင်လေးမှန်းမသိဘူး၊ ပြန်မလို့ ရှင်းပါတယ်ဆိုမှ၊ ဘာသောက်မလဲ၊ ဘာစားမလဲလို့ ပြန်အမေးခံနေရတယ်။

"မင်း နားလေးသလား ချာတိတ်၊ မှာမလို့မေးတာ မဟုတ်ဘူး ကွ၊ ထိုင်ခရှင်းချင်လို့၊ ကြားလား. . .တကတည်းမှပဲ ခွီး"

စားပွဲထိုးကောင်လေး သဘောပေါက်သွားသလို အသံက တော်တော် ကျယ်သွားသောကြောင့် ဘေးပတ်ဝန်းကျင်မှာ ထိုင်နေတဲ့ လူတွေကလည်း လှည့်ကြည့်ကြတယ်။

"ကျွန်တော်တို့ဆိုင်က ထိုင်ခမယူဘူး အစ်ကို"

"ဟေ. . .ဟုတ်လား. . .ဒီဆို မင်းတို့လက်ဖက်ရည်ဆိုင်က နေရာနဲ့ ခုံတွေအလားရတာပေါ့"

"ဟာ. . .ကပ်သီး၊ ကပ်သတ် အစ်ကိုရာ"

"အေး. . .ဒီဆို ရော့. . .ငါးဆယ်၊ ငါထိုင်တဲ့တန်ဖိုး"



www.burmeseclassic.com

www.burmeseclassic.com

နေရဲ ငါးဆယ်တန်တစ်ရွက်ထုတ်ပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့တယ်။

"သူက ဘယ်သူလဲကွ"

ဘေးဝိုင်းမှ အသံပါ . . .

"နေရဲလေ. . .ကွက်သစ်ရပ်ကွက်ထဲမှာ နေတယ်"

"ရူးနေလား မသိဘူး"

"မင်း သူ့အကြောင်း သေချာမသိလို့ပါ"

"ခင်ဗျားက သိတယ်ပေါ့"

"မသိဘူး"

"ဒါများဗျာ"

အသံက ပြန်လည်တိတ်ဆိတ်သွားပေမယ့်. . .စားပွဲထိုးလေးက တော့ ငါးဆယ်တန်အနွမ်းလေးကိုကိုင်ကာ နားမလည်နိုင်တဲ့မျက်ဝန်းနဲ့ နေရဲ နောက်ကျောကိုကြည့်ကာ ခေါင်းခါယမ်းနေတယ်။

နေရဲခပ်ဝေးဝေးကို ရောက်လာပြီ၊ သူက မပြီးသေးတဲ့စာအုပ်ကို အေးအေးဆေးဆေး ဖတ်ချင်သဖြင့် တိတ်ဆိတ်တဲ့နေရာကိုသွားရန် ဆုံးဖြတ် လိုက်တယ်။ ဒါကြောင့် မြို့ပြင်သချိုင်းက ဇရပ်ဆီ ထွက်လာခဲ့တယ်။

လမ်းတစ်လျှောက်လုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ကျေးငှက် ကလေးတွေကလည်း နေရဲရဲ့ခြေသံကြောင့် တိုးအဝေးကို ကြောက်လန့် တကြား ပျံပြေးကုန်ကြတယ်။ ထိုအချိန်မှာ လေပြင်းတစ်ချက်က တဟုန်ထိုး တိုက်ခိုက်လိုက်သဖြင့် သချိုင်းထဲမှာ ငိုနေတဲ့အသံက နေရဲနားထဲ ဝင်ရောက် လာပါတယ်။

"အမယ်လေး. . .သားလေးရဲ့ မေမေတို့ဆီ ပြန်လာပါလား အတင့်. . .အတင့်"

"အမယ်လေး. . .သားလေးရဲ့ မေမေတို့ဆီ ပြန်လာပါလား အတင့်. . .အတင့်. . .အီး"

www.burmeseclassic.com

www.burmeseclassic.com



နေရဲစိတ်ထဲ ငိုသံကြောင့် တစ်မျိုးကြီးဖြစ်သွားတယ်။ တော်တော့်ကို ဝေါ်လော်ကန့်လန့်နိုင်တဲ့စကားပါ။ ကြားဖူးကြရဲ့လားတော့ မသိဘူး။ သေတဲ့လူကို အတင်းပြန်လာခိုင်းနေတယ်။

နေရဲဇရပ်ပေါ် မတက်သေးဘဲ ငိုသံဆီကို လျှောက်သွားပြီး အနီးတစ်ကြည့်လိုက်တယ်။ အံ့မယ်. . .ဘယ်သူများလဲလို့ သူဌေးကြီး ဦးမှူတိုနဲ့ သူဌေးမကြီး ဒေါ်ရွှေမိတို့ပါလား၊ တုတ်သားပဲ. . .ပြီးခဲ့တဲ့ တစ်ပတ်တမှ သူတို့ရဲ့တစ်ဦးတည်းသော သားလေးဟာ ဆိုင်ကယ်မှောက်ပြီး သေသွားတာ။ သေတာတောင် နည်းသေး၊ မူးပြီး ပရမ်းပတာ မောင်းတာကိုး. . .။

"အမယ်လေး သားလေးရဲ့ အီး. . .အီး. . .တင့်. . .ရွှတ်"

"အမယ်လေး သားလေးရဲ့ အတင့်. . .အတင့်. . .အီး"

ဒေါ်ရွှေမိက အာပြဲကြီးနဲ့ အော်ငိုနေသလောက် ဦးရွှေတိုတ တိတ်တိတ်လေး ခိုးငိုနေတယ်။ ဖြော်. . .သူဌေးကြီးခင်ဗျာ၊ အသံထွက်ရင် ဆင်းရဲသွားမယ် ထင်ပ။

"ဘာဖြစ်တာလဲ. . .တင်"

နေရဲအသံကြောင့် ဒေါ်ရွှေမိက မျက်ရည်တန်းလန်းနဲ့ လှည့်ကြည့်တယ်။ ဦးရွှေတိုကတော့ မျက်ရည်မရှိတော့ ဒီအတိုင်းပဲ ကြည့်ပါတယ်။ နေရဲကို မြင်တော့ သူတို့လင်မယားနှစ်ယောက်စလုံး ဝမ်းနည်းသွားကြတယ်။ ဒီတစ်ခါ ဝမ်းနည်းခြင်းက စိတ်ပျက်တဲ့ ဝမ်းနည်းခြင်းပါ။ (ထူးဆန်းတယ်နော်) ဒေါ်ရွှေမိတာ အဲဒီ စိတ်ပျက်ဝမ်းနည်းတဲ့စိတ်နဲ့ပဲ ပြန်ဖြေပါတယ်။

"သားလေး သေလို့ ငိုနေတာပါကွယ်"

"လူသေရင် ငိုရသလား"

"တင်. . ."

ဒေါ်ရွှေမိ ဆွံ့အသွားချိန်မှာပဲ နေရဲက အသစ်စက်စက် အုတ်ဂူ မြူလေးကို ကြည့်လိုက်တယ်။ သေတဲ့လူက သေသွားပြီပဲ၊ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

တခမ်းတနား လုပ်နေတာလဲ။ ဒီအုတ်ဂူရဲ့ တန်ဖိုးကိုသာ တစ်နေရာမှာ လှူလိုက်ရင် သံသရာအဆက်ဆက် ခေါင်းမော့ရင်ကော့နေလို့ရတယ်။ အဲ... ဖြတ်အောင် လှူနိုင်ဖို့တော့ လိုတာပေါ့၊ နို့မို့ဆိုရင် လှူတာ အလကား ဖြစ်သွားလိမ့်မယ်။

"အန်တီ. . .လူသေလို့ ငိုရတယ်ဆိုရင် ကျွန်တော်လည်း ငိုချင်တယ်။ သေတဲ့လူကို ပြန်ခေါ်လို့ရမယ်ဆိုရင် ကျွန်တော်ခေါ်ချင်တယ်။ ခွင့်ပြုပါနော်"

နေရဲခွင့်တောင်းပြီး စတင်ငိုလိုက်တယ်။

"အမယ်လေး. . .အဘိုးအဖေရဲ့ ဘကြီးရေ၊ ကျွန်တော်တို့ဆီ ပြန်လာပါလား၊ အီး. . .အီး. . .တင့်. . .ရှုတ်"

"အမယ်လေး. .အဘိုးအဖေရဲ့ အဘွားကြီးရေ၊ ကျွန်တော် တို့ဆီ ပြန်လာပါလား၊ အီး. . .အီး. . .တင့်. . .ရှုတ်"

"အမယ်လေး အဘိုးအဖေရဲ့ ယောက္ခမကြီးတို့ရေ၊ ကျွန်တော် တို့ဆီ ပြန်လာပါလား အီး. . .ဟီး. . .တင့်. . .ရှုတ်"

"အမယ်လေး. . .အဘိုးအဖေရဲ့. . ."

"တော့ကောင်. . .ပါးစပ်ပိတ်ထားစမ်း"

"အင်. . ."

ဦးရွှေကို သတိပြန်ဝင်လာပြီ၊ ဒေါသနဲ့ ဟားမြစ်လိုက်တော့ နေရဲ ငိုတာ တိခနဲရပ်သွားတယ်။ နေရဲက ငိုတယ်သာပြောတာ၊ လုပ်ငိုကြီးဆိုတော့ မျက်ရည်က ဘယ်ကျမလဲ၊ အဲဒီနေရာမှ ဦးရွှေကိုသာ မဟားမြစ်ရင် နေရဲလို လူမျိုးက တစ်ဆွေလုံး၊ တစ်မျိုးလုံးကို တစ်နေရာထဲမှာ ငိုပြီး ပြန်ခေါ် လိမ့်မယ်။ ခုတောင် နေရဲက မကျတဲ့မျက်ရည်ကို သုတ်ပြီး မရှိတဲ့နှပ်ကို ရှုံ့နေတယ်။ အမှတ်တမဲ့ကြည့်ရင် ဦးရွှေကိုတို့ လင်မယားကို ပြောင်ပြ နေသလိုပဲ။


www.burmeseclassic.com

www.burmeseclassic.com


"ငါတို့ကို လာနှောင့်ယှက်တာလား နေရဲ"

"မဟုတ်ပါဘူး. . .ဦးလေးရယ်၊ ခုမှလူသေရင် ငိုပြီး ပြန်ခေါ် ဆိုရတယ်ဆိုတာ သိတာပါ၊ အဲကြောင့် တစ်မျိုးလုံး စပ်မိစပ်ရာတွေကို ငိုပြီး ပြန်ခေါ်နေတာ"

"သေတာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော့်အဘိုးတောင် လူမဖြစ်သေးဘူး"

"တာ. . .ကွာ"

ဦးရွှေကို နရင်းဖြတ်ရိုက်ခံရသလို ထူပူသွားပြီး. . .

"မင်းထွက်သွားစမ်း. . .နေရဲ၊ ငါတို့ရှေ့ကနေ ခုချက်ချင်း ခင်းထွက်သွား"

"ကျွန်တော် လူသေကို ငိုပြီး ပြန်ခေါ်နေတာ"

"မင်း. . .တော်တော် အပြောရခက်ပါလား၊ တောက်. . .ငါ ထုပ်လိုက်ရ"

ဦးရွှေကို တန်လုပ်ပြီး လက်ရွယ်လိုက်တော့ တကယ်လုပ်မယ်ထင်တဲ့ ဒေါ်ရွှေမိက ကြားထဲတဝင်ရပ်ပြီး ချော့မော့လိုက်ပါတယ်။

"အစ်ကို. . .စိတ်ထိန်းပါ၊ ဒီလိုကောင်မျိုးနဲ့ ပြဿနာ မဖြစ် စေ်းပါနဲ့၊ သိက္ခာကျပါတယ်"

"အေး. . .ချစ်လေးပြောတာ ဟုတ်တယ်။ ဒီလိုကောင်မျိုး ကြောင့်တော့ သိက္ခာအကျမခံနိုင်ဘူး၊ လာ. . .သွားမယ်"

ဦးရွှေကို အမြင်မှန်ရသွားဟန်နဲ့ ဒေါ်ရွှေမိလက်ကိုဆွဲတာ သချိုင်း ထဲမှထွက်သွားတယ်။ ထိုအခါကျမှ နေရဲလည်း ဇရပ်ဘက်ကို လျှောက် လာရင်း တိုးတိုးလေး ပြောလိုက်တယ်။

"ဩော်. . .လူတွေ၊ လူတွေ ကိုယ့်ကိုကိုယ်ပဲ ပြည့်တတ် ကြတား၊ လောကရဲ့ အမှန်တရားကို ဘာကြောင့်မေ့ထားကြလဲ၊ သံသရာ

www.burmeseclassic.com

အတွက် ရင်လေးလိုက်တာနော်”

“ဘယ်လိုလဲ ကောင်လေး။ လူတွေရဲ့စွဲနေတဲ့ အယူအဆကို တွေ့ပြီ မဟုတ်လား”

“တာ. . .”

နေရဲလည်း သူ့စကားအဆုံးမှာ ရယ်မောလိုက်ရ ထွက်ပေါ်လာတဲ့ အသံကြောင့် လန့်ဖျန့်သွားတယ်။ သူတို့တွေဟာ ရယ်မောတယ်။ ရယ်မောကြလို ဘယ်လိုလုပ်ကြားသလဲ၊ ပြီးတော့ ဒီလိုနေရာမျိုးမှာ အူထက်ပိုင်းသူ နေထိုင် နေတဲ့အတွက် အနည်းငယ် စိတ်ပျက်မိတယ်။ သူဟာ အသေအချာ တစ်စက်ချင်းသူမဟုတ်လား။ အတိတ်ရဲ့ အကြောင်းရပ်များနေရာတာ ဒီနေ့ထဲ ရှိတာ။

“ခင်များ ဘယ်သူလဲ”

“ငါ့ကို မေးတာလား”

“ဟုတ်တယ်”

“အဲဒီ သေချာနားထောင်၊ ငါဟာ လူတွေရဲ့ မျက်ခုံးမွေးပေါ်မှာ ထမ်းလျှောက်တဲ့လူ၊ အဲဒီပေမယ့် လူလိမ်တော့ မဟုတ်ဘူး”

ဒီလိုလူမျိုးရှိလား၊ နေရဲ စိတ်ဝင်စားသွားမိပြီး ရယ်မောပေါ် တစ်ချက်ကြည့်လိုက်တယ်။ အပေါ်ရောက်တော့ အံ့ဩမှုနဲ့အတူ အာမေဋိတ်သံ ထွက်ပေါ်မိပါတယ်။

“တာ. . .သူတောင်းစားကြီးပါလား”

နေရဲရဲ့ အံ့ဩမှုနဲ့အတူ ထွက်ပေါ်လာတဲ့ အာမေဋိတ်သံကို သူတောင်းစားကြီးက ကြားသွားတယ်။ အဲဒီကြောင့် အသံကျယ်ကြီးနဲ့. . .

“လူတွေရဲ့ စိတ်ဓာတ်က အဲဒီလိုပဲ ဘယ်လောက် နိမ့်ကျတဲ့ လူဖြစ်ပါစေ၊ ကိုယ့်ထက်နိမ့်ကျတဲ့ လူတွေရှိ အကောင်းဆုံးသွားပြောတာပဲ၊ ဒီမှာကောင်လေး ငါ့ကို သူတောင်းစားဆိုပြီး မခေါ်စိတ်ထဲမှာ အထင်သေး

www.burmeseclassic.com



သွားပြီ မဟုတ်လား၊ မှတ်ထား. . .ကောင်လေး၊ သူတောင်းစားဆိုတဲ့ လူတစုညီး လူထဲက လူတစ်ယောက်ပါပဲ၊ အတိတ်ကံ မကောင်းခဲ့လို့ ခုဘဝရောက်နေတာ၊ ခုဘဝမှာ ကောင်းတဲ့လူကလည်း နောင်ဘဝကောင်းမှာ မဟုတ်ဘူး။ ထပ်ပြီး မှတ်ထားစမ်းပါ ကောင်လေး၊ သူတောင်းစားတွေဟာ လောကအမြင်နဲ့ မြင်မှတ်ခြင်းယမောဘကို တခြားလူတွေထက်ပိုပြီး နားလည်တယ်။ ပြီးတော့ စိတ်မှန်တဲ့ သူတောင်းစားတွေဟာ လူကို ဒုက္ခမပေးတတ်ဘူး၊ တကယ်တော့ သူတောင်းစားတွေရဲ့ စိတ်ဓာတ်က အရမ်းလေးစားဖို့ ကောင်းတယ်။ တန်ဆောင်နေတဲ့ ဝေဒနာကြီးမှာ သူတောင်းစားတွေဟာ မရှိတာကို လိုချင်တဲ့ ချမ်းသာရဲ့တယ်။ တောင်းရတာနဲ့ တင်းတိမ်ရောင့်ရဲနိုင်တယ်။ အပို၊ ပိုလျှံ၊ လောဘ၊ မောဟ မရှိဘူး၊ ဒါကြောင့် သူတောင်းစားတွေကို အကုသိုလ်နည်းပါးတဲ့လူလို့ သတ်မှတ်နိုင်တယ်။

"ဦးလေးကို မေးခွန်းတော်တစ်ခုမေးချင်တယ်"

"ခလောက်. . ခလောက်"

သူတောင်းစားကြီးက ချက်ချင်းပဲ ဘေးမှာချထားတဲ့ခွက်ကို ကောက်တော. . .

"ဒီတော လမ်းလယ်လေးထဲက စာအရုပ်ဖက်ခဲ့တယ်၊ ဒါကြောင့် ဗီဇတွေက အရှေ့နှံ၊ [illegible] မြန်ထိမ့်မယ်လို့ ထင်ခဲ့တယ်။ ဘယ်သူမှ နားကို သူတောင်းစားကြီးမြန်ထိမ့်မယ်လို့ မထင်ကြဘူး။ ဒါပေမယ့် ငါတော တကယ်ဖဲ သူတောင်းစားကြီးဖြစ်ခဲ့တယ်။ တစ်ခုတော့ ကောင်းတာပေါ့၊ သူတောင်းစားတော ရလာတဲ့အတွေ့အကြုံကို ပြန်ပြီးမျှဝေရအဲ့ ရတယ်။ ဒီတော့ လူတစ်ယောက်ရဲ့ ဘဝနဲ့ရင်းပြီး အိမ်ရဲ့အကျိုးကို ရှာဖွေနေတော့ မေးခွန်းတစ်ခု ငါရသွားရသော ကြိုက်နိုး ကြားပေါက်ရတဲ့ အဖြေတော်ပါ"

"အင်း. . ဦးလေးက ဖော်ကော်ရောက်တယ်။ ကျွန်တော်က ညာခင်ဆဲ့ အဖြေကိုပြုစေမှ ကျွန်တော်မေးခွန်းက ဟာထဲ တော့တက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

ထည့်ငြီး ကောင်းတဲ့အလုပ်လောက်လွယ်မှာ မဟုတ်ဘူး"

"ဪ. . ဒီလိုလား၊ ဒါဆို မေးစမ်းကွာ"

သူတောင်းစားကြီးက ခွက်ကိုဘေးပြန်ချလိုက်သဖြင့် နေရဲပြုံးကာ-

"လူတိုင်းဟာ. . .အရာအားလုံးကို မျှော်လင့်ချက်နဲ့ ရှင်သ ခွင့်ရှိတယ် ဦးလေး၊ ဒါပေမယ့် အရာအာယုံးတာ မျှော်လင့်တဲ့အတိုင်း ဖြ မလာဘဲ သေဆုံးကြရတယ်။ အဲဒါ မှန်သလား ဦးလေး"

"ဒီမှာ ကောင်လေး၊ မျှော်လင့်ချက်နဲ့ အသက်ရှင်တာဟ လမ်းမရှိတဲ့ လူတစ်ယောက် လမ်းပျောက်နေတာထက် ပိုပြီး အဓိပ္ပါ ရှိတယ် မဟုတ်လား၊ ဒါဆို ခုအချိန်ထိ သန်းကြွယ်သူဌေးဖြစ်ဖို့ မျှော်လ နေတုန်းပဲ၊ မရယ်နဲ့နော်။ အဲဒါကြောင့် တောင်းလို့ရတဲ့ ပိုက်ဆံထဲက တစ် တို သုံးပုံတစ်ပုံစုပြီး လစဉ်ထီထိုးတယ်။ ကံတရားဆိုတာ မမြင်နိုင်တဲ့အရာ အခုလူတွေ စားနေရတာ၊ ဝတ်နေရတာ၊ သုံးနေရတာတွေဟာ ဘဝတောင်း ပစ္စည်းဥစ္စာပဲ"

"အင်း. . .အရိပ်ဆိုတာ အကောင်မဟုတ်ဘူး ဦးလေ မျှော်လင့်ချက်ဆိုတာကလည်း မလုပ်ဆောင်တဲ့ လူတွေအတွက် အဓိပ္ပါယ်မဲ့ စကားပါ။ အခု ဦးလေးက မျှော်လင့်တယ်။ တကယ်လည်း လုပ်ဆောင်တ အချို့အရာတွေက လွယ်လွယ်လေးပါ၊ ဒါပေမယ့် ခက်တယ်။ လူတွေ စိတ်ကလည်း လွယ်ရင်တန်ဖိုးမထားကြဘူး၊ ဥပမာ လူတစ်ယောက်ဆို သူဟာ ထမင်းငတ်နေတဲ့အချိန်မှာ ထမင်းတစ်လုပ်ကို တမ်းတတတ်ပေ ထမင်းဝတဲ့အချိန်မှာ တစ်လုပ်စာ ထမင်းကို သွန်ပစ်ဖို့ ဝန်လေးမှာ မဟု ဘူး၊ ဦးလေးလည်း အဲဒီ အတိုင်းပဲ၊ ထီပေါက်လို့ ချမ်းသာသွ သူတောင်းစားဖြစ်ခဲ့ပါလားဆိုတဲ့ အတွေးမျိုးပေါ်လာမှာကို စိုးရိမ် မယ်"

"ဒါကတော့ ကောင်လေးရယ်၊ လူဆိုတာ ပုထုဇဉ်မဟုတ်


www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပုဟုဇဉ်ပိဗိ ကိုယ်ရောက်နေတဲ့ ဘဝကနေ အောက်ကိုငုံ့ကြည့်လို့ ဘယ်ဖြစ်မလဲ၊ ခါးသီးတဲ့ အတွေ့အကြုံတွေကို အမြင်အာရုံနဲ့တောင် ခံစားချင်တဲ့ သဘောပေါ့"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်လိုက်တယ်။ သူတောင်းစားကြီး မျက်လုံးတွေဟာ ပြုံးကနဲ၊ မျက်တနဲ သင်းလက်နေသလို၊ နေ့ရဲ့မျက်လုံးတွေကလည်း စူးရှတောက်ပ နေတယ်။ ထိုအချိန်မှာ လေပြင်းတစ်ချက်တိုက်ခိုက်လိုက်သဖြင့် သစ်ပင်လေးတွေ ယိမ်းထိုးသွားကြတယ်။

"ကျွန်တော့်နာမည် နေရဲပါ၊ ဒဿနပညာရှင်ကြီး ဆော့ခရတ္တိတ ကောင်းမြတ်သော အရာဆိုသည်မှာ အသိဉာဏ်ဖြစ်သည်။ ထိုအသိဉာဏ်ကို အတတ်တကုတ်ရှာဖွေ၍ ဘဝကို စူးစမ်းသုံးသပ်နေမှသာလျှင် အသက်ရှင် နေထိုင်သော ဘဝဖြစ်သည်လို့ ဆိုထားတယ်"

"ကောင်လေး. . .မင်းက စာဖတ်အားကောင်းသလို မှတ်လည်း မှတ်နိုင်ပါတယ်။ ဒါပေမယ့် လူ့ဘဝဆိုတာ တတ်နေ မှတ်နေယုံနဲ့ မပြီးဘူးကွ။ အတယ်လုပ်ဆောင်မှသာလျှင် ဘဝရဲ့ကောင်းကျိုးချမ်းသာကို ရမှာ၊ ဒဿနာပညာရှင်ကြီး ပလေတိုပြောတဲ့စကားက အရမ်းလေးနက်တယ်။ ဤ မျက်မှောက်လောကကြီးသည် အမြဲပြောင်းလဲနေသော လောကကြီးဖြစ်၍ ကောင်းမြတ်သော လောကမဟုတ်၊ စစ်မှန်သော လောကမဟုတ်၊ မာယာ အယောင်ဆောင် လောကကြီးဖြစ်သည်။ ဤလောကနဲ့ မတူသော အစစ်အမှန် လောက ရှိသေးတယ်တဲ့၊ ကဲ...အဲဒီ ဘယ်မှာလဲ"

အရာအားလုံးဟာ တခဏအတွင်းမှာပဲ တိတ်ဆိတ်သွားတယ်။ ဒါပေမဲ့ ခွန်းရဲ့ အဖြေကတော့ မစဉ်းစားဘဲ နေရဲသိနေပါတယ်။ ဒါပေမယ့် ချက်ချင်းတော့ ပြန်မဖြေပေ။

ဘာကြောင့်လည်းဆိုတော့ သူတောင်းစားကြီးရဲ့မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com

ရွှင်အောင်တစ်ချိုးကြောင့် အရောင်တွေ ဖြာထွက်နေလို့ပါ။

"ကျွန်တော် သွားတော့မယ် ဦးလေး"

"ထုဆန်းလှချည်လား ကောင်လေး။ မင်းက ဒီကို အကြောင်းတိစ္စတစ်ခုနဲ့လာပြီးတော့ အကြောင်းမရှိသလိုနဲ့ ပြန်တော့မယ်ပေါ့"

"ဦးလေးကို ကျွန်တော် အားနာလို့ပါ။ နောက်တစ်ခါ ဦးလေးမရှိတဲ့အချိန်မှာဘဲ အေးအေးဆေးဆေး စလာဖတ်တော့မယ်"

"ဒီဆိုလည်း သဘောပဲ ကောင်လေး"

နေရဲ့ ရေပ်ပေါ်ကနေ ညင်သာစွာ ပြန်ဆင်းလာခဲ့တယ်။ စိတ်ထဲမှာ သူတောင်းစားကြီး မေးခွန်းရဲ့အဖြေတာ နိဗ္ဗာန်ပဲဆိုတာ ကျိန်းသေ ယုံကြည်မိပါတယ်။

❤❤❤❤❤


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဒေါက်. . .ဒေါက်. . .ဒေါက်"

"ဘယ်သူလဲ ဟင်"

"မေမေပါ သမီး၊ အပြင်မှာ မောင်နိုင်ကျော် ရောက်နေတယ်"

မိခင်အသံကြောင့် ယုမွန်မြင့် စိတ်ညစ်သွားသည်။ တကယ်ပါ ဒီအတိုင်းဆို ဘယ်သူ့ကိုမှ မတွေ့ချင်သလို အာအာသံမှလည်း မကြားချင်ဘူး။ ဒါပေမယ့် တစ်ခါတစ်ရံ ကိုယ်မကြိုက်စေချင်တဲ့ ကိစ္စရပ်တွေ အမည် နာမတပ်ပြီး ရောက်လာတတ်တယ်။ ဒီလိုအခါမျိုးဆိုရင် သူမရဲ့ သည်းခံစိတ်တွေ အလိုလို လျော့ပါးလာရော၊ ခုလည်း မကျေနပ်တဲ့စိတ်ကို အတတ်နိုင်ဆုံး မျိုသိပ်ပြီး တံခါးဖွင့်ပေးလိုက်ရပေမယ့် မျက်နှာပေါ်မှာ အရိပ်အငွေ့ကတော့ ကျန်နေသဲ ဆိုတာ မမြင်ရဘဲ ခန့်မှန်းမိပါတယ်။

"မောင်နိုင်ကျော်က လက်ဆောင်ပစ္စည်းပေးချင်လို့ လာတာ သမီးရဲ့"

"မယူချင်ပါဘူး မေမေရယ်"

"အံမယ်. . .အခု မောင်နိုင်ကျော်ပေးမယ့် လက်ဆောင်တာ ခန့်ဖိုးကြီးတယ်၊ အင်း. . .သမီးနဲ့လည်း လိုက်မှာပါ"



www.burmeseclassic.com

 www.burmeseclassic.com

နီစတားကြောင့် ဘာလက်ဆောင်ဆိုတာ တိတိကျကျ မေမေ သိထားပုံရနေတယ်။ သူမကတော့ ဘယ်လောက်ပဲ တန်ဖိုးကြီးတဲ့ ပစ္စည်းဖြစ်ပါစေ လုံးဝစိတ်မဝင်စားပေ။ နိုင်ကျော်နဲ့ ပတ်သက်ပြီး ပေးတိုင်းယူ တွေ့တိုင်းစားတဲ့ မိန်းမတစ်ယောက် မဖြစ်ချင်ပါ။ ကိုယ့်ကို စိတ်ဝင်စားလို့ အခေါက်ခေါက်၊ အခါခါ အကြောင်းအမျိုးမျိုးပြပြီး လာနေမှန်း သိနေရဲ့သားနဲ့ မရှောင်ဖယ်ရင် သူမလွန်ရာ ကျပေလိမ့်မည်။

"ခုတစ်လော ရပ်ကွက်ထဲမှာ နေရဲ သောင်းကျန်းနေတယ် သမီး"

"တင်...ဘုတ်ကား..ဘယ်လိုသောင်းကျန်းတာလဲ မေမေ"

"ဦးရွှေတို့နဲ့ ဒေါ်ရွှေမိတို့ လင်မယား သူတို့သား ဆုတ်ဂူရှေ့မှာ ငိုတာတို့ ထူးသောရင် ငိုရသလားလို့မေးပြီး သူပါရောငိုတာတယ့်"

"တင်း..."

သူမ မသိမသာ သက်ပြင်းလေးချလိုက်မိတယ်။ နေရဲရယ်၊ နင်ဘယ်လို အတွေးနဲ့လျှောက်လုပ်နေတာလဲ၊ ဒီတာ နင့်ကို တည်ကြည်တဲ့ ယောက်ျားတစ်ယောက်အဖြစ် မြင်တွေ့ချင်တာကို မသိရှာသလား။

"ဒီတလေး တော်တော်မလွယ်ဘူး။ သူ့မိဘတွေများ အေးလိုက်တာ ရေခဲတုံးကျနေတာပဲ၊ သူ့အဖေ ဦးနေထွန်းဆိုဘာ သေသာသွားတယ်။ ဘယ်သူနဲ့မှ ရန်မဖြစ်ခဲ့ဘူး"

"တော်ပါတော့ မေမေရယ်"

သူမဟာ နေရဲနဲ့ပတ်သက်ပြီး မြစ်တင်ဝေဖန်ခြင်းဆိုတာကို မကြား ချင်ပါ။ ဒါပေမယ့် နေရဲကိုယ်တိုင် မဟုတ်တာ လုပ်နေတော့၊ မကြားချင်ဘဲ ကြားနေရတယ်။

"တဲ့..သမီး မကြားချင်လည်း မေမေ မပြောတော့ဘူး။ သွားတော့ မောင်နိုင်ကျော် စောင့်ရတာ ကြာရော့မယ်"



www.burmeseclassic.com

www.burmeseclassic.com


သူမ အားအင်ချို့တဲ့,တဲ့ လူတစ်ယောက်လို ညည့်ခန်းဆီကို လျှောက်သွားခဲ့တယ်။ သူမဆီလာတဲ့လူဟာ နိုင်ကျော်မဟုတ်ဘဲ နေရဲဆိုရင်တောင် ဒီလောက်စိတ်ပျက်မိမှာ မဟုတ်ပေ၊ ညည့်ခန်းရောက်တော့ ဖေဖေနဲ့ နိုင်ကျော်တို့ အာပေါင်၊ အာရင်း သန်သန်နဲ့ စကားပြောနေကြတာ တွေ့ရတယ်။ သူမကိုမြင်ပေတော့ စကားဝိုင်းလေးတာ ပြတ်တောက်သွားတယ်။

သူမက အရယ်အပြုံးကင်းမဲ့စွာနဲ့ ဖေဖေဘေးမှာ ဝင်ထိုင်လိုက်တယ်။ ဒါကို နိုင်ကျော်က ရက်လို့ထင်တယ်။ အဆီပြန်နေတဲ့ မျက်နှာကို သတ်ဝါးနဲ့ ပွတ်သပ်နေတယ်။ ပြောတော့ ပွဲရုံပိုင်ရှင်တဲ့ တစ်သျှူးတောင် ဆောင်နိုင်ဘူး။

"သမီး"

"ရှင်. . .ဖေဖေ"

"သမီးကို မောင်နိုင်ကျော်က လက်ဆောင်ပစ္စည်း ပေးချင်လို့ ဆောင့်နေတာ"

သူမကြိုညီပြီးသားအကြောင်းအရာမို့ အထွေအထူး မအံ့ဩမိပေ။ ဖေဖေမျက်နှာကို ဆတ်ခနဲကြည့်လိုက်တော့ ဗိတ်လိုင်းတွေ ရိုက်ခတ်နေတာ တွေ့ရတယ်။ ဘာကြောင့်များ ဒီလောက် ဖေဖေ ဝမ်းသာနေတာလဲ။

"ယုလေး"

သူမအကြည့်က နိုင်ကျော်ဆီ ရွေ့လျားလိုက်တယ်။

"ကိုယ်က ယုလေးကို လက်ဆောင်ပေးချင်လို့ အော်တာမှာပြီး အထူးစပါယ်ရှယ်လုပ်ခိုင်းထားတာ ဒီမှာ မလှဘူးလား၊ ကြည့်"

"တင်. . ."

နိုင်ကျော်လက်ထဲမှာ တွဲလောင်းကျနေတဲ့ ရွှေဆွဲကြိုးလေးကို မြင်လိုက်ရသဖြင့် သူမခန္ဓာကိုယ်လေး မသိမသာ တုန်ရီသွားတယ်။ နေရောင်ကြောင့် ရွှေရောင်တာ တလက်လက် ထနေပါတယ်။ သူမ စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

အလေးချိန် တစ်ကျပ်သားလောက်တော့ ရှိမယ်ထင်တယ်။

"အဲဒါပဲကြည့် . . .သမီးရေ၊ မောင်နိုင်ကျော်က သမီးကို လက်ဆောင်ပေးချင်လို့ အထူးအော်ဒါနဲ့ လုပ်ခိုင်းတာ၊ ဖေဖေ တစ်သက် မောင်နိုင်ကျော်လို စေတနာကောင်းတဲ့လူမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်"

"တာ. . .အန်တယ်တာလဲ"

သူမမျက်စိထဲ သဘောခွေ့သွားတဲ့ နိုင်ကျော်ရဲ့မျက်နှာကြီးက ကျက်သရေ ကင်းမဲ့နေတယ်။ ဖြစ်နိုင်မယ်ဆိုရင် အဲဒီမျက်နှာကြီးကို ဒီနေရာမှာပဲ ဆွဲစုတ်ပစ်လိုက်ချင်ပါတယ်။

"ရော့. . .ယူလေ။ ကိုယ့်ရဲ့ အမှတ်တရ လက်ဆောင်"

"ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းကို ကျွန်မ မယူချင်ဘူး ကိုနိုင်ကျော်"

"တာ. . ."

နိုင်ကျော့်မျက်နှာ တွက်ခနဲ ပျက်သွားတယ်။ အဖြစ်အပျက်က မယုံနိုင်စရာပါ။ ရွှေဆွဲကြိုးလေးသာ လက်ဆောင်ပေးရင် ယုမွန်မြင့်ဆိုတဲ့ မိန်းကလေးဟာ တအံ့တသြဖြစ်ကာ ပျော်ရွှင်ပြီး သူ့မှာသူ ဖြစ်လာလိမ့်မယ်လို့ ထင်ထားတာ၊ ခုတော့ ထင်တာတွေ မှားပြီ၊ တွက်တာတွေ လွဲမှန်။ လက်တွေ့ကျမှ သိလိုက်ရတယ်။ ဒါပေမယ့် အလျှော့မပေးချင်သေးပေ၊ မိန်းမဆိုတာ မှတတ်ကြတာ မဟုတ်လား။ ရွှေဆိုတာ လူတိုင်းရဲ့ သည်းခြေကြိုက်လေး အလကားပေးလို့မှ မယူ၊ အဲဒါလူမဟုတ်လို့ဘဲ။

"ဘာဖြစ်လို့လဲ ယုလေး၊ ရော့. . .ယူပါ ကိုယ်က စေတနာ သန့်သန့်နဲ့ ပေးတာပါ"

"ကျွန်မ မယူချင်လို့ပါ ကိုနိုင်ကျော်၊ အဲဒီအတွက် နားလည်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"တင်း"

www.burmeseclassic.com

www.burmeseclassic.com 

နိုင်ကျော်ရဲ့ စိတ်ဓာတ်တွေ ယိုင်နဲ့ပျက်စီးသွားတယ်။ အဆိပ်ရှိတော့တဲ့ မြွေတစ်ကောင်ရဲ့ အားငယ်ခြင်းမျိုးလည်း မျက်နှာမှာ ပေါ်နေတယ်။ အားကိုးတကြီးနဲ့ ဦးသန်းစိုးကိုကြည့်လိုက်တော့ ဆွဲကြိုးလေးကို ကြည့်တာ တွေးနေတာကို တွေ့လိုက်ရတယ်။ ဟုတ်ပါတယ်။ ဦးသန်းစိုး တွေးနေပါတယ်။ အလင်္ကာရတဲ့ ဆွဲကြိုးကိုလက်မခံတဲ့ သမီးဖြစ်သူရဲ့ စိတ်ပြောင်းလဲသွားအောင်လုပ်ဖို့ အကြံထုတ်နေတာပါ။ ဒီလို အခွင့်အရေးမျိုး ဆိုတာ ရဖို့လွယ်မတဲ့လား။ ဘယ်လိုဖြစ်ဖြစ် ကိုယ့်ရှေ့ရောက်လာမှတော့ အောင်ယူရတော့မှာပေါ့။ လက်လွှတ်ခံလိုက်ရင် သူတို့လောက် မိုက်မဲတဲ့လူ ကမ္ဘာမှာရှိမယ် မထင်တော့၊ ဒါကြောင့် အကြံတူ၊ အကျင့်တူ ဇနီးကို လှမ်းခေါ်လိုက်တယ်။

"မေကြီးရေ. . .မေကြီး"

"ဘာလဲ. . .ဖေကြီးရဲ့"

"အမြန်လာပါဦးတဲ့"

"လာပြီ. . .လာပြီ"

ချက်ချင်းပဲ ဒေါ်ညိုမိ အထိတ်တလန့်ပုံစံနဲ့ အနားရောက်လာပြီး–

"ဖေကြီး. . .ဘာဖြစ်လို့လဲ၊ ကျွန်မစိတ်ပူလို့ အမြန်ပြောစမ်းပါ"

"အင်း. . .ပြောရရင်တော့ စိတ်မကောင်းစရာဘဲ မေကြီးရေ၊ မင်းရဲ့သမီးက မောင်နိုင်ကျော်ပေးတဲ့ လက်ဆောင်ကို မယူဘူးလို့ ငြင်းနေတယ်"

"အမလေးတော်"

ဒေါ်ညိုမိ ရင်ဘတ်ကိုလက်ဝါးနဲ့ဖိကာ အော်လိုက်မိတယ်။ ဒီသမီးကတော့ ခက်ပါတယ်။ ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်းကို ငြင်းရတယ်လို့၊ မဖြစ်ဘူး မဖြစ်ဘူး။ ဒီပစ္စည်းကို ဘယ်လိုမှလက်လွှတ်ခံလို့ မဖြစ်ဘူး။ တော်ကြာ လက်ဆောင်ပေးတဲ့လူ စိတ်ပြောင်းသွားမှ ခက်ရော့မယ်။



www.burmeseclassic.com

www.burmeseclassic.com


"သမီးရယ်. . .ဘာဖြစ်လို့များ မောင်နိုင်ကျော်ရဲ့ စေတနာကို ငြင်းပယ်ရတာလဲကွယ်၊ တစ်ဇက်သားကို အားနာဖို့ ကောင်းပါတယ်"

"အို. . .သမီးမှ မယူချင်တာဘဲ"

"မယူချင်လည်း ယူရမယ်သမီး၊ လက်ဆောင်ပေးတာ မငြင်းကောင်းဘူး၊ ငြင်းရင် ငရဲကြီးတတ်တယ်"

"တင်. . .ဘာမှလည်း မဆိုင်ဘူး"

သူမစိတ်ထဲတနေ မေမေ့စကားကို ဝေဖန်လိုက်ချိန်မှာ နိုင်ကျော်စကားသံ ပေါ်ထွက်လာပြန်တယ်။

"ယူပါ. . .ယုလေးရယ်၊ ကိုယ့်ရဲ့စကားကို အသိအမှတ် မပြုချင်ရင်နေပါ။ ကိုယ်ပေးတဲ့ လက်ဆောင်ကိုတော့ မငြင်းပါနဲ့နော်"

"ဒီမသာကြီးကလည်း တစ်မျိုး"

"သမီးယူလိုက်ပါ၊ မိဘစကားကို နားမထောင်တဲ့ သားသမီးတာ မြေမျိုတတ်တယ် သိလား"

"လာပြန်ပြီ တစ်ယောက်"

ခုမှ သူမလည်း ထောင်ချောက်ထဲ ကျူးသွင်းခံရတဲ့ သားကောင်လို ဖြစ်သွားတယ်။ ဒီပြဿနာက ဒီဆွဲကြိုးကို မယူမချင်း ပြီးမှာမဟုတ်ပေ။

"ပေး. . .ပေး. . .ယူတော့ ယူမယ်၊ ဒါပေမယ့် ဒီဆွဲကြိုးကို တွန်းမ မဆွဲဘူးနော်"

"ရ. . .ရပါတယ်၊ ယုလေး လက်ခံတယ်ဆိုရင်ပဲ ကိုယ်ကျေနပ်ပါတယ်"

နိုင်ကျော်တဆင့်လျှော့ပြီး ဝမ်းသာတာ ဆွဲကြိုးလေးကို သူမ လက်ထဲထည့်ပေးလိုက်တယ်။

"အဲဒါပဲ. . .ကြည့်၊ မောင်နိုင်ကျော်ရေ၊ သမီးက တစ်ယောက် ထဲဆိုတော့ နည်းနည်းဆိုးချင်တယ်"


www.burmeseclassic.com

"ကျွန်တော် သည်းခံနိုင်ပါတယ် အန်တီ"

"အဟင်း . .သမီးက ဆိုးပေမယ့် မိဘစကားကို နားထောင်ပါတယ်"

"ဒါကြောင့် အန်ကယ်နဲ့အန်တီကို အားကိုးတာပေါ့"

"ဟေး . .ဟေး . .ဟေး၊ ဒါပေါ့ကွာ"

"ကင်း . .ဟင်း . .ဟင်း . .ဒီလိုပဲ ဖြစ်ရမယ်လေ"

သူမက သဘောကျစွာ ရယ်မောနေတဲ့ မိဘနှစ်ပါးကိုကြည့်တာ တ်ပျက်သွားပြီး နေရာမှ ဆတ်ခနဲ ထထွက်လာခဲ့တယ်။

နောက်ကျောမှာတော့ တဟီးဟီး၊ တဟားဟားနဲ့ ရယ်သံတွေတ ည်ခန်းမှာ ပြန့်နေပါတယ်။

ထိုရယ်မောသံတွေကြောင့် ဒီဆွဲကြိုးကို အမြန်ဆုံး ရောင်းပစ်ရန် ဆုံးဖြတ်ချက် ချလိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# မင်းပုည

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"မင်းကိုငါ အကူအညီတောင်းစရာ ရှိတယ်နေရဲ"

နေရဲ ဂစ်တာတီးနေရာမှ ချစ်ဦးက အိမ်ထဲဝင်လာပြီး ဆောင့်ကြီး၊ ာင့်ကြီးနဲ့ ပြောလိုက်တယ်။

"မင်း. . .ဘာဖြစ်လာပြန်ပြီလဲ ချစ်ဦး"

ဒီစကားကို နေရဲမေးသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလို သံ၊ ဒီလိုအမူအယာနဲ့တွေ့တိုင်း ချစ်ဦးမှာ မကျေနပ်တာတစ်ခုခု နေတတ်တယ်။

"ဦးလှမောင်ပေါ့ကွ"

"အင်း. . .ဘာဖြစ်လို့လဲ"

"အဲဒီလူကြီး တော်တော်ကြီးကျယ်တယ်. . .နေရဲ၊ မနေ့က န်သွားဝယ်ရင်း တစ်ပွင့်အပိုတောင်းမိပါတယ်၊ ပိုးဆိုးပက်စက် ပြော တ်တာ ရစရာကို မရှိဘူး၊ ငါကွာ ပြန်ပြောချင်တာ ပါးစပ်ကို ယားနေတာပဲ၊ ယ်တ မှားသွားတော့ ပြုံးပြီး ပြန်လာခဲ့ရတယ်။ တစ်ရပ်ကွက်လုံးမှာ သူ့ တစ်ခင်းပဲရှိတော့ မာန်တတ်နေမှာပေါ့၊ အဲဒါ မင်း ပညာကောင်းကောင်း ပေးစမ်းပါ"

www.burmeseclassic.com



နေရဲ သဘောကျစွာနဲ့ ပြုံးလိုက်တယ်။ ချစ်ဦးဆိုတာ သူ့ရဲ့ သူငယ်ချင်းတွေထဲက အခင်ဆုံး သူငယ်ချင်းတစ်ယောက်ပါ။ အခက်အခဲနဲ့ စိတ်ထဲမကျေနပ်တာရှိတိုင်း သူ့ဆီလာပြီး အကူအညီတောင်းလေ့ရှိသူ။

"ဦးလှမောင်က တော်တော်စိတ်တိုတယ်ကွ၊ သူ့ပန်းခင်းနဲ့ ပတ်သက်လာရင် တစ်စက်မှ အထိခံတာမဟုတ်ဘူး၊ မင်းမို့လို့ တစ်ပွင့် အပိုသွားတောင်းတယ်"

"မင်းပြောလည်း ခံရမှာပဲ နေရဲ၊ ငါက တစ်ရပ်ကွက်သား ဆိုတော့ ရမလားလို့ တောင်းမိတာပေါ့"

"ဒါဆို ကံဆိုးသူ ချစ်ဦးပေါ့"

"အေး. . .အဲဒါကြောင့် ငါမကျေနပ်တာ"

"မေ့ထားလိုက်စမ်းပါကွာ"

ချစ်ဦးမျက်နှာ ဆူပုပ်သွားတယ်။ စိတ်ထဲမှာ နေရဲကို သိပ် မကျေ နပ်ချင်၊ ဒီကိစ္စကို နေရဲ မကူညီလည်း သူကတော့ ကလဲ့စားချေရမှာပဲ။

"မင်း တကယ်မကူညီဘူးလား နေရဲ"

"ဘာမှမဟုတ်တဲ့ ကိစ္စလေးကိုကွာ"

"ကြော်. . .ခံရတဲ့ ငါ့အက်ကိုလည်း စဉ်းစားကြည့်ဦးလေ"

"ငါ မကူညီရင် မင်းဘာဆက်လုပ်မှာလဲ"

"ပွနဲ့ ချောင်းပစ်မယ်"

"တ. . ."

နေရဲ ပါးစပ်အဟောင်းသားလေး ဖြစ်သွားပြီး...

"မင်း တကယ်ပစ်မှာလား"

"တကယ်ပစ်မှာ"

"တဲပါကွာ. . .ပွနဲ့တော့ ချောင်းမပစ်ပါနဲ့၊ မင်းစိတ်ကျေနပ် အောင် ငါကူညီပေးမယ်။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုရှင်စင်ပေါ့"

ချစ်ချစ်အရိုးသကိုပဲ ချစ်ဦး ချော်မြှုံးသွားတယ်။ နေရဲ့သာ တူညီမလေး
ကိုယ် ဦးရာဇာဝင် စော်ရဲ့အသစ်တစ်ချိုးဆေးသာထွက်တော့မှာ ဘာကြောင့်လဲ
ဆိုတော့ ရေရဲ့အကြောင်းကို သူသိရလို့ပေါ့။


www.burmeseclassic.com

www.burmeseclassic.com

# ပန်းမျိုးစုံရောင်းသည်

ကြီးမားတဲ့ သစ်သားမျဉ်ပြားပေါ်မှာ ပန်းချီလက်ရေးနဲ့ ရေးထားတဲ စာကိုဖတ်ကြည့်ပြီး အကွက်တွေသွားသဖြင့်၊ နေရဲ ပြုံးလိုက်တာ ခြံထဲ ဝင်လိုက်ပါတယ်။ နေရဲကိုမြင်တော့ အိမ်ပေါက်ဝမှာ ဆေးပေါ့လိပ်ကြီးခဲနေတဲ့ ဦးလှမောင်တစ်ယောက် တီကိုဆားနဲ့ တို့လိုက်သလို တွန့်သွားတယ်။

"ပန်းဝယ်မလို့လား နေရဲ"

ဦးလှမောင်တ ခြံထဲဝင်လာလို့သာ မေးလိုက်ရတာ စိတ်ထဲမှာ စိုးရိမ်မှုနဲ့အတူ ယုံကြည်မှုတွေ တင်းမဲ့နေတယ်။

"ပန်းတွေ အစုံပွင့်ပြီလား ဦးလှမောင်"

"မင်း ပန်းမျိုးစုံရောင်းသည်လို့ ဆိုင်းပုဒ်ရေးထားတာ မတွေ့ဘူးလား။ အဲဒီ ပန်းတွေအစုံပွင့်လို့ပေါ့ကွ"

"ဆောရီး. . .ဆောရီး။ ကျွန်တော်မေးမိတာ မှားသွားတယ်"

ခုလိုနေရဲက ပြေပြေလည်လည်ပြောတော့ ဦးလှမောင် စိတ်လျော့ လိုက်တယ်။

"တဲ. . .ပြော. . .နေရဲ. . .ဘာပန်းယူမှာလဲ၊ ဘယ်နှစ်ပွင့်လဲ"

"ခွေးသေးပန်း ယူမယ်၊ ဦးလှမောင်. . .ငါးပွင့်ပေးပါ"

"ဘာ. . ."

"ဘယ်လောက်ကျသလဲ. . .တင်"

"တောက်. . .ခင်းထွက်သွားစမ်း"


www.burmeseclassic.com

www.burmeseclassic.com


"ဘာဖြစ်လို့လဲ ဦးလှမောင်၊ မပွင့်သေးဘူးလား"

"နေရဲ. . .မင်းတော်တော် ရိုင်းစိုင်းပါလား။ ဒီ ခွေးသေးပန်း ရောင်းတဲ့ခြံမတွေ့ဘူးကွ"

"ဟာ. . .ပန်းမျိုးစုံရောင်းမှတော့ ခွေးသေးပန်းလည်း ပါမှာပေါ့ မတွေ့ဘူးလား"

"ဟာ. . .ကွာ"

ဦးလှမောင်နှော်နှာကြီး နီရဲသွားပြီးတော့ ရှူးရှူးရှဲရှဲနဲ့ အင်္ဂလိပ်ခေတ်က [illegible]ခေါင်းတွဲကြီးလို နေရဲကို မီးနိုးတလူလူနဲ့ အဲ. . .မှားလို့၊ ဒေါသနိုးတွေ [illegible]နေတဲ့ မျက်လုံးကြီးဖြင့် ကြည့်လိုက်တယ်။ အဲဒီ နေရဲက လုံးဝမှုမထိတ်ဘူး အဲလေ. . .ဒီလောကမှာ နေရဲကြောက်တာဆိုလို့ သူ့အမေတစ်ယောက်ထဲ ရှိတာမဟုတ်လား။

"အဲဒါ ရှိတဲ့ ပန်းအမျိုးအမည်ပဲ ရေးလေ"

"မင်းတွက်သွားလို့ ပြောနေတယ်"

"အင်း. . . ဦးလှမောင်ဟာ လောကရဲ့အမြင်ကို သေချာ နားလည်ပါလား"

နေရဲခပ်တိုးတိုးလေး ပြောပြီး ထွက်လာခဲ့တယ်။ အဲဒီမှာ ဒေါသနဲ့ ကျန်ခဲ့သူက ဦးလှမောင်ပါ။ ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန်နေတယ်။ နောက်ဆုံးထွက်ပေါ်လာတဲ့ ကိုရွှေဒေါသကို မထိန်းနိုင်တော့သဖြင့် ခြံဝမှာ ချိတ်ဆွဲထားတဲ့ သစ်သားဆိုင်းဘုဒ်ကို တစစီဖြစ်အောင် ရိုက်ချိုး ပစ်လိုက်တယ်။ ထုတ်တယ်လေ. . .ဒီဆိုင်းဘုဒ်ကြောင့် အစော်ကားခံရတာ မဟုတ်လား။ သူကိုက မှားတာပါ။ ပန်းမျိုးစုံရောင်းသည်လို့ မရေးဘဲ ရှိတဲ့ ပန်းအမျိုးအမည်တွေကို စီတန်းပြီးရေးရင် နေရဲလာပြီး စော်ကားရဲမှာမဟုတ်ဘူး။

"ဟဲ့ကွာ. . .ဖြောင်း. . .ဟဲ့ကွာ. . .ဖြောင်း. . .ဟဲ့ကွာ. . .ဖြောင်း"

ဦးလှမောင် အကြိမ်ကြိမ်တကြီးနဲ့ ရိုက်ချိုးလိုက်သဖြင့် ခန့်ညားထည်ဝါတဲ့


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်းပုဒ်လေးခမျာ တစ်စီ တိုးရွဲ့သွားရှာတယ်။ ကြော်.. ရုတ္တ ရုတ္တ

မလိုတချိုး လိုတစ်ချိုးပါလာနေရှာ။

"ဦးလေး.. ဘာကြွစ်တာလဲ"

ထိုအချိန်မှာပဲ ချစ်ဦးက ရုတ်မှာရိုးဝေသေတဲ့မှုန်နဲ့ ရောက်လာ

ဆေးလိပ်သတြင်း ဦးလှမောင် ပေါ်လာရုတ်ဝန်ကြီးနဲ့ ဆိုကြိုက်တာ..

"တောင်.. ရေပဲဆိုတဲ့ကောင် ငြိမ်ဝင်လာပြီး ရှေ့ကသော

လာဝယ်လို့တွေ"

"တာ.. နီကောင် တော်တော်ဝေတ်တာပါလား ဦးလေး

ဒုတ်တုတ်သရေတွေနဲ့ ခေညာင်းနေတဲ့ လူကြီးလူကောင်းတို့များ ရောက်

ရှာယ်လို့"

"ဟေ့တွေ.. နီကောင်တွေ.."

ချော်ချင်းပဲ ဦးလှမောင် ပေါ်လာတွေ ပြောသွားပါတယ်။ တော

ချစ်ဦးက ပြောတ်ပြောတာတို့..

"ဦးလေး"

"ဟော.."

"ရောက်တစ်ခါ ရေပဲ စော်တာရှင် သည်းခံနိုင်ရှာ၊ ကောင်း

မိုက်ယမ်းချိုတယ်။ နီကောင့်ကို ကျွန်တော်လည်း ကြည့်လို့ရတာ မဟုတ်ဘူး"

"စိတ်ချစ်နေပါကွာ.. လူမောင် တစ်ကောင်ထဲ ရှိပါတယ်"

"ဟုတ်တယ်.. ဦးလေးကို စိတ်သဘောကောင်း တည်ကြည်

မြတ်သာတဲ့လူမျိုး ကျွန်တော် လုံးဝမတွေ့ဖူးဘူး"

"ဆိုရာတွေ.. ငဲ့သမေဘာ ငို့ကို မပျော်ခင် နံတောက် ဦးစံရှာ

စာတ်သမ်းတွေ တော်တယ်တွေ"

"ကြော်.. ဆိုကြောင်းတိုး"

"ဟေ့တွေ.."


www.burmeseclassic.com

www.burmeseclassic.com



"တာ. . .ခဏ ဦးလေး"

ချစ်ဦးအထိတ်တလန့် ပုံစံနဲ့လက်ကာပြပြီး နားစွင့်လိုတ်တယ်၊ ထိုအပြုအမူကြောင့် ဦးလှမောင် စိတ်ဝင်စားသွားပါတယ်။

"ဘာဖြစ်လို့လဲ ချစ်ဦး"

ချစ်ဦးအထိတ်တလန့် ပုံစံနဲ့လက်ကာပြပြီး နားစွင့်လိုတ်တယ်၊ ထိုအပြုအမူကြောင့် ဦးလှမောင် စိတ်ဝင်စားသွားပါတယ်။

"ဘာဖြစ်လို့လဲ"

"အိမ်. . .အိမ်ထဲမှာ ဘယ်သူရှိလဲ ဦးလေး"

"ပုခက်ထဲမှာ အငယ်ဆုံးသမီးလေးပဲ ရှိတယ်"

"တင်. . .ဒါဆို"

"ဘာ. . .ဘာလဲချစ်ဦး"

"ကျွန်တော် ဦးလေးအိမ်ထဲက ဒုန်းဆိုပြုတ်ကျတဲ့အသံ ကြားမိသလားလို့"

"တုတ်လား"

ဦးလှမောင် အပြေးတစ်ပိုင်းနဲ့ အိမ်ပေါ်တက်လာခဲ့တယ်။ ရောက်တော့ ပုခက်ထဲကြည့်လိုက်တဲ့အခါမှာ ခြောက်လသမီးလေးဟာ နှ မြိုက်မြိုက် အိပ်မောကျနေတယ်။

သူ သက်ပြင်းချလိုက်တယ်၊ ပြီးတော့ ချစ်ဦးနားကြားလွဲတာ တွေးကာ ပြန်ဆင်းလာခဲ့တယ်၊ မြေဝရောက်တဲ့အခါမှာ မျက်လုံး အဆမတန် ပြူးကျယ်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ စောစောတ ရိုက်ချိုးခဲ့တဲ့ ဆိုင်းပုဒ်အပိုင်းအစနဲ့အတူ ချစ်ဦးလည်း ပျောက်ဆုံး

"တောက်. . .ခွေးကောင်၊ ဒင်းလည်း ထိုသူ အတူတူပဲ"

●●●●●

www.burmeseclassic.com

ငွေမိုးယံစာပေမှ မကြာမီထွက်ရှိမည်

# ဓနုတ်ကိုကိုဇော်

## အချစ်နတ်သမီး

## နှင့်

## နလုံးသားလေးတင်ပွဲ

(အချစ်ဟာသ လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"နေရဲကတော့ ဦးလှမောင်ကို ပြဿနာရှာသွားပြန်ပြီ"

ဈေးကပြန်လာတဲ့ ဒေါ်ညိုမိက ရောက်ရောက်ခြင်း လက်ဆွဲခြင်းလေး ဘေးချတာ ပြောလိုက်တာကြောင့် စာအုပ်ဖတ်နေတဲ့ ယုမွန်မြင့် အလိုလို မျက်ခုံးလေး တွန့်မိသွားတယ်။

"ဘယ်လို ပြဿနာရှာတာလဲ မေမေ"

"ပန်း သွားဝယ်တာတဲ့"

"ဘုရားအိုး ထိုးချင်လို့ဖြစ်မှာပေါ့"

"မဟုတ်ဘူး . .သမီး။ နေရဲဝယ်တဲ့ပန်းက ခွေးသေးပန်းတဲ့၊ သိသက်သက် စော်ကားတာဆိုပြီး ဦးလှမောင်ရဲ့ မိန်းမက ဒေါသဖြစ်နေတယ်"

"တင်း. . .ဒုက္ခပါပဲ"

ယုမွန်မြင့်တစ်ယောက် နေရဲအတွက် စိုးရိမ်စိတ်ကလေး ဖြစ်ပေါ်လာတယ်။ ခက်လိုက်တာ နေရဲရယ်၊ နင်ဟာ ဘယ်လိုမှ ပြောလို့မရတဲ့ လူဆိုးလား. . .

"သမီး အပြင်သွားဦးမယ် မေမေ"

"မကြာစေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"တုတ်တဲ့"

ယုမွန်မြင့်က ဖတ်လက်စ စာအုပ်ကို စားပွဲပေါ်တင်ခဲ့ပြီး အပြင်ထွက်လာခဲ့ပါတယ်။ အမှန်ဆို သူမတော နေရဲကို လူကြီး၊ လူကောင်း ပုံစံမျိုးရှိစေချင်ပါတယ်။ ဒါပေမယ့် နေရဲ သူ့အကျင့်ကို မဖျောက်တော့ ခက်တယ်။ ဥပေက္ခာပြုမယ်ဆိုတော့လည်း ငယ်သူငယ်ချင်း သံယောဇဉ်ကြောင့် ဘယ်လိုမှ မဖြစ်နိုင်ပါ။ တကယ်စဉ်းစားကြည့်ရင် သူမဟာ နေရဲနဲ့ ပတ်သက်ပြီး ကံကောင်းတယ်လို့ ဆိုရမယ်။ နေရဲတာ ကျွန်တဲ့ လူတွေကိုသာ ထော်လော်ကန့်လန့် လုပ်ချင်လုပ်မယ်။ သူမကိုတော့ စိတ်ညစ်အောင် မလုပ်ပေ။ တစ်ခါတစ်လေ မခံချင်အောင် စတာ၊ နောက်တာက လွဲရင်ပေါ့။

ဒါကလဲ သူ့ကိုသွားပြီး ဆရာကြီးလုပ်မှ ပြန်'စ'တာ၊ ဒီအတိုင်းဆို လမ်းတွေ့ရင်တောင် ရှောင်သွားတတ်တယ်။

ယုမွန်မြင့်အတွေးနဲ့အတူ လမ်းလျှောက်လာရင်း နေရဲကို ဝေ့ဝိုက်ရှာလိုက်ဟယ်။ ဒီအချိန်ဆို နေရဲအိမ်မှာ မရှိတတ်တာ သူမ သိပါတယ်။ ဒါဆို ဘယ်မှာရှိမလဲ။

တော...တွေ့ပြီ။

နေရဲတစ်ယောက် လက်ဖက်ရည်ဆိုင်မှာ ချစ်ဦးနဲ့ထိုင်ပြီး ရယ်မောနေတယ်။ သူများကို စိတ်အနှောင့်အယှက်ပေးရမှ စားဝင် အိပ်ပျော်တဲ့ လူတွေဆိုတော့ လုပ်ခဲ့တဲ့ကိစ္စကို နွားတစ်ကောင်လို စားမြုံ့ပြန်ပြီး ရယ်မောနေတာ ဖြစ်မယ်။ သူမ ခပ်တည်တည်နဲ့ လက်ဖက်ရည်ဆိုင်ဝင်လိုက်တယ်။

ဒီနေရာမှာ သူမတော အခြားမိန်းကလေးတွေထက် သတ္တိပိုရှိတယ်လို့ ဆိုရမလားဘဲ၊ ဘာကြောင့်လဲဆိုတော့ အချို့မိန်းကလေးတွေဆိုရင် ချစ်သူယောက်ျားလေးနဲ့တောင် လက်ဖက်ရည်ဆိုင်မထိုင်ရဲကြဘူး။ သူများတွေမြင်ရင် သိက္ခာကျတယ်တဲ့၊ ပြော်. . .ခက်လိုက်တာနော်၊ အတွေးကိုတတစ်ဆွယ့်ကိုးရာစုကို ပြန်ရောက်နေတာ။

www.burmeseclassic.com



အဲ. . .ပန်းခြံ၊ ရုပ်ရှင်ရုံ တိတ်ဆိတ်တဲ့နေရာ၊ လူသူ ကင်းရှင်းတ
အိမ်မျိုးဆိုရင် ယောက်ျားလေးတွေအရင် သူတို့က သွားဖို့ ခေါ်တော့တာပဲ
ပထမ တစ်ခါနှစ်ခါတော့ ယောက်ျားလေးက ချော့မော့ပြီး အရင်စ ခေါ်ရတာ
ပေါ့၊ နောက်မှ သူတို့က သဘောကြပြီး ကြိုက်သွားတာ။

အင်း. . .ကြိုက်တာလည်း ပြောဦးလေ၊ အဲဒီနေရာမျိုးက တိတ်ဆိတ်
ငြိမ်သက်ပြီး လူသူကင်းရှင်းတာကို၊ ဒါမှလည်း ကံကောင်းတာ မတှတ်ထား
နိုင်မို့ဆိုရင် တစ်ရုံ၊ တစ်ယောက်ကမြင်လို့ မိဘတွေကိုပြန်ပြောရင် မြဲသနေ
တတ်နိုင်တယ်။

ဒါဆို နေရင်း၊ ထိုင်ရင်း၊ ချစ်သူနဲ့ ရင်ကွဲ ကွဲသွားရော၊ တွဲတဲ့
နေရာမှာတော့ ရင်ကွဲ၊ ကွဲတာ တော်တော်ဆိုးပါတယ်။ တက်ကော့ကြီး
ကြီးတော့ တစ်ခုခုလိုနေသလိုပဲ၊ အေးလေ မိန်းကလေးဆိုတော့ အသည်းနုပြီ
ခိုင်စိတ်ရှိကြတယ်။ သူတို့ရဲ့ ချစ်သူဘာလျှင် ထာဝရ လက်တွဲတော်ဖြစ်ချင်
ကြတာ၊ ပြီးတော့ ရှိသေးတယ်။

အဲဒီလို တိတ်ဆိတ်ငြိမ်သက်ပြီး လူသူကင်းရှင်းတဲ့ နေရာမျိုးကို
ခေါ်တွေ့ရတဲ့အကြောင်းကလည်း၊ တစ်ချိန်ချိန် ကိုယ့်အပေါ် မကောင်းတဲ့
စိတ်သဘောမတိုက်ဆိုင်တဲ့အခါ ချစ်သူရည်းစား မရှိတာကို အခြားလူတ
ဆိုနိုင်ဘူးလေ။ ဒါဆို ကိုယ်က ချစ်သူတစ်ခုလပ်လေး ဖြစ်နေရင်တောင်
ချတ်တစ်ယောက်ကို မျှော်မှန်းနိုင်တာပေါ့။

ယုမွန်မြင့် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာပြီး ထိုင်လိုက်တာကြောင့်
[illegible]ချစ်ဦး အံ့ဩသွားကြတယ်။ ဒါပေမယ့် တခဏလေးပါ၊ ချက်ချင်းပဲ
[illegible]ကို မမြင်ချင်ယောင်ဆောင်ပြီး နေရဲက ပြောလိုက်တယ်။

"ချစ်ဦး အချို့မိန်းကလေးတွေက အရပ်းခက်သယ်တွေး
[illegible] သူတို့ သူရဲကောင်းထင်ပြီး ယောက်ျားလေးတွေနဲ့တွဲပြီး နပန်းလုံး
[illegible]ကြတယ်။ ဒါပေမယ့် ဘယ်လိုပဲ သူရဲကောင်းထင်ထင်ပါ၊ ချတ်နှာ



www.burmeseclassic.com

www.burmeseclassic.com

သစ်ပြီးရင်တော့ အလှကြွင်တတ်ကြပါတယ်။ အဲဒီ မိန်းမတစ်ယောက်ရဲ့ ဓိစကိုးပြုတာပဲ”

အဲဒီနေရာမှာ ချစ်ဦးတာလည်း ဘယ်ညှံမလဲ၊ နေရဲ ပါးစပ်တပြီး ဘာစကားလုံးတွေ ထွက်ကျလာတာနဲ့ ဖော်လိုလိုက်ပြီးသား။

“မင်းပြောတာ မှန်တယ် နေရဲ၊ ငါ့အမေတောင် အသက်ငါးဆယ်ကျော်နေပြီ၊ အိပ်ယာထလို့ မျက်နှာသစ်ပြီးရင် အလှပြင်တော့တာပဲ”

“အဲဒါတွာ. . .အမေဆိုလို့ ပြောရဦးမယ်။ ငါ့မှာ အမေနှစ်ယောက်ရှိတယ်ကွ”

ချစ်ဦးက အလွန်အမင်း အံ့ဩတကြီးနဲ့...

“တင်. . .တုတ်လား။ ငါတာ ဦးနေထွန်း မိန်းမ ဒေါ်မိုးမြင့်ပဲ သိတယ်။ ကျန်တဲ့တစ်ယောက်က ဘယ်သူလဲ”

“မင်း တကယ် မသိဘူးလား”

“တင့်အင်း”

“အဲဒါလည်း မသိချင်ပါနဲ့တော့ကွာ၊ ငါရဲ့ ဒုတိယအမေကော ငယ်တော့ ရုတ်တတ်တယ်”

“လှရော. . .လှလား”

“ပတ်ပတ်စက်စက်ကို လှ”

“အဲဒီ မင်းအရမ်းချစ်မှာပေါ့”

“ခဏ. . .ငါ စဉ်းစားလိုက်ဦးမယ်”

နေရဲက စဉ်းစားသလိုနဲ့ မေးစေ့ကို လက်ဝါးနဲ့ပွတ်သပ်လိုက်တဲ့အခြင်းဆုံးမရိုးလာတဲ့ ယုန်မြင်း မြေတွေ့သလို တွန့်ခနဲ ဖြစ်သွားတယ်။ သူမ လုံးဝငြိမ်မနေနိုင်တော့ဘူး။ ဒီအတိုင်းဆို ပြာဦးက သူမဆီတည့်တည့်ရိုက်တော့မယ်။ ရိုက်မယ့်ရိုက်တော့ ပြာဦးတော့ အရိုက်မခံနိုင်ဘူး။

အဲကြောင့် ဒီစကားလမ်းကြောင်းကိုဖြတ်ဖို့ သူမကြိုးစားလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


"နေရဲ"

သူမ မကျေနပ်တဲ့ လေသံနဲ့ခေါ်လိုက်ပေမယ့် နေရဲ ဂရုမစိုက်သလို မေးစေ့ကို ပွတ်သပ်နေတုန်းပဲ။

"နေရဲ"

"နေရဲ"

"နေရဲ"

"တဲ့. . .မှတ်ပြီလား"

အဲဒီလို ဆက်တိုက်ခေါ်လိုက်တော့မှ နေရဲက ခုမှကြားတဲ့ ပုံစံနဲ့ ဆတ်ခနဲလှည့်ကြည့်တာ မကြားတကြားလေး ပြောလိုက်တယ်။

"ခြော်. . .အမေပါလား"

"ဘာ. . ."

"တိုတိုးအော်ပါ အမေရယ်၊ သားလန့်တတ်လို့ပါ၊ ကလူ. . . တလူ. . .တလူ"

"နေရဲ. . .ငါ ခေါ်သထွက်လာပြီနော်"

တုတ်ပါတယ်။ သူမတာ ခေါ်သထွက်လို့ အသားတွေတောင် တုန်နေတယ်။ အေးလေ. . .သူမတာ ခုမှ အသက်ငယ်ငယ်လေးနဲ့ အပျိုပဲရှိသေးတာ။ သားသမီး ဘယ်လိုချင်ဦးမလဲ၊ တော်ကြာ နို့ဆာတယ်လို့ ပြောမှ ခက်ရချေမယ်။

"အမေ. . .သား ဘာမှားလို့လဲတင်"

"တာ. . .နင်. . .ကဲတာ"

ယုပ္ပန်မြင့် ခေါ်သကို မထိန်းနိုင်တော့သဖြင့် ချစ်ဦးသောတ်မလို့ ဦးထားတဲ့ ရေခွေးနဲ့ နေရဲကို ပက်လိုက်ပါတယ်။ တော်သေးတာပေါ့ ရေနွေးက ဆိုင်ထဲက ငှဲ့ထားလို့ အေးနေတယ်။

"တာ. . .နင်ဘယ်လို လုပ်လိုက်တာလဲ၊ ဒီမှာစိုကုန်ပြီ"

"စို. . .စို ဘာဖြစ်လို့ ငါမကြိုက်တဲ့နာမည်ပေးလဲ"

www.burmeseclassic.com

"ခေါ်တောင်းလို့ပါ အမေရယ်"

"နင်. . တွေ့ခဲ့ယ်"

ယုမွန်မြင့် ပန်းကန်လုံးထဲ ရေနွေးအသစ် ထပ်ငှဲ့လိုက်တော့ နေရဲ မျက်လုံးပြူးသွားတယ်။

"တိတ်. . .အဲဒါနဲ့ မပတ်နဲ့နော် ပူတယ်"

"ပူ. . .ပူ"

"တာ. . .အမေက ပူတာရှိုးနေပေမယ့် သားကတော့ ကြောက် ကြောက်"

"ကဲ. . .တာ"

"အား. . .ပူတယ်. . .ပူတယ်"

ယုမွန်မြင့် စိတ်တိုတိုနဲ့ ပက်လိုက်တဲ့အချိန်မှာပဲ နေရာမှ ဝုန်းခနဲ ထပြေးထွက်သွားတယ်။ တော်သေးတာပေါ့၊ မဆိုလို့၊ လမ်းမရောက်တော့ ဦးခွေးရိုးမျက်နှာနဲ့ တင်ပါးလေးကို တုလားမတွေ့ ကနီးအတိုင်း ပါပြတယ်။

နေရဲလုပ်ရပ်က အရာရောက်ပါတယ်။ လမ်းသွားလမ်းလာတွေဆို ဆက်မသွားနိုင်ပေ။

နေရဲလည်း လူတော်တော်များများ ဝိုင်းကြည့်လာတော့မှ မင်းသား တစ်ယောက်အိုက်တင်နဲ့ လက်ပြပြီး နေရာမှ လှစ်ခနဲထွက်သွားတယ်။ ခုတော့ ချစ်ဦးတစ်ယောက်တည်း ကျန်ခဲ့ပြီ။ သူလည်း ရုတ်တရက်ဆိုတော့ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။ သူကသာ မသိတာ။

သူမကတော့ သိတဲ့အတွက် မြားဦးကို ချစ်ဦးဘက် လှည့်လိုက် တယ်။

"တဲ့. . .ချစ်ဦး"

ချစ်ဦးလည်း ယုမွန်မြင့်ခေါ်လိုက်ကာမှ သက်မဲ့ရုပ် အသက်ဝင်လာ သလို လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com 

"ဘာ. . .ဘာလဲ. . .ယုမွန်မြင့်"

"နှင်လည်း နေရဲနဲ့ အတူတူပဲ"

"မတူပါဘူးဟာ. . .ငါ့အိမ်မှာ ငါနေတာပါဆို"

"အဲဒါပြောတာ မဟုတ်ဘူး။ အကြံတူတာကို ပြောတာ"

ချစ်ဦး ပြေးပေါက် ချောင်းလိုက်ပါတယ်။ သူ့ကို နေရဲဟာ အတွယ်တာစ်နေရာကနေ စောင့်မှာ သိနေတယ်။ ဒီတော့. . .

"ယုမွန်မြင့်"

"ဘာလဲ"

"တို. . .နှင့်မှာ ဗိုက်ဆံပါလားတင်"

"ပါတယ်. . .ဘာလုပ်မလို့လဲ"

"တော်သေးတာပေါ့တာ ငါ့ဗိုက်ဆံ နေရဲဆီပါသွားလို့ ခုတွေ့ချက်ပြီ ထင်နေတာ. . .မဆီမေခလာ နုတ်သမီး ရောက်လာတာပဲ၊ အထဲစိတ်မဆိုးနဲ့နော် ငါက တင်စားတာ"

"အံမယ်. . .အမျိုးလား လုံးဝမရဘူး ချစ်ဦး၊ ကိုယ့်ပြဿနာကိုယ်ရှင်း"

"ငါ့ကို မသနားဘူးလားတင်"

"သနားရအောင် နင်က စန္ဒာလမို့လို့လား"

"လောလောဆယ် နင်ထင်ချင်သလို ထင်ပါလား၊ ဒါပေမယ့် [illegible]အလေးကိုတော့ ရှင်းပေးပါ"

"မရှင်းနိုင်ဘူး လုံးဝမရှင်းနိုင်ဘူး။ ဒါပဲ သွားမယ်"

"တာ. . .ယုမွန်မြင့်"

သူမ စိတ်တိုတိုနဲ့ ထွက်လာခဲ့ပါတယ်။ မှတ်သွားအောင် [illegible] [illegible] ဆောင်တာတယ်။ ဒါပေမယ့် ရေရှုံနဲ့တော့ တွေ့ချင်ပါသေးတယ်။ သူမ [illegible] စကားတွေ ကျန်သေးတယ်။ တွေ့ကြသေး[illegible] နေရဲရယ်။



www.burmeseclassic.com

www.burmeseclassic.com


နင်ပြေးချင်သလောက် ပြေးစမ်းပါ။

ယုမွန်မြင့် ထွက်သွားပြီး မကြာခင်မှာ နေရဲက ဆိုင်ဘေးပေါက် တနေ ပြန်ဝင်လာတယ်။

"သွားပြီလား ချစ်ဦး"

"အေး. . .သွားပြီကွ"

"ငါက မင်းထွက်လာမယ် ထင်တာ"

"ထွက်လာမလို့ကွ...အဲဒီ ယုမွန်မြင့်က နင်မသွားနဲ့ ငါသွားမယ် ဆိုပြီး ထွက်သွားတာ"

"ဒီတစ်ခါတော့ မင်းတော်သွားပြီ"

"ကျောပူပဲ ခံနိုင်တယ် နေရဲ"

နေရဲ သဘောကျစွာနဲ့ ပြုံးလိုက်ပြီး. . .

"အဲဒီ သူ့ရဲ့အကျင့်ကွ၊ ခုလည်း ငါတို့ သတင်းကြားလို့ ထွက်လာတာ ဖြစ်မယ်"

"အေးကွာ. . .အင်တာနက်ခေတ်လို့ မပြောရဘူး၊ သတင်း ပြန့်ပွားမှုကလည်း မြန်လိုက်တာ၊ ယုမွန်မြင့်ကလည်း ထစ်ခနဲဆို ရောက် လာတော့တာပဲ"

"ထားလိုက်ပါတော့ကွာ. . .သူလာရင် ငါတို့ ရှောင်ကြတာပေါ့"

"ခက်. . .ခက်. . .မရှောင်နိုင်ဘူးကွ၊ ဒါကြောင့် ဒီကောင်မလေး မြန်မြန် ယောက်ျားရစေချင်တယ်။ မထူးပါဘူးကွာ၊ နေရဲ မင်းယူလိုက်ပါလား"

"အမ်. . .ဘာဆိုင်လို့လဲ"

"မင်းတော့ မသိဘူး၊ ကိုနိုင်ကျော်ကတော့ ယုမွန်မြင့် အိမ်သွား တာ ချောင်းပေါက်တော့မယ်"

"ဒါကတော့ကွာ အပျိုရှိတဲ့အိမ် လူပျိုသွားတာ ထုံးဆန်းတာ မဟုတ်တာဘဲ"

www.burmeseclassic.com

www.burmeseclassic.com 

"ဒါဆို ယုမွန်မြင့်ကို မင်းရင်မခုန်ဘူးပေါ့"

"အတဲ. . .နည်းနည်း ခုန်သလိုပဲ"

"အဲဒါဆို ဘာမှမစဉ်းစားနဲ့တော့ အချိန်မရှိတော့ဘူး"

"မင်းပြောပုံက ငါတပဲ သေတော့မယ့်အတိုင်း"

"ငါက အတည်ပြောတာ"

"အေးပါ. . .အခြေအနေ ကြည့်လိုက်ပါဦးမယ်"

"ငါကတော့ မင်းနဲ့ပဲ ဖြစ်စေချင်တယ် နေရဲ"

"မင်းနှမ ကျနေတာပဲ"

"တဲ. . .တဲ. . .ဒါကတော့"

ချစ်ဦးမျက်နှာ ပြုံးဖြီးဖြီးကြီးဖြစ်သွားတယ်။ သူ့နှမသာဆိုရင် နေရဲ့ ဘယ်ပေးစားမလဲ၊ မတုတ်ဘူးလား။ ယုမွန်မြင့်မို့လို့ အတင်း ပေးစားနေတာ

"သွားကြမယ် ချစ်ဦး"

"တွေ့...ရင်းမယ်"

ထွက်လာပါပြီ။ ချစ်ဦးအိုးကြားထဲမှ ပိုက်ဆံအိတ်တစ်အိတ် ထိုးနောင် ပိုက်ဆံရှင်းပြီး သူတို့နှစ်ယောက် ပြန်လာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"တင်"

နေရဲတစ်ယောက် အိမ်ပြန်ရောက်တော့ အံ့ဩသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ စင်္ကြံပေါ်မှာ ကျေးရွာရှင်မလေးက သူငှားထားတဲ့ မော်ဒန်သဘောတရားစာအုပ်ကို ဇိမ်နဲ့ဖတ်နေတယ်။ ဒါကြောင့် နေရဲလည်း အံ့ဩပြီးတော့ စိတ်ပျက်စွာ သူမရှေ့ ဝင်ထိုင်လိုက်တယ်။

"ဪ. . .နေရဲ"

"နင် ဘယ်တုန်းက ရောက်နေတာလဲ"

"စောစောကပဲတာ၊ စာအုပ်က ဖတ်လို့ကောင်းလို့ ဖတ်နေတာ"

ဒီစကားဟာ လုံးဝအလွဲကြီးဆိုတာ နေရဲ သိနေပါတယ်။ ဒီဆို သူမမှာ အကြံအစည်တစ်ခုခု ရှိနေပြီ။

"ငါ့ကို နင်စောင့်နေတာ မဟုတ်လား"

နေရဲ ဒဲ့မေးလိုက်တော့ သူမမျက်နှာ ပထမရတဲ့ တင်းနစ်မယ် တစ်ယောက်လို ပြုံးသွားတယ်။ ဒီအပြုံးကြောင့် နေရဲစိတ်ထဲပိုပြီး၊ မယုံသင်္ကာဖြစ်သွားတယ်။ ထိုအချိန်မှာပဲ ဒေါ်မိုးမြင့်က မီးဖိုထဲကနေ ထွက်လာတယ်။ သားဖြစ်သူ နေရဲကိုမြင်တော့ ခပ်သွက်သွက်လျှောက်လာပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်တယ်။

"သား. . .နေရဲ"

"ဗျာ. . .မေမေ"


www.burmeseclassic.com

www.burmeseclassic.com



"သားကို မေမေ ပြောစရာရှိတယ်"

သူ မေမေ့မျက်နှာကို အလန့်တကြားကြည့်လိုက်မိတယ်။ ဒီကမ္ဘာလောကကြီးမှာ သူ့ကို ဆုံးမမယ့်လူဟာ မေမေတစ်ယောက်ထဲ ရှိတော့တာ။

သူ. . .ကြီးမားနက်ရှိုင်းလှတဲ့ မေမေ့မေတ္တာကြောင့် ငြိမ်သက်နေလိုက်ပါတယ်။ ဟုတ်ပါတယ် ဒီအသက်အရွယ်ထိ သူဘာအလုပ်မှ မလုပ်ရဘဲ အေးအေးဆေးဆေးနေနိုင်တာ မေမေရဲ့ မေတ္တာစွမ်းအားကြောင့်ပါ။ အခု မေမေ့မျက်နှာက အရမ်းကို တည်ကြည်လေးနက်နေတယ်။ ပြီးတော့ မိခင်တစ်ယောက်ရဲ့ မေတ္တာသာမက ဖခင်မေတ္တာကို ပေးနိုင်စွမ်းရှိတဲ့ မေမေရဲ့ မေတ္တာရိပ်က သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံထားတယ်။

"သား. . .အခု မေမေပြောမယ့်စကားကို သားအနေနဲ့ သေသေလေးနက်နက် နားထောင်စေချင်တယ်"

"ဟုတ်ကဲ့ပါ. . .မေမေ၊ သားဘဝမှာ ဖေဖေမရှိတော့တဲ့နောက်ပိုင်း မေမေဟာ သားရဲ့တစ်ခုတည်းသော အရိပ်စစ်ပါ။ သံသရာမှာ မိဘစကားကို နားထောင်တဲ့ သားတစ်ယောက်အဖြစ် သားကိုယ်သား ထုဆစ်ယူချင်ပါတယ်"

နေရဲ့စကားကြောင့် ဒေါ်မိုးမြင့်မျက်နှာမှာ ကျေနပ်တဲ့အရိပ်ရောင်များ ထွက်လာပါတယ်။ အင်းလေ. . .ဘယ်မိဘမဆိုပေါ့၊ လိမ္မာပြီး ပြောတဲ့ စကားကို နားထောင်တဲ့ သားသမီးကိုပဲ မြင်တွေ့ချင်ကြပါတယ်။

"သားဟာ အသိဉာဏ်ရှိတဲ့ လူတစ်ယောက်ပါ။ အမှားအမှန်ကို ခွဲခြားနိုင်ပါတယ်။ ကိုယ့်လုပ်ရပ်ကြောင့် ပတ်ဝန်းကျင် ထိခိုက် နစ်နာသွားရင် မကောင်းဘူး. . .သား၊ ကမ္ဘာမှာ တစ်ဖက်စွန်းရောက်နေတဲ့ အတွေးအခေါ်သမားတွေဟာ နေရာတစ်နေရာရဲ့ ထိပ်ဆုံးကို ရောက်တတ်ပေမယ့် အိမ်ထောင်တစ်စု၊ အသိုင်းအဝိုင်းတစ်ခုကိုတော့ ပျော်ရွှင်အောင်မထားနိုင်ကြဘူး။ သူတို့ဦးနှောက်ထဲမှာ သူတို့လုပ်ချင်တာပဲ သိတယ်။

www.burmeseclassic.com

အမြဲတမ်းပဲ သူတို့လုပ်မယ့်အရာကိုပဲ တွေးနေဟတ်တယ်။ လူတစ်ယောက်ဟာ အောင်မြင်တဲ့အချိန်မှာ ဘာပဲလုပ်လုပ် တင့်တယ်ပေမယ့် အောင်မြင်မှုတွေ ပျောက်ကွယ်သွားတဲ့အချိန်မှာ လုပ်ခဲ့တဲ့ အမှားတွေက ဘဝရဲ့ အစည်းစက်တွေ ဖြစ်လာရော၊ ဒါကြောင့် သားရဲ့ အတွေးအခေါ် အနေအထိုင် အပြောအဆိုတွေ အားလုံးကို ပြုပြင်စေချင်တယ်"

ဒေါ်မိုးမြင့်စကားကို အဆုံးသပ်လိုက်ပြီ၊ အသက်ကြီးပေမယ့် နုမြဲမြဲနေတွေဟာ မျက်နှာပေါ်မှာ အပြည့်ပဲ. . .

"တုတ်တဲ့ပါ မေမေ၊ နောက်ဆို သားဆင်ခြင်ပါ့မယ်"

"သာဓု. . .သာဓု. . .သာဓု"

"မေမေ့သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အစာရေစာ တင်းတေးပါစေ"

"ပေးတဲ့ဆုအတိုင်း ဖြစ်အောင် ကြိုးစားပါ့မယ်"

"တဲ. . .သားတို့ စကားပြောကြဦး၊ မေမေ တင်းချက်လိုက်ဦးမယ်"

ဒေါ်မိုးမြင့်တစ်ယောက် တည်ကြည်အေးချမ်းတဲ့ မျက်နှာနဲ့ ထထွက်သွားတော့မှ မခုတ်တတ်တဲ့ ကြောင်မလေးလို ငြိမ်ငြိမ်လေး ထိုင်နေတဲ့ ယုမွန်မြင့်ကို နေရဲကြည့်လိုက်တယ်။ ဒါ သူမ စနက်ဆိုတာ သိသွားပြီ

"ယုမွန်မြင့်"

"ဘာလဲ"

"အံမယ်. . .လေသံက တော်တော်မာပါလား"

"အရင်ထဲက ဒီအတိုင်းပဲ"

"အေးပါ. . .နင် ချွန်တွန်းလုပ်ထားတဲ့ လူဆိုတော့ မာထားပေါ့၊ မေမေကလည်း နင့်စကားဆို ဘာဖြစ်လို့ယုံတာလဲ. . .မသိဘူး"

"တင်. . .ကြည့်စမ်း၊ ကိုယ့်အမေတောင် စော်ကားနေပါလား ငါလှမ်းပြောလိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဆောရီး. . .ဆောရီး. . .ငါ စကားများသွားလို့"

"မဆိုးဘူး. . .လိမ္မာလာပြီ"

ယုမွန်မြင့် ပြုံးပြီးပြောပေမယ့် နေရဲရင်ထဲ တစ်ဆို့ဆို့ကြီး ဖြစ်သွားတယ်။ ဒီကောင်မလေး မလွယ်ဘူးဆိုတာ သူသိပါတယ်။ ဒါပေမယ့် ရှောင်လို့မှ မရတာ။ နေရာတကာ ကိုယ်နဲ့မပတ်သက်လည်း လာပြီး ပြဿနာလုပ်နေတာပဲ၊ တကယ်စဉ်းစားကြည့်ရင် သူမက သူ့ထက်ဆိုးပါတယ်။ ဒါပေမယ့် ဘတ်ဝန်းကျင်က သူ့ထက် သူမကိုပိုပြီး အကောင်းမြင်တာကတော့ ခံရခက်စရာပါ။

"နင်. . .မပြန်သေးဘူးလား. . .ယုမွန်မြင့်၊ ငါ ရေချိုးချင်နေပြီ"

"ဘာလဲ နင်က ငါ့ကိုပြန်နိုင်းတာလား"

"အေးလေ ပြန်ပေါ့"

"ဒါဆို ဒီစာအုပ်လေး ယူသွားမယ်နော်"

နေရဲ အမြန်ခေါင်းညိမ့် ပြလိုက်တယ်။ ဒီနေရာမှာ ဘာမပေးဘူး ညာမပေးဘူးပြောရင် စကားက ပေရှည်နေဦးမယ်။ သူက ရှည်တဲ့နေရာမှာ တေားတော့ မရှည်ချင်ပါ။ ကျန်တာတော့ ဘာရှည်ရှည်ပေါ့၊

"သွားပြီ. . .နေရဲ"

"ကြွ. . .ကြွ"

သူမက ပြုံးပြီး သမင်မလေးကိုတောင် လည်ပြန်မကြည့်ဘဲ ထွက်သွားတယ်။ ဒီတော့မှ နေရဲလည်း လွတ်လွတ်လပ်လပ် သက်ပြင်းချလိုက်မိပါတယ်။

တင်း. . .တော်တော်မလွယ်ပါလား ယုမွန်မြင့်ရယ်၊

ငါတော့ နင့်ကို ချစ်မိတော့မှာပဲ...

♥♥♥♥♥


www.burmeseclassic.com

www.burmeseclassic.com

စိန်မိုးယံစာပေမှ စင်တင်ကလောင်ရှင်

# နေခ

လိုင်းပုတ်လို့ပြိုတဲ့ကမ်း

(စတုတ္ထမြောက်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ဦးသန်းစိုး ညည်ခန်းမှာ သတင်းစာ ဖတ်နေပါတယ်။ အမှတ်တမဲ့ဆိုရင် အထင်ကြီးစရာပေါ့။ ဒါပေမယ့် သေသေချာချာတော့ သွားမကြည့်လိုက်နဲ့ အထင်ကြီးချင်မှာ မဟုတ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဦးသန်းစိုးက သတင်းစာဖတ်ရင် နာရေးသတင်းပဲ ဖတ်တယ်။ အံမယ် ဖတ်တာတောင် သူများလို အပေါ်ယံမဖတ်ဘဲ သေသေချာချာဖတ်တာ၊ အဲဒီလိုဖတ်ပြီးရင်လည်း ဝမ်းနည်းမယ်ထင်လား။ ဝေးသေး။ သူ အကြွေးပေးရမယ့်လူတွေ မသေလို့တောင် ဒေါသဖြစ်နေတာ၊ ဟုတ်ပါတယ်။ ယမမင်းကြီးကလည်း ကြွေးရှင်တွေကို ဘာဖြစ်လို့ မခေါ်သေးတာလဲ မသိဘူး။ သေစေချင်တဲ့ လူတောင် စိတ်တိုလာပြီ။

ဒေါ်ညိုမိက ဦးသန်းစိုးရှေ့ထိုင်ပြီး ဂန္ထဝင်ရသစာအုပ်ကို ဖတ်နေတယ်။ အဲဒီစာအုပ်က မြန်မာပြည်က စာရေးဆရာတွေ ရေးထားတဲ့ ဝတ္ထုဂရင်းနှစ်ဝင်ထားတဲ့ စာအုပ်ပါ။

ဘာသာစကား ၄၂ မျိုးနဲ့ ထုတ်ဝေပြီးပြီဆိုပဲ။ စာရေးဆရာတွေကိုလည်း ကြည်ဦးလေး၊ ဝင်းဖေ(သုံးဆယ်)၊ မင်းပုည၊ ကြင်[illegible] တဲ့ ပါရမီရှင်တွေ ရေးထားတာကို "ခိုနိုးမိုးမိ" စာပေဟာ [illegible] ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်တည်ဖြတ်ပြီး ထုတ်ဝေထားတာလေး ဒီလို ဆေးရုံချိန်မှာ ကျွှာခရင်း မဝင်ရင် ဘယ်စာအုပ်ဝင်မှာလဲ။

ထိုအချိန်မှာ ယုမွန်မြင့်တစ်ယောက် အလျှင်းကြီး ထွက်လာခဲ့တယ် သူမက မိဘတွေရှေ့ရောက်ပြီဆိုတာနဲ့ ချက်လုံးလေး ဆွဲဖိတ်ကြည့်ပြီး ထိုင်လိုက်တယ်။

"ဖြော်. . .သမီး လာ"

ဒေါ်ညိုမိက သမီးရောက်လာတော့ စာအုပ်ကိုပေါက်ကြီး စားပွဲပေါ် တင်လိုက်တယ်။ ဦးသန်းစိုးကလည်း သတင်းစာမှာ ခြေမြွှရင်တွေ ပါမလာ သဖြင့် စိတ်မာတ်ကျစွာ သက်ပြင်းချလိုက်တယ်။

"မေမေ. . .သမီးကို ပြောစရာရှိတယ်ဆို"

"တုတ်တယ်. . .သမီး"

"ဘာများပါလိမ့် မေမေ"

"သမီးအသက် နှစ်ဆယ့်သုံးနှစ်ပြည့်တော့မယ်နော်"

"တုတ်တယ်. . .မေမေ၊ လာမယ့် ဇူလိုင်မှာ ပြည့်ပြီ"

"သမီး. . .သတိထားမိလား"

"ဘာကိုလဲ မေမေ"

"ဒီနှစ်. . .သမီးရတ်ခွဲရှေ့ တိုက်တယ်ဆိုတာလေ"

"ဟင်. . .တုတ်လား၊ သမီး သတိမထားမိဘူး"

"အဲဆို သတိထားလိုက်တော့"

"တုတ်ကဲ့. . .မေမေ၊ သမီး သတိထားလိုက်ပါပြီ"

သမီးဖြစ်သူ သတိထားလိုက်မိပြီဆိုတော့ ဒေါ်ညိုမိက. . .

"ဒီနှစ်တော့ မေမေတို့က မှတ်မှတ်ရရလေး ဖြစ်သွားအောင် မွေးနေ့ပွဲလုပ်ပေးဖို့ စီစဉ်ထားတယ်"

"တကယ်လား. . .မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"တတောင်စေ့ . . သမီးရဲ့ ဆဲဒိကတိစွပ်ကို ဖေဖေကိုယ်တိုင် သမီးမေမေကို အရင်စပြောခဲ့တာ"

"ဝင်းသောလိုက်တာ ဖေဖေနဲ့မေမေရယ်၊ သမီးဘဝမှာ တစ်ခါမှ မွေးစနေ့ပွဲ မလုပ်ရဘူး"

မိဘရှစ်ပါးစလုံး သမီးဖြစ်သူရဲ့ ဝမ်းသာသွားဟန် မျက်နှာလေးကို ကြည့်တာ ကြည့်မဝသွားကြတယ်။

"တဲ့ . . ဒါဆို မိတ်ရမယ့်လူ စာရင်းကိုရေးပြီး ပုံနှိပ်စက်မှာ မိတ်စာရိုက်ဖို့ လုပ်တော့၊ မြန်မြန်နော် . . .ပိုက်ဆံပိုပေးရင် ပိုပေးရပါစေ"

"စိတ်ချပါ မေမေ၊ ဒီကိစ္စ သမီးတာဝန်ထားပါ"

"မောင်နိုင်ကျော် နာမည်လည်း မမေ့နဲ့"

"ပါရစေပါ့မယ်"

"ဒါဆို လုပ်စရာရှိတာ သွားလုပ်တော့၊ ရက်တနီးနေပြီ"

"ဟုတ်ကဲ့ မေမေ"

ယုမွန်မြင့်တစ်ယောက် လာတုန်းကအတိုင်း မတုတ်တော့ဘဲ၊ အပြေးလေး ပြန်ထွက်သွားတယ်။ ဒီတော့မှ . . .

ဦးသန်းစိုးနဲ့ ဒေါ်ညိုမိတို့လည်း ဟိုးတိုးလေး ပြိုင်တူရယ်မောလိုက်ကြတယ်။

သမီးတာ ကလေးလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com

"ယုလေး"

သူ့ရွှေးနေ့စိတ်တွေအစ်ပြီးလို့ ပုံနှိပ်စက်က အပြန်မှာ နိုင်ကျော်
ဆိုင်တယ်နဲ့ အနားရောက်လာသကြင့် ဗျက်နှာအလိုလို ရှုံ့မိသွားတယ်
အကြောင့်လည်းဆိုတော့ ဒီလောကမှာ သူမ မတွေ့ချင်ဆုံးသော လူက
နိုင်ကျော်ပဲ တွေ့တော်ပါလား။

"ဘာကိစ္စလဲ ကိုနိုင်ကျော်"

"တိုသ်. . .ယုလေးအိမ်ရောက်ပြီးပြီ၊ ပုံနှိပ်စက်မှာ ဇိတ်
သွားအောပ်တယ်ဆိုလို့ လိုက်လာတာ"

"ဘာအကြောင်းလဲ"

"ယုလေးကို တွေ့ချင်ယုံ သက်သက်ပါ"

သူမခြေလှမ်းကို တံခနဲရပ်ကာ နိုင်ကျော်ကို စူးရဲစွာ ကြည့်လိုက်
တယ်။ သူမရဲ့ အကြည့်ထဲမှာ ဒေါသငြီး၊ ရွံရှာစက်ဆုတ်ခြင်းတွေ ပြည့်
ပါသွားတယ်။

"ဒီမှာ ကိုနိုင်ကျော်၊ ရှင်နဲ့တွေ့မကြာအမှာ မတွေ့ရင် မနေနိုင်တဲ့
အဆင့်ထိ မရှိဘူးဆိုတာ မှတ်ထားပါ။ ဒါကြောင့် ဒီနေ့ကစ အပြန်
ချက်ချွားသင့်တယ်၊ မဟုတ်လို့ တစ်ရုံတစ်ယောက်က ဘာလိုလိုနဲ့
ထွက်မ အီရှာကျသွားလိမ့်မယ်"

"အေ. . .ဘယ်လိုပြောလိုက်တာလဲ ယုလေး"


www.burmeseclassic.com

www.burmeseclassic.com 

"ကြာတော့အတိုင်းပဲလေ၊ ကျွန်မက အကြာကြီးမတွေ့လို့ အိပ်မက်တင်မလား မလုပ်တတ်ဘူး။ ရှင်မကျေနပ်ရင် နောက်မပတ်သတ်နဲ့ပေါ့"

နိုင်ကျော့်မျက်နှာ စိတ်ပျက်ခြင်းကြောင့် အုံ့ဆိုင်းပြာတွေ့သွားတယ်။ ရိုးအုံ့နေတာတောင် ချေးစီးတွေ ပြန်လာတယ်။ ဒီလိုပါပဲ သူက ယုဇ္ဇနီးနဲ့ တွေ့တိုင်း အိုက်စပ်စပ် ဖြစ်သွားလေ့ရှိတယ်။ သူမက သူ့အပေါ်မှာ လုံးဝ အရေးမစိုက်မှန်းသိပေမယ့် အကြောက်အလန့်မရှိ ရူးရူးမိုက်မိုက်နဲ့ ပိုင်ဆိုင်ဖို့ ကြိုးစားနေတာ၊ ကြည့်. . .အချစ်ဆိုတဲ့အရာက အလွန်ကြောက်စရာ ကောင်းပါဘိ၊ ကမ္ဘာအဆက်ဆက် လူဖြစ်လာမယ့် လူတွေအတွက် စကားတစ်ခွန်းလေး ဘ်နှာခဲ့ချင်ပါတယ်။

အချစ်ဆိုတဲ့အရာကို မရှာဖွေ၊ မဇော်ထုတ်ကြပါနဲ့လို့. . .

"ယုလေး"

"ရှင့်ကို ကျွန်မ အပြတ်ပြောနေတယ်လေ"

"ခဏလေး သည်းခံပါ. . .ယုလေး၊ ကိုယ် ယုလေးဆီက သိချင်တာ သိပြီးရင် ပြန်မှာပါ"

သူမ စိတ်ရှုပ်စွာနဲ့ ကျွတ်တစ်ချက်သပ်လိုက်တယ်။ နိုင်ကျော်က ခိုင်းစွားတစ်ကောင်ရဲ့ ပေကပ်ကပ်နိုင်မှုမျိုး လုပ်နေတာ၊ ဘာ အကြောင်းဆို ဆိုများ ဒီလောက်အရေးတကြီး သိချင်နေတာလဲ။

သူမ ကျေနပ်ခြင်းတင်းမဲ့စွာနဲ့ မျက်စောင်းတစ်ချက်ထိုးကာ ခပ်ဆတ်ဆတ်လေး ပြန်မေးလိုက်တယ်။

"ရှင်. . .ဘာသိချင်တာလဲ ကိုနိုင်ကျော်"

"နေရဲ့ ကတိစွပါ။ ယုလေးနဲ့နေရဲ့ ဘယ်အတိုင်းအတာအထိ ပတ်သတ်နေသလဲဆိုတာ ကိုယ်သိချင်တယ်"

"တင်. . ."

နိုင်ကျော်ရဲ့ မထင်မှတ်တဲ့မေးခွန်းက သူမနှလုံးကို တုန်ခါသွားစေပါတော့

 www.burmeseclassic.com

ဒါတာ ဘာအဓိပ္ပါယ်နဲ့မေးတာလဲ၊ သူမနဲ့ နေရဲတို့ရဲ့ ရှိုးသာစွာ နှောင်ဖွဲ့ခြင်းတို့ ဘယ်လိုမြင်နေလို့လဲ၊ ရင်ထဲမှာ အပျော်တွေ ရုပ်ပြုံ ပျံ့သန်းသွားတယ်။

"ကိုယ် အရမ်းစိုးရိမ်နေလို့ပါ ယုလေး။ ကိုယ့်ရဲ့ မသိစိတ်ရဲ့ သိနေခြင်းတစ်ခုက နေရဲတာ အခြားလူနဲ့ လုံးဝမတူဘူးဆိုတာပဲ"

တုတ်ပါတယ်။ နိုင်ကျော်ဟာ နေရဲနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ စိုးရိမ်နေသလဲဆိုတာ ဗလောင်ဆူတဲ့ ရင်အစုံနဲ့ ပင့်သက်ရှိုက်တာ ပြောနေတဲ့ စကားသံတွေက သက်သေခံနေပါတယ်။

ပြီးတော့ မျက်နှာပေါ်မှာလည်း အနာဂါတ်ကို ပြောင်းပြန် စီးဆင်းမဲ့ အရိပ်အရောင်တွေ ဖြစ်နေတယ်။ အထူးသဖြင့် မျက်လုံးတွေက အသနားခံနေတယ်။ ဆောင်းထုထုကျနေတဲ့ နံနက်ခင်းမှာ အဆောင်းမပါတဲ့ လူတစ်ယောက်ရဲ့ စိုးစွတ်ခြင်းမျိုးလည်း တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေပါတယ်။

သူမ မျက်လုံးတွေက တဖျတ်ဖျတ်လတ်တာ တောက်ပနေပါတယ်။ မမျှော်လင့်တဲ့အချိန်၊ မမျှော်လင့်တဲ့အရာကို မျှော်လင့်ရဲ့စွာနဲ့ ရရှိလာတဲ့ ပျော်ရွှင်မှုမျိုးလည်း ရင်ထဲမှာ ဖြစ်ပေါ်နေတယ်။

"ရှင် ဘယ်လိုထင်သလဲ. . .ကိုနိုင်ကျော်၊ သေချာတာ တစ်ခုတော့ ရှင့်ရဲ့ ထင်မြင်မှုအပေါ်မှာ ကျွန်မ ဖြေရှင်းချက် မပေးနိုင်ဘူး"

"တာ. . ."

နိုင်ကျော် ထိတ်လန့်တုန်လှုပ်သွားတာကိုကြည့်ပြီး သူမ ကျေနပ်စွာ ပြုံးလိုက်တယ်။ ပီပြင်တဲ့အပြုံးကြောင့် ခံစားရသူ ရင်ထဲ ထိရှကြေကွဲသွားစေပါတယ်။

"ယုလေး. . .အရမ်းရက်စက်တယ်။ ဒါပေမယ့် ကိုယ်ဘယ်တော့မှ အရှုံးမပေးဘူးဆိုတာ မှတ်ထားပါ"

"အတင်း. . .သေချာရဲ့လား ကိုနိုင်ကျော်၊ ရှင့်ကိုယ်ရှင် ပြန်မေးကြည့်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာတာပေါ့. . .ယုလေး၊ ကိုယ်တာ ယုလေးကို ချစ်ခြင်းတွေကြောင့် အလိုလိုက်ခြင်းနဲ့အတူ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်"

"သိပ်တို ရယ်စရာကောင်းတဲ့စကားလိုပဲ ကိုနိုင်ကျော်၊ ကျွန်မကို ပိုင်ဆိုင်ခွင့်ရဖို့ဆိုတာ ရှင့်အတွက် မရေရာတဲ့ အိပ်မက်စ တစ်ခုလိုပဲနော်၊ အခု ကျွန်မရင်ထဲမှာ ဘာရှိလဲဆိုတာ ရှင်သိရဲ့လား။ ရှင်တာ အရမ်းကို အနားဖို့ကောင်းတာပဲ၊ ကိုယ့်ကို မချစ်တဲ့ မိန်းမတစ်ယောက်ကို အတင်း အတက်ထပ်ဖို့ ကြိုးစားတာတာ ရှုပ်ထွေးခြောက်တဲ့ လုပ်ရပ်တစ်ခုလို့ ရှင့်ကိုယ်ရှင် အင်နေသလား. . .ထင်"

နိုင်ကျော် မျက်နှာ နီရဲနေတယ်၊ သူမရဲ့ မှန်ကန်တဲ့ စကားလုံး တွေကိုလည်း ချေချက်ဖို့ အလွန်ခက်ခဲနေတယ်။ ဒါကြောင့် ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ လုပ်စရာရှိတာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

"ကိုယ်သွားမယ် ယုလေး"

"မြန်လေ ကောင်းလေပဲ"

နိုင်ကျော် ဆိုင်ကယ်ကို နေရာက ဝေါခနဲ မောင်းထွက်သွားတယ်။ ဆိုအပြုအမူကြောင့် သူမတာ ကလေးဆန်ဆန် လွှတ်လွှတ်လပ်လပ် ရယ်မော လိုက်ပါတယ်။ လောကမှာ ကိုယ်ကြည့်မရတဲ့ လူဘယ်ယောက်အပေါ်မှာ အနိုင်ယူရတဲ့ အရသာလောက် ဘယ်အရာကများ ချိုမြိန်မှာလဲ၊ နေရဲရေ၊ နင့်ကြောင့် ငါကြည့်မရတဲ့ လူတစ်ယောက်ကို အနိုင်ရလိုက်ပါပြီ။ နင်တာ လူတွေကို ခုတွဲပေးဖို့ မွေးဖွားလာတဲ့ လူဆိုးလေးပဲ။

မကြာခင်မှာ ကျရောက်တော့မယ့် ငါ့မွေးနေ့အတွက် ဒါတာ နင်ပေးတဲ့ အကြိုလက်ဆောင်လား...။

သေချာပါတယ်...နင့်ရဲ့လက်ဆောင်တိုင်းတာ ငါ့အတွက် အမှတ်တရ ရှိစေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

စိန်မိုးယံစာပေမှ မကြာမီထွက်ရှိမည့်

# ကိုရွှေတောသား

## နောက်တီးနောက်တောက်

(ကျေးလက်ဟာသလုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ရော့. . .ဒီ ငါ့ရဲ့ မွေးနေ့ဗိတ်စာ"

"ဘာ. . .ဒီနှင့်ရဲ့ မွေးနေ့ဗိတ်က. . .တုတ်လား"

"အေးလေ. . .ငါ့ရဲ့အသက်နှစ်ဆယ့်သုံးနှစ်ပြည့်တဲ့ မွေးနေ့ရက်နဲ့နေ့တိုက်လို့ လုပ်တာ၊ ဘာလဲ နှင်အံ့ဩသွားလို့လား"

နေရဲ မအံ့ဩဘဲ ရယ်ချင်မိတယ်။ ဒီအရူးမ ဘာစိတ်တူးနဲ့ မွေးနေ့ပွဲလုပ်တာပါလိမ့်၊ အချို့လူတွေဟာ အဲဒီလိုပဲ မတုတ်တဲ့ နေရာနဲ့ မအပ်စပ်တဲ့ အလုပ်ဆိုရင် အချိန်နဲ့ ပိုက်ဆံအကုန်အကျခံဖို့ ဝန်မလေးတတ်ဘူး။

"နှင့်. . .ဆက်ဆက်လာခဲ့ရမယ်နေရဲ"

"ငါ အာမ,မခံဘူး ယုမွန်မြင့်"

"ဟင်., . .နှင် မလာဘူးပေါ့"

"အေး. . .ပွင့်ပွင့်လင်းလင်းပြောရရင် အဓိပ္ပါယ်မရှိတဲ့ အလုပ်ကို အားမပေးချင်ဘူး၊ တကယ်တော့ နှင်တာ မွေးဖွားတာနဲ့ သေဆုံးတာကိုဆီဘဲနဲ့ ကြီးကြီးကျယ်ကျယ် လျှောက်လုပ်နေတာ"

"ဟင်. . ."

ချက်ချင်းဆိုသလိုပဲ ယုမွန်မြင့်မျက်လုံးတွေ ချာလပတ်ရမ်း



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ ဒီစကားတော့ သူမအတွက်တော့ တကယ့်ကို အုကြောင်ကြောင် ဖြစ်သွားပါတယ်။

“နေရဲ . . နင်ဘာတွေပြောနေတာလဲ၊ ငါ့ကို လာမကြပ်နဲ့နော်”

ဒီတစ်ခါတော့ နေရဲဆရာကြီးလုပ်ဖို့ အလှည့်ကျရောက်လာပါပြီ။

“ဒါဆို ငါပြောပြမယ် ယုမွန်မြင့်၊ နင့်ရဲ့လွဲနေတဲ့ အယူအဆ ပေါ့တာ၊ ဘယ်လောက်အထိ မှားယွင်းနေသလဲဆိုတာ သေသေချာချာ နားထောင်”

ယုမွန်မြင့် ဘာကိုမှနားမလည်တဲ့ မျက်ဝန်းနဲ့ နေရဲကို ဆတ်ခနဲ ကြည့်လိုက်တယ်။ တစ်ခါတစ်လေ နေရဲတာ အတည်ပေါက်နဲ့ နောက်တတ်မှန်း သူမသိပါတယ်။ ဒါကြောင့် နေရဲနဲ့ ပတ်သက်လာရင် ဘာတစ်ခုမှ အကြွင်းမဲ့ ယုံကြည်လို့ မရပေ။

“နေရဲ . . နင်မဟုတ်တာမပြောနဲ့နော်၊ မွေးနေ့လုပ်ရလို့ ပျော်နေတဲ့ ငါ့ရဲ့ဗီယင်လေးတွေ နင့်ကြောင့် မပျက်စီးစေနဲ့”

“စိတ်ချစမ်းပါ မယုံရင်နားထောင်ကြည့်လိုက်လေ”

“ဒါဆိုပြော . . မဟုတ်လို့ကတော့ တွေ့မယ်”

နေရဲ လျှို့ဝှက်စွာ ပြုံးလိုက်တယ်။ ထိုအပြုံးက ကြောက်စရာ ကောင်းလောက်အောင် တည်ငြိမ်အေးစက်နေတယ်။

“နင် ဘယ်နေ့မွေးတာလဲ ယုမွန်မြင့်”

“ဗုဒ္ဓဟူးနေ့”

“နင်သိလို့လား”

“ဘာကို ပြောတာလဲ”

“ဪ . . နင်မွေးလာတဲ့ ဗုဒ္ဓဟူးနေ့မှာ ကိုယ့်ကိုကိုယ် လူ့ဗလာကြီး ရောက်ပြီဆိုတာ သိလားလို့မေးတာ”

“နင်ရူးနေလား . . ဘယ်လိုလုပ် သိမှာလဲ၊ အဲဒီအချိန်မှာ ငါက


www.burmeseclassic.com

www.burmeseclassic.com


မွေးဂေါင်းစပဲ ရှိသေးတာ"

"တုတ်ပြီ. . .အဲဒါဆို မသိဘဲနဲ့ ဘာဖြစ်လို့ ဗုဒ္ဓတူးနေလို့ပြောတာလဲ"

"မိဘတွေ ပြောတာပေါ့တာ"

"နင့်မိဘတွေကလည်း သူတို့မွေးတဲ့အချိန်မှာ ကိုယ့်ကို ကိုယ် လူ့လောကရောက်ပြီဆိုတာ သိလို့လား"

"ဘယ်သိမလဲ"

"အဲဒါကြောင့် ပြောတာ၊ သတ္တဝါတိုင်းဟာ မွေးဖွားလာထဲက တစ်ချိန်ချိန်မှာ သေဆုံးကြရတယ်။ အဲဒါ ဘယ်လိုမှ မငြင်းနိုင်တဲ့ အမှန်တရားပဲ။ ဒါပေမယ့် မွေးဖွားတာ၊ သေဆုံးတာကို ကြုံခဲ့ရပေမယ့် ကိုယ်တိုင် မသိလိုက်ဘူး။ ပတ်ဝန်းကျင်မှာ လူတစ်ယောက် မွေးဖွားလာတယ်။ ကြွက်— ငါလည်း တစ်ချိန်က ဒီလိုမွေးဖွားလာတာပါလား၊ ပတ်ဝန်းကျင်မှာ လူတစ်ယောက်သေဆုံးတယ်။ ငါလည်း တစ်ချိန် ဒီလိုသေဆုံးမှာပါလားဆိုပြီး သူတစ်ပါးခံစားမှုကို အငှားယူပြီးမှ သိရတာ၊ အဲဒါကို ချဲ့ကားပြီး မွေးနေ့ သေနေ့ဆိုတာကို အရေးကြီးသလိုနဲ့ ကြီးကြီးကျယ်ကျယ် ကျွေးတက်လုပ် နေကြတယ်။ အခုနင့်ဆီတောင် ကူးစက်လာပြီ မဟုတ်လား"

နေရဲကို သူမ သေချာကြည့်လိုက်တယ်။ ကြားသား မိုးကြိုး ဒီတစ်ခါ ပြောတဲ့ စကားတွေက အရင်လို စ၊ နောက် နေတာမဟုတ်ဘဲ လေးနက်နေ တယ်။ အဲဒါကြောင့် အလိုလိုနေရင်း ထောက်ခံမိသွားပါတယ်။

"နေရဲ. . .နင်ပြောတာ ဟုတ်တယ်။ ဒါပေမယ့် ငါက မိတ်စာ ပေပြီးပြီဆိုတော့ နင်သဘောမကျလဲ လုပ်ရတော့မှာပဲ"

"ဒါ. . .ကာယကံရှင် သဘောပါ၊ ငါက ပြောသင့်တဲ့ လူမို့လို့ ပြောပြတာ"

"ငါ သွားတော့မယ် နေရဲ"

"ခရာ"



www.burmeseclassic.com

www.burmeseclassic.com



နေရဲ လက်တာပြုပြီး မီးဖိုထဲဝင်သွားတယ်။ ခဏကြာတော့ ပြန်ထွက်လာတယ်။ လက်ထဲမှာ ပလတ်စတစ် အကြည်စားလေးနဲ့ ပြုလုပ်ထားတဲ့ ဗူးခွံလေးတစ်ခု ပါလာတယ်။ အရွယ်အစားက အရှည် ခြောက်လက်မခန့်ရှိပြီး နှစ်လက်မ,ပတ်လည် အကျယ်အဝန်းနဲ့ ရှည်လမျောလေးပါ။

"ရော့. . .ဒီ နင့်အတွက် ငါ့ရဲ့ မွေးနေ့လက်ဆောင်"

"တွန်း. . .သိပ်ငွဲသွားဦးမယ်"

"ဘာရှိလဲဆိုတာ နင်ဖွင့်ကြည့်လိုက်လေ"

"မလိုပါဘူး. . .အပြင်က ကြည့်တာတောင် မြင်နေရတယ်"

"သေချာအောင် ဖွင့်ကြည့်လိုက်စမ်းပါ"

သူမလည်း နေရဲ အတင်းဖွင့်ကြည့်ခိုင်းသဖြင့် မဖွင့်ချင်ဖွင့်ချင်နဲ့ ဗူးအဖုံးလေးကိုလှည့်ကာ ဖွင့်ကြည့်လိုက်ပါတယ်။

"ဘာရှိလဲ"

"ဘာမှ မရှိဘူး"

"တုတ်လို့လားတာ"

သူမလည်း မယုံကြည်တဲ့လေသံကြောင့် စိတ်တိုတိုနဲ့ ဗူးခွံလေးကို ပြန်ပစ်ပေးကာ...

"အဲဒီမှာ ကိုယ့်ဘာသာ သေချာကြည့်"

နေရဲ့ ဗူးခွံလေးကို ဖမ်းယူပြီး စားပွဲပေါ်မှာ သေချာထောင်ကာ သူမအံ့ဩစေမယ့် စကားကို ပြောလိုက်တယ်။

"ငါက ကြည့်ပြီးပြီတ၊ ဘာရှိလဲဆိုတာလဲ သိတယ်"

"ဟင်. . .နေရဲ၊ နင်မရူးနဲ့နော်"

"ငါတကယ်ပြောတ၊ ဘာလဲ နင်က မယုံဘူးလား"

"ဒါဆို ဘာရှိလဲ ပြော"

"အထဲမှာ ဘာမှမရှိတာတွေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com


"တာ. . ."

သူမ လုံးဝအံ့ဩငြိမ်ကျသွားတယ်။

"မှတ်ထား . . ယုန်မြင်း၊ လူတွေရဲ့ ဦးနှောက်ဆိုတာ မွေးစွား တုန်းက ဖုန်ခွံလေးအတိုင်း ဘာမှမရှိတာဘဲ ရှိတယ်။ အရွယ်ရောက်တော့ ဘာမှမရှိဟဲ့ ဦးနှောက်ထဲကို အမျိုးအစားပေါင်းစုံ ရောမွှေခံလိုက်ရတယ်။ အခါမှာတော့ လူတွေရဲ့ နှလုံးသားဟာ အရောင်အမျိုးမျိုး ပြောင်းလာ ရော၊ ဖြူစင်ခြင်းအပေါ်မှာ အရောင်တွေ စွန်းထင်လာတဲ့ သဘောပေါ့တာ၊ ကြရင် ငါတို့တာ ဖုန်ချမှတ်ထားတဲ့ လမ်းစဉ်တွေနဲ့ စင်ကြယ်အောင် ပြီး သန့်စင်ပေးရတယ်။ မွေးကင်းစ ကလေးငယ်လိုဖြစ်အောင် ကြိုးစား ယ်၊ ဒီဖုန်ခွံလေးကို နှောင်ဖွဲ့မှုတွေ ကင်းစင်နေရမယ်။ အဲဒီလို ဖြစ်လာ ဆိုရင် ငါတို့တာ အနည်းဆုံးရင်းစားတော့ပြန်ရမှာပဲ"

နေရဲရဲ့စကားအဆုံးမှာ သူမမျက်နှာ ကြည်လင်ဝင်းပသွားတယ်။ တော ဖုန်ခွံလေးပေးပြီး ပြောတဲ့ နေရဲရဲ့ စကားလုံးများကို နှစ်ခြိုက် ဘာဘူမိပါတယ်။ အဲကြောင့် ဖုန်ခွံလေးကို ဆက်ခနဲ ပြန်ယူပြီး. . .

"ဒီတစ်ခါတော့ နင့်ကို တကယ်ကျေးဇူးတင်သွားပြီ နေရဲ၊ နင် ကိုတွေးပြီး လူလိုပြောတတ်သားပဲ၊ ငါသွားတော့မယ်"

နေရဲ အောင့်သက်သက်နဲ့ ခံလိုက်ရချိန်မှာ သူမက လန်းဆန်း တဲ့ ခြေလှမ်းနဲ့ အိမ်ထဲက ထွက်လာခဲ့တယ်။ ခြံပေါက်ဝရောက်တော့ ဆိုလာတဲ့ ချစ်ဦးနဲ့ တည့်တည့်တိုးသွားတယ်။

"အတော်ပဲ ချစ်ဦး။ ခုပဲ နင့်ဆီလာမလို့"

"ဘာကိစ္စရှိလို့လဲ"

"မွေးနေ့ဇိတ်စာ ပေးမလို့ဟာ"

"မွေးနေ့. . ဘယ်သူ့မွေးနေ့လဲ"

"ငါ့ မွေးနေ့လေ"

www.burmeseclassic.com


"အင်. . .ထူးထူးဆန်းဆန်းပါလား"

"မထူးဆန်းနဲ့. . .ရော့ ဇိတ်စာ၊ ဆက်ဆက်လာခဲ့"

ချစ်ဦး ဖိတ်စာလေးကိုလှမ်းယူပြီး သိချင်တာကို မေးလိုက်တယ်။

"နင်. . .နေရဲကို ဖိတ်စာပေးပြီးပြီလား"

"ပြီးပြီ. . .ဒီမှာတွေ့လား၊ ငါ့ကိုတောင် မွေးနေ့လက်ဆောင် ပြန်ပေးလိုက်သေးတယ်"

သူမက နေရဲပေးတဲ့ ဖူးခွံလေးကိုပြလိုက်တော့ ချစ်ဦး မျက်လုံး တစ်ရံ ပြူးကျယ်သွားတယ်။ ဒါ နေရဲပိခင်ဒေါ်မိုးမြင့် အချိုမှုန့်ထည့်စရာ ဖူးခွံ မရှိဘူးဆိုလို့ အိမ်တခေ သူယူလာပေးတဲ့ ဖူးခွံလေးပဲ၊ ဒီအတိုင်းဆို နေရဲတာ ခပ်တည်တည်နဲ့ သူမကို နောက်လိုက်ပြန်ပြီ။

"ဒီတစ်ခါကျော့ နေရဲ. . .တော်သွားပြီသိလား၊ ဒီဖူးနဲ့အတူ ပြောလိုက်တဲ့စကားလုံးက အရမ်းကောင်းတယ်၊ အဲကြောင့် စကားလုံးတွေ မှတ်မိအောင် ဒီဖူးလေးကို သေသေချာချာ သိမ်းထားရမယ်"

"အေးပေါ့တာ. . .ကိုယ့်သူငယ်ချင်း လက်ဆောင်ပေးတာပဲ၊ အချိုမှုန့် ထည့်လို့ရတာပေါ့"

"ပေါက်ပေါက်ရှာရှာ. . .ဒါ အချိုမှုန့်ထည့်စရာလား"

ချစ်ဦး ရယ်ချင်ပေမယ့် မျိုသိပ်လိုက်ပါတယ်။

"ကဲ. . .သွားတော့၊ ငါ နေရဲနဲ့ တွေ့လိုက်ဦးမယ်"

"ပြဿနာ လျှောက်မရှာနဲ့နော်"

"စိတ်ချပါ. . .ကျေးဇူးရှင်မလေးရယ်"

"အတွန်း"

သူမ မျက်စောင်းတစ်ချက်ထိုးကာ ထွက်သွားတော့မှ ချစ်ဦး ပခုံး တစ်ချက်တွန့်ပြီး အိမ်ထဲဝင်လာခဲ့တယ်။ အထဲရောက်တော့ ဖေဖေက ခေါ်နေ တယ်။


www.burmeseclassic.com

www.burmeseclassic.com


“မင်း ယုမွန်မြင့်နဲ့ တွေ့ခဲ့သေးလား”

“အေး. . ဒီမှာ ဇီဇိုဘောင် မွေးနေ့စိတ်တာ ပေးသွားခဲ့သေးတယ်”

“ဒီကောင်မလေး ဘာစီးပွားတွေးပေါက်နေတာလဲ မသိဘူး”

“ဘာပဲဖြစ်ဖြစ် စားရတာပေါ့ကွာ”

“ငါကတော့ ဂုဏ်၊ ပဒာသနတွေနဲ့ ကနဲဆော်နေတဲ့ သတ်ဝန်းကျင်အလယ်မှာ အမှန်တရားတစ်ခုကို ချပြချင်တယ် ချစ်ဦး။ လူ့ရုံတုန်းအချိန်အခါလေးမှာပေါ့၊ မွေးနေ့ပွဲဆိုတော့ လာတဲ့လူတိုင်းဟာ အကောင်းဆုံးထင်တဲ့ အရာကို ရှိတဲ့အထဲက ရွေးချယ်ဝတ်ဆင် လာကြတာ မဟုတ်လား”

“ဖြစ်ပျိုမလားကွာ. . .ယုမွန်မြင့်က လွယ်တာ မဟုတ်ဘူး”

“သူ့ကို ထိခိုက်တာမှ မဟုတ်ဘဲ”

“ဒါဆိုလည်း သဘောကွာ၊ ပြဿနာမတက်ရင် ပြီးတာပဲ”

ချစ်ဦးခံ်ကားကြောင့် နေရဲ နှုတ်ခမ်းလေးတွေနဲ့ကာ ပြုံးထိုက်လိုက်တယ်။ မကြာခင်မှာ အမှန်ရှိတဲ့အရာကို သူချပြရပါတော့မယ်။

●●●●●


www.burmeseclassic.com

www.burmeseclassic.com

ခိုင်မိုးယံစာပေမှ မကြာမီထွက်ရှိမည့်

# မင်းပုည

## (၁၂)နာရီ

(သရဲဝတ္ထုစစ်စစ်)

ခိုင်မိုးယံစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

မွေးနေ့ပွဲက အလွန်စည်ကားပါတယ်။

ယုမွန်မြင့်က လိပ်ပြာမလေးတစ်ကောင်လို လှုပ်ရှားသွားလာရင်း ရောက်လာတဲ့ ဧည့်ပရိသတ်များကို ဖော်ရွေတဲ့အပြုံးနဲ့ ဧည့်ခံနေတယ်။ သူမတော့ အလွန်ပဲ ပျော်ရွှင်နေပါတယ်။ ဘဝမှာ ပထမဆုံး စကျင်းပတဲ့ မွေးနေ့ဆိုတော့ မပျော်ဘဲ နေပါ့မလား။

"ချစ်ဦး. . .နေရဲ လာမယ်တဲ့လား"

သူမက ဧည့်ခံနေရင်းနဲ့ တစ်ယောက်ထဲထိုင်နေတဲ့ ချစ်ဦးကို သွားမေးလိုက်တယ်။ ခုအချိန်ထိ နေရဲမလာသေးတဲ့အတွက် သူမ စိတ်ထဲမှာ တစ်ခုခုလိုနေသလိုပဲ။

"ငါ့ကိုပြောတော့ လာမယ်တဲ့"

"နောက်ကျလိုက်တာ. . .တယ်"

"သူလည်း အကြောင်းတော့ရှိမှာပေါ့၊ ငါ ဝင်ခေါ်တဲ့အချိန်မှာ ခြံထဲ မိုးတွင်းရေဝပ်နေတဲ့ နေရာတွေကို မြေကြီးဖို့နေတယ်။ အန်တီ ဝိုင်မြင့် ခိုင်းတာ ဆိုလားပဲ"

သူမ ဘာမှဆက်မမေးတော့ဘဲ ရောက်လာတဲ့ ဧည့်သည်တွေကို


www.burmeseclassic.com

www.burmeseclassic.com


နေရာပေးပြီး ညှော်ခံလိုက်ပါတယ်။ ကျွေးတာက ဒန်ပေါက်နဲ့အအေး ဆိုတော့ သိတယ်မတုတ်လား၊ စိတ်စာကိုရထားတဲ့ လူတွေက မပျက်မကွက် လာကြတာပေါ့။

ချစ်ဦးဒန်ပေါက်ကို ရင်တထိတ်ထိတ်နဲ့ စားနေရတယ်။ နေရဲ ဘယ်လိုပုံစံနဲ့ ရောက်လာမလဲဆိုတဲ့ အတွေးက စားရတာတောင် မမြိန်ဘူး၊ တစ်ခါတစ်လေ နေရဲက အရမ်းလျှို့ဝှက်ကာယ်။ လုပ်ပုံက အမှန်တရားကို ချပြတာဆိုပေမယ့် သူများမခံချင်အောင် လုပ်နေသလိုပဲ၊ အချို့လုပ်ရပ်တွေဆိုရင် တကယ့်ကို စိတ်ဆိုးအော်သထွက်ချင်စရာပါ၊ သူကတော့ နေရဲရဲ့ အတွေးအခေါ်နဲ့လုပ်ရပ်ကို ကြိုက်တယ်။

နေရဲလိုလူမျိုး နောက်ထပ်တစ်ယောက် သူတို့ရပ်ကွက်မှာ မွေးဖွားလာမှာ မတုတ်တော့ပေ။

ချစ်ဦးအတွေးတွေနဲ့ ဒန်ပေါက်ကို စားနေတဲ့အချိန်မှာ မွေးနေ့ပွဲကို နေရဲ ရောက်လာတယ်။ သူ့ကိုမြင်တော့ ဦးသန်းစိုးနဲ့ဒေါ်ညိုမိတို့ မျက်နှာတွက်ခနဲ ဖြစ်သွားတယ်။

"မင်္ဂလာပါ. . .အန်ကယ်နဲ့အန်တီ၊ ကျွန်တော် နည်းနည်း နောက်ကျသွားတဲ့အတွက် ခွင့်လွှတ်ပေးပါခင်ဗျာ"

နေရဲက ယဉ်ကျေးတဲ့အမူအယာနဲ့ ခါးလေးကိုင်းကာ နှုတ်ဆက်လိုက်ပေမယ့် သူတို့တွေရဲ့ စိတ်ထဲမှာ ရှိသေလေးစားတဲ့ အမူအယာလို့ လုံးဝမသတ်မှတ်မိပေ။ ဘာကြောင့်လည်းဆိုတော့ နေရဲရဲ့ လူရာမဝင်တဲ့ ပုံစံကြောင့်ပါ။

အဲဒီအချိန်မှာ ယုမွှန်မြင့်က ညှော်ခံနေတဲ့ကြားမှ နေရဲမျက်နှာကို လှမ်းမြင်တော့ အပြေးအလွှားလာကြိုတယ်။ အနားရောက်တော့ သူ့မျက်နှာ အံလိုလို ရှုံ့မဲ့သွားမိတယ်။ ဦးသန်းစိုးနဲ့ဒေါ်ညိုမိတို့ကတော့ သမီး ဘာပြောမလဲ ဆိုတာ စောင့်ကြည့် နားထောင်နေကြတယ်။ အမှန်ပြောရရင် သူတို့တွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ နေရဲနဲ့သမီးကို လုံးဝမပတ်သက်စေချင်ပေမဲ့ အခုတော့ တစ်လမ်းထဲနေပြီး ငယ်ငယ်လေးကတည်းက အတူတူကြီးပြင်းလာခဲ့တော့ ပြောရခက်နေတယ်။

"နေရဲ. . .နင်"

"ဘာဖြစ်တာလဲ ယုမွန်မြင့်၊ ငါ့ကို နေရာမပေးတော့ဘူးလား"

သူမ နှာခေါင်းရှုံ့လိုက်တယ်။ ဘောင်းဘီအကို ပွပွကြီးမှာ မြေကြီးတွေ ပေကျံနေပြီး အကျႌဝတ်မထားတဲ့ နေရဲကိုကြည့်ကာ စိတ်ပျက်မိတာ အမှန်ပါပဲ။ ဒီ ကမင်လုပ်မှန်း သူမသိပ်သိတာပေါ့။

"နေရဲ. . .ငါ့ကို နင် လာအရှက်ခွဲတာလား"

"တာ. . .ဘာလို့ အရှက်ခွဲရမှာလဲ၊ ငါ့မှာ အဲဒီလို စိတ်ဓာတ်မျိုး မရှိဘူးဆိုတာ နင်သိပါတယ်"

"ဒီဆို နင်ရေချိုးပြီးမှ ပြန်လာခဲ့"

"ဟာ. . .လာလက်စနဲ့ မထူးပါဘူးတာ၊ အရေးကြီးတာ နင့်မွေးနေ့မှာ လူလာဖို့ပဲ မဟုတ်လား"

"နင် စကားကို ကွပ်မပြောနဲ့နော်"

"အမှန်ပြောတာပဲ...ဟာ၊ ဘာလဲ နင်က ငါ့ထက် ဒဝတ်အစားတို ဒီခင်တာလား၊ ဒီလိုမှန်းသိရင် ငါမလာဘဲ ချစ်ဦးနဲ့အဝတ်အစားတွေ ငှားလိုက်ပါတယ်"

"တင်. . ."

နေရဲရဲ့စကားလုံးအောက်မှာ သူမ တခဏငိုင်ကျသွားတယ်၊ စိတ်ထဲမှာတော့ ဝမ်းနည်းမှုက များနေတယ်။ ဒီ ပထမဆုံးအကြိမ် နေရဲရဲ့ စမ်းမှတ်ကို ခံလိုက်ရတာပါ။

"နင်တာ ငါ့ရဲ့မွေးနေ့ကိုလာပြီး သက်သက် အရှက်ခွဲတာ မျိုးလား ရပါတယ်. . .နေရဲ၊ ကောင်းစေချင်လို့ ဆုံးမတဲ့ ငါ့ရဲ့စကားနာတွေ



www.burmeseclassic.com

www.burmeseclassic.com


နင်က အသိအမှတ်မပြုတဲ့အပြင် အပြုံးထားပြီး ကလဲ့စားချေတဲ့အတွက် ငါ့ရင်ထဲမှာ ဝမ်းနည်းမိတယ် . . .

တစ်ခုတော့ မှတ်ထားလိုက်ပါ၊ နင့်လို စေတနာကို စော်ကားပြီး ကိုယ်လုပ်ချင်တာလုပ်ရမှ ကျေနပ်ပျော်ရွှင်တတ်တဲ့ လူမျိုးကိုမှ သူငယ်ချင်း ဖြစ်ခွင့်ရတဲ့အတွက် ငါ့ကိုယ်ငါ အမြဲတမ်း နောင်တရနေမယ်"

"ဘာ. . .မတုတ်ဘူး၊ ယုမွန်ငြိမ့်. . .နင်အထင်လွဲနေပြီ"

နေရဲ ရှင်းပြဖို့ ကြိုးစားပေမယ့် မအောင်မြင်ပေ။

"နင့်ပါးစပ်ပိတ်ထား. . .နေရဲ၊ ငါတာ နင်နဲ့ပတ်သက်ပြီး ဘာမှ အယုံအကြည်မရှိတော့ဘူး၊ တကယ်ပဲ နင့်ကို စိတ်နာသွားပြီ"

"ဟာ. . ."

နေရဲ အရမ်းစိတ်မကောင်းဖြစ်သွားတယ်။ ရည်ရွယ်ချက်က တန်ဆောင်နေတဲ့ ပင်ဝန်းကျင်ကို အရွဲ့တိုက်ချင်တာ တစ်ခုထဲပါ၊ အဲ့ကို သူမသိအောင် ပြောခွင့်မရှိတော့ပါလား။ အဲ့ကြောင့် အသာတကြည်ပဲ လှည့်ထွက်လာခဲ့မိတယ်။ မွေးနေ့ပွဲနဲ့ ဝေးတဲ့နေရာရောက်မှ ကောင်းကင်ကြီးကို မော့ကြည့်ပြီး စကားတစ်ခွန်းဆိုလိုက်တယ်။

ဒီနေ့ကစပြီး ငါ့ရဲ့ရင်ခုန်သံတွေကို နားဆင်ပေးပါတော့. . . ယုမွန်မြင့်ရယ်

❤❤❤❤


www.burmeseclassic.com

www.burmeseclassic.com



"မင်းရောက်လာပြန်ပြီပေါ့"

နေရဲ့ စိတ်ညစ်တာနဲ့ သချိုင်းက ဇရပ်ဆီကို ထွက်လာခဲ့တာပါ။ ဇရပ်ပေါ်ရောက်တော့ ပစ္စည်းတွေသိမ်းဆည်းနေတဲ့ သူတောင်းစားကြီးက လှည့်မကြည့်ဘဲ ပြောလိုက်သဖြင့် နေရဲ အံ့ဩသွားတယ်။

"ဦးလေး လှည့်မကြည့်ဘဲနဲ့ ကျွန်တော်မှန်း ဘယ်လိုလုပ်သိသလဲ"

သူတောင်းစားကြီးက ပစ္စည်းတွေ သိမ်းဆည်းနေရင်းနဲ့ပဲ . .

"လူတွေမှာ သိစိတ်နဲ့မသိစိတ်နှစ်မျိုးရှိကြတယ် ကောင်လေး။ ခင်းမှန်းသိတာက ငါ့ရဲ့မသိစိတ်ကြောင့်ဘဲ၊ သမထထိုင်လို့ စိတ်တည်ငြိမ်လာတဲ့ အခါကျရင် မင်းနားလည်မှာပါ"

နေရဲက သူတောင်းစားကြီးနောက်နားမှာ ထိုင်ချလိုက်တယ်၊ အခုချိန်ထိ သူတောင်းစားကြီးက နေရဲကို လုံးဝလှည့်မကြည့်သေးပေ။

"ဦးလေးက ပစ္စည်းတွေ သိမ်းဆည်းနေတယ်ဆိုတော့ ဘယ်သွားမလို့လဲ၊ ကျွန်တော့်စိတ်အထင်တော့ ဘုရားဖူးမဖြစ်နိုင်ဘူး"

"ဒီမှာကောင်လေး . .ငါရောက်တဲ့မြို့တိုင်းမှာရှိတဲ့ ဘုရားတိုင်းဟာ ငါ့ဘဝရဲ့အားကိုးရာ အစစ်အမှန်တွေပဲ၊ ပစ္စည်းတွေကို သိမ်းဆည်းနေတာဟာ ခရီးဝေးသွားမှာမို့ မဟုတ်ဘူး၊ လူဆိုတာ သေရင် ခန္ဓာကိုယ်ကိုတောင် ထားခဲ့ရတာပဲ၊ ပစ္စည်းဥစ္စာဆိုတာဟာ ဘဝရဲ့ အခိုက်အတန့် အသုံးဝင်တာပါ။

www.burmeseclassic.com



ဒီဆို ဘာကြောင့်သိမ်းဆည်းသလဲလို့မေးရင် အဖြေက ရှင်းရှင်းလေးရယ်၊ ငါဟာ အရိုတာပုဗ္ဗိုလ်မဟုတ်တဲ့အတွက် ကိုယ်ပိုင် ပစ္စည်းလေးကို ကိုယ်က မစွန့်ပစ်ခင် သူများခိုးဖွက်လုယူသွားမှာ စိုးရိမ်လို့"

"အင်း . . ဦးလေးအလုပ်က မဆိုးပါဘူး၊ ဘုရားလည်း အစုံဖူးရတယ်၊ နေရာအနှံ့လည်း ရောက်တယ်၊ အတိဝါဘဝက ပစ္စည်းဥစ္စာရှိရင် ထိတောင်ပေါက်ဦးမယ်"

သူတောင်းစားကြီးက နေရဲ့ဘက်လှည့်လာပါတယ်။ ဒုတိယအကြိမ် မျက်နှာချင်းဆိုင်တွေ့လိုက်ရတဲ့ နေရဲ့အတွက်တော့၊ သူတောင်းစားကြီး မျက်နှာဟာ အရင်ကထက် ကြည်လင်အေးမြနေတယ်။

"တောင်လေး . . မင်း သူတောင်းစားအလုပ်ကို စိတ်ဝင်စားနေပြီလား။ ဒီဆို လုပ်လိုက်လေ၊ ငါ့အလုပ်က အရည်အချင်းတွေ ကန့်သတ်ချုပ်ချယ်မထားဘူး"

"ဝါသနာ မပါ,ပါဘူး ဦးလေးရာ"

"ဟ. . .သူတောင်းစားအလုပ်ကို ဘယ်သူက ဝါသနာပါလို့ လုပ်သလဲ၊ ဒီလိုပေါ့ကွာ အခြေအနေအရ လုပ်နေကြရတာ"

"တော်ပါတော့ ဦးခလေးရယ်. . .အခုချိန်မှာ ဘယ်သူနဲ့မှ ကျွန်တော့်အခြေအတင် စကားမပြောချင်ဘူး"

"မိန်းမတစ်ယောက်ကြောင့် စိတ်ညစ်ရတဲ့လူမျိုးဟာ ဒီအတိုင်း ပါပဲကွာ"

"တင် . . ဦးလေး . . .ဘယ်လိုလုပ် သိသလဲ"

သူတောင်းစားကြီးက ပြုံးတာ. . .

"ဒီမှာကောင်လေး . . .မင်းမှာ အရင်တစ်ခေါက်က တွေ့ရတဲ့ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချတဲ့ ရွှမ်းအောဆေး၊ ဘာမဆိုလုပ်ရဲတဲ့ပြစ်ပါတယ်၊ ရှိတဲ့ ယုံကြည်ချက်တွေ ပျောက်ဆုံးနေတာကို မျက်လုံးက ဖော်ပြနေတယ်။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ မင်းဟာ ခံစားချက်ကိုမျိုသိပ်ပြီး ငါ့ကို စကားပြောပေမယ့် အသံထဲမှာ ဝမ်းနည်းကြေကွဲမှုတွေ ပါနေတယ်၊ မင်းလိုလူမျိုး ဒီလိုပြောင်းလဲသွားတာဟာ မိန်းမတစ်ယောက်ကြောင့်ပဲ ဖြစ်ရမယ်"

နေရဲရင်ထဲ သူတောင်းစားကြီးရဲ့ လူ့ကဲခတ်ပညာကို လိုက်လို လှဲလှဲ အထင်ကြီးလေးစားသွားပြီ၊ အလိုလို ဝန်ခံမိလိုက်တယ်၊

"ဦးလေး ပြောတာမှန်ပါတယ်၊ အဲဒါကြောင့်လည်း စိတ်ညစ်တာ ဒီကိုထွက်လာခဲ့တာ"

"မင်းဟာ တကယ့်ကို ပေပေတေတေပဲ၊ ပြောစမ်းပါဦး မင်း အကြောင်း"

"ကျွန်တော့်ကို လူပွစာလို့ ထင်နေကြတယ်၊ ကျွန်တော့် အမှန်တရားကို လူတွေက လက်မခံချင်ကြဘူး၊ ကျွန်တော်လုပ်လိုက်တ တိစ္ဆတိုင်းကို ပြဿနာရှာတာလို့ပဲ ထင်နေကြတယ်၊ အဲဒါကြောင့် ရရှိခဲ့ အကျိုးတရားက ကျွန်တော် ချစ်လိုက်မိတဲ့ မိန်းမတစ်ယောက်ရဲ့ ယုံကြည်မှု ဆုံးရှုံးခဲ့ရတယ်၊ ကျွန်တော့်ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ ချစ်ခြင်းတရားတွေ ဖွင့်တခွင့်မရှိတော့ဘူး၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ ကျွန်တော့် စစ်မှန်တဲ့အချစ်တွေကို ဒီအတိုင်း သိမ်းထားရတော့မှာလား၊ ကျွန်တော စိတ်တွေ မွန်းကြပ်ပိတ်လှောင်နေပြီ ဦးလေး"

"ဪ. . .အဲဒါကြောင့် မင်းရဲ့ယုံကြည်မှုတွေ ပျောက်ဆုံးနေတ တိုး"

"တုတ်ပါတယ် ဦးလေး"

"ကောင်လေး...မင်းအနေနဲ့ အဲဒီကိုကြီးမားတဲ့ ပြဿနာတစ်ခု ထင်နေသလား"

"ဘယ်လိုပြောလိုက်တာလဲ. . ဦးလေးရယ်၊ ကျွန်တော နှလုံးသားနဲ့ဆိုင်တဲ့ ကိစ္စပဲ"

www.burmeseclassic.com

"အင်း. . .အဲဒီလို စိတ်မျိုးထားနေသမျှတော့ မင်းအနေနဲ့ ပြဿနာကိုဖြေရှင်းဖို့ လမ်းစတွေ ပျောက်နေလိမ့်မယ်"

"ဦးလေးပြောတာကို ကျွန်တော် နားမလည်ဘူး"

"မင်း လည်နေလို့ပါ၊ ပြဿနာဆိုတာကို ဦးနှောက်နဲ့ လက်ခံ စဉ်းစားမယ်ဆိုရင် ညဘက်တောင်အိပ်လို့ရမှာ မဟုတ်ဘူး၊ အဲဒီတော့ ပြဿနာတစ်ခုဖြစ်လာခဲ့ရင် အတိမ်အနက်ကို အရင်စဉ်စားပါ၊ ပြီးတော့ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနဲ့ ဖြေရှင်းပါ၊ ပျော်ရွှင်ခြင်းတာ ဦးနှောက်ကို ပွင့်လင်းစေတယ်၊ စိတ်ညစ်ခြင်းတာ ဦးနှောက်ကို လေးလံထိုင်းမှိုင်း စေတယ်၊ ဒီလောက်ဆို မင်းသဘောပေါက်မှာပေါ့"

သူတောင်းစားကြီးရဲ့ စကားအဆုံးမှာ အဖြေတစ်ခုကို နေရဲ ရလိုက်တယ်၊ တုတ်ပါတယ်. . .စိတ်ညစ်ခြင်းတာ ဦးနှောက်ကို လေးလံထိုင်းမှိုင်း စေမှန်း လက်တွေ့မို့ သိခဲ့ရပါပြီ၊

"ကျေးဇူးတင်တယ် ဦးလေး၊ ကျွန်တော်အရင်အတိုင်း နေပြီး ဒီပြဿနာကို ပေါ့ပေါ့ပါးပါးနဲ့ ဖြေရှင်းမယ်"

"မင်းကို ငါယုံကြည်တယ် ကောင်လေး"

"ဦးလေးဟာ ကျွန်တော်ထင်တာထက်ပိုပြီး ထက်မြက် ပါတယ်"

"ဘဝတစ်ခုရဲ့ဖြတ်သန်းလာတဲ့ အတွေ့အကြုံပေါ့ကွာ၊ မင်းကို ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်၊ ပုံပြင်က ဒီလို၊ တစ်ခါက စကားမပြောတတ်တဲ့ လူနှစ်ယောက်ဟာ တစ်နေရာမှာ ချိန်းပြီး စကားပြောကြတယ်"

"ဟာ. . .ဦးလေးတော့ နောက်ပြီ၊ စကားမပြောတတ်ပါဘူး ဆိုမှ ဘယ်လိုလုပ် ချိန်းပြီး စကားပြောမှာလဲ"

"ပုံပြင်ကို ဆုံးအောင် နားထောင်ဦးလေ"

"အင်း. . .ပြောပြစမ်းပါဦး"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို စကားမပြောတတ်တဲ့ လူနှစ်ယောက်တာ တစ်နေရာမှာ ...တွေကြပြီး တစ်နာရီလောက် အပြန်အလှန် စကားတွေပြောကြတယ်၊ ...တော့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး ပြန်သွားကြ ...ယ်၊ ပုံပြင်က ဒါပါပဲ"

"တင်. . .အဲဒါ ပုံပြင်မှ မဟုတ်တာ"

"ဟုတ်တယ် ကောင်လေး၊ အဲဒါ ပုံပြင်အစစ်ပဲ၊ ဘာကြောင့်လဲ ...တော့ စကားမပြောတတ်တဲ့ လူနှစ်ယောက်တာ တစ်ယောက် တစ်လှည့်စီ ...ပြောပြလို့ပဲ"

"အဲဒါ ဘာပုံပြင်လဲ"

"အဲဒါကတော့ ပုံပြောပြတဲ့ လူနှစ်ယောက်ကို သွားမေး ...ည့်မှ သိရမှာပဲ၊ ဒါကတော့ ပုံပြင်ခေါင်းစဉ်ကို နားမလည်တဲ့ ပုံပြင်လို့ ...ထားတယ်"

"ဒီတစ်ခါတော့ ဦးလေးပြောတာကို ကျွန်တော် လုံးဝ ...မခံဘူး"

"ဒါဆို မေးမယ်ကောင်လေး"

"ဘာလဲ"

"အသံတိုင်းမှာ အဓိပ္ပါယ်ရှိတယ်ဆိုတဲ့ စကားကို မင်းလက်ခံ ...လား"

"လက်ခံတယ်"

"ဒါဆို ထပ်မေးမယ်၊ တရုတ်စကားနားမလည်တဲ့ မြန်မာ ...တစ်ယောက်ကို တရုတ်လိုသွားပြောရင် နားလည်မလား"

"ဘယ်လိုလုပ် နားလည်မလဲ"

"ဒါဆို အဖြေက ရှင်းနေပြီကော၊ စကားမပြောတတ်တဲ့ ...ယောက်ကို တရုတ်လို သဘောထားလိုက် ဒါတို့အားလုံးတာ မြန်မာတွေ



www.burmeseclassic.com

www.burmeseclassic.com

တရုတ်စကားကို ငါတို့ နားမလည်ပေမယ့် တရုတ်စကားတတ်တဲ့ လူအချင်းချင်းတော့ နားလည်တာပေါ့၊ လောကကြီးမှာ မျက်စိမမြင်တဲ့ လူအချင်းချင်း လက်ဟန်ပြနေတာ၊ စကားမပြောတတ်တဲ့ လူအချင်းချင်း စကား ပြောနေတာ၊ နားမကြားသူ အချင်းချင်း ဝိတ်ကတိုက်ပြနေတာတွေ အများကြီး တောင်လေး"

သူတောင်းစားကြီးက အမှန်တရားတွေရှုပြသိုက်သဖြင့် ခေနရဲ မခံသ မခံသာဖြစ်သွားတယ်၊ အကြောင့်မွေးထဲတပါလာတဲ့ ဝိဇလေးကို တပြုံးပြုံး တော့တယ်။

"အဆို ကျွန်တော်လည်း ပုံပြင်ပြောမယ်"

"အံမယ် တယ်လာပါလား ပြောစမ်းကွာ နားထောင်ကြည့် ရအောင်"

"အဲဒီ နားထောင် ပုံပြင်ခေါင်းစဉ်က ကြီးမှဝက်သတ် ပေါက်တာတဲ့၊ တစ်ခါက လူတစ်ယောက်ဟာ အသက်ကြီးမှ ဝက်သက်ပေါက် ပေါက်လာတယ်၊ အဲ့ပဲ ပုံပြင်ကပြီးသွားပြီ"

"အင်း"

သူတောင်းစားကြီး တခဏအငိုင်သွားပြီး. . .

"ဒါ ပုံပြင်မှမဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲ၊ အဲဒါပုံပြင်"

"စဉ်းစားစရာလဲ မပါဘူး"

"ပါ. . .ပါတယ်"

"ဘာလဲ၊ ဘာစဉ်းစားစရာလဲ"

"ဝက်သက်လေ၊ ဘာကြောင့် အသက်ကြီးမှ ဝက်သက် ပေါက်တာလဲဆိုတဲ့အကြောင်း စဉ်းစားပေါ့"

သူတောင်းစားကြီး ဆေကြိုင်သက်သွားတယ်၊ ပြီးမှ သံလေးကြီးနဲ့


www.burmeseclassic.com

www.burmeseclassic.com



"အင်း မရှုမှန်မှန်မချိုးလို့ဘဲ ဖြစ်မယ်"

"တား. . .တား. . .တား"

သူတို့နှစ်ဦးပေါ့ပါးလန်းဆန်းစွာနဲ့ ငြိုင်တူရယ်မောလိုက်ကြတယ်၊ ဒီရယ်သံက သချိုင်းမြေမှတဆင့် ပတ်ဝန်းကျင်အနှံ့အပြားကို ပျံ့နှံ့သွားတယ်၊ သစ်ရွက်ကလေးတွေတောင် ရယ်သံကြောင့် ယိမ်းထိုးနေကြတယ်။

"ဒီနေ့ဟာ ငါ့ဘဝရဲ့အပျော်ဆုံးနေ့ပဲ ကောင်လေး"

နေရဲ့စိတ်မကောင်းဖြစ်သွားတယ်။ တတ်နိုင်ရင် သူတောင်းစားကြီးကို အမြဲတမ်းရယ်မောစေချင်ပါတယ်။

"ဒီမှာကောင်လေး။ မင်းကြောင့် ငါတတယ်ပဲပျော်ရွှင်ခဲ့ရတယ်"

"ကျွန်တော့်လည်း ဦးလေးကြောင့် ဘာလုပ်ရမလဲဆိုတဲ့ အဖြေကို ရခဲ့တာပါပဲ"

"အပြန်အလှန်ပေါ့ကွာ၊ ဒီတော့ မင်းကိုမှတ်သားစရာ စကားတစ်ခွန်းပြောလိုက်မယ်၊ အဲဒါကတော့ နာရီကြောင့်အချိန်ဆိုတာ ဖြစ်ပေါ်လာတာ မဟုတ်ဘူး၊ အချိန်ကြောင့်သာ နာရီဆိုတာဖြစ်ပေါ်လာခဲ့တာ၊ ဒါကြောင့် အယ်တော့မှ နာရီကိုကြည့်ပြီး အလုပ်မလုပ်ပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အချိန်ကိုယ်စားပြုထားတဲ့နာရီကိုကြည့်ပြီး အလုပ်လုပ်ရင် မင်းဟာအချိန်ရဲ့ ခိုင်းစေမှုအောက်မှာပဲရှိနေပြီး အချိန်ရဲ့ ကျေးကျွန်ဖြစ်သွားလိမ့်မယ်"

နေရဲ့စိတ်ထဲအရမ်းကို တန်းဖိုးရှိတဲ့စကားပါလားလို့ မှတ်ယူထိုက်ပါတယ်။

"ဦးလေးစကားကို ကျွန်တော်သေတဲ့အထိ မှတ်ထားပါမယ်"

"မှတ်ထားပါ. . .ကောင်လေး၊ မင်းဟာတစ်ထွာမြင့်ရင် တစ်တောင်မြင်တဲ့ လူတစ်ယောက်ပါ၊ ငါ့ဘဝမှာ မင်းလိုလူမျိုးတွေကိုထင် တွေ့မှာမတွေ့တော့ဘူး"

"ကျွန်တော်လည်း အဲဒီလိုပါပဲ ဦးလေးရှေ့ဆီ သွားရွှင်ပြုပြီး"

www.burmeseclassic.com

"ကောင်းပါပြီ. . .ကောင်လေး"

နေ့ရဲ့ ဇရပ်ပေါ်မှ ညင်သာစွာဆင်းလာခဲ့တယ်။ စိတ်ထဲမှာတေ
သိပ်မကောင်းလှပါ။ သူတောင်းစားကြီးကို အနီးကပ်ခေါ်ထ
ချင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မင်းလုပ်ရပ်တွေအရမ်းမှားတယ် နေရဲ"

ငွေးဦးအိမ်ထဲဝင်လာပြီး ဝေဇန်ခြင်းနဲ့ဘိုက်ရိုက်လို့ ပါတယ်၊ သူငယ်ချင်းတွေဆိုပေမယ့် နဂိုထဲက ငွေးဦးက နေရဲနဲ့ချစ်ဦးကို သိပ်ကြည့်ရတာမဟုတ်ပေ။ အဲဒီလိုပါပဲ နေရဲနဲ့ချစ်ဦးတို့ကလည်း ငွေးဦးဆိုရင် သူငယ်ချင်းလို့ လုံးဝမသတ်မှတ်တတ်ပေ။

"မှားလဲပြီးတာပါပဲကွာ"

"မဟုတ်သေးဘူး. . .နေရဲ၊ ကျန်တဲ့အချိန်၊ ကျန်တဲ့နေရာမှာ ခင်ဗျားဘာပဲလုပ်လုပ် ငါမပြောဘူး။ ဒါပေမယ့် ခုလိုအချိန်ကာလမှာ ဒါမျိုး လုံးဝ မလုပ်သင့်ဘူး။ ယုဇွန်မြင့်ဆိုရင် မင်းပြန်သွားတဲ့ နောက်ပိုင်းမှာ ပျော်ရွှင်မှုတွေ ဆိတ်သုန်းသွားသလိုပဲ"

"ဘာမှမဆိုင်ဘူး ငွေးဦး၊ ငါ့ပုံစံကို မမြင်ချင်ဘူးဆိုလို့ ပြန်လာခဲ့ပြီးပြီးပဲ"

"အဲဒီ မင်းရဲ့တစ်ဖက်သတ်အမြင်ကွ၊ ယုဇွန်မြင့်ဘက်က ကြည့်ဖို့ ပြန်ပြီး မစဉ်းစားတော့ဘူးလား"

"ဒါဆို ငါတစ်ခုမေးမယ် ငွေးဦး။ လူတစ်ယောက်ကို ခင်တယ်

www.burmeseclassic.com


ဆိုတာ ဘာကိုပြောတာလဲ၊ အဝတ်အစားတွေကိုပြောတာလား၊ လူတိုင်းမွေး
ထဲက ဘာမှပါမလာခဲ့ဘူးကွ၊ ကမ္ဘာဦးအစမှာလဲ လူတွေဟာ ဘာမှဝတ်မထာ
ဘူး"

"မင်းစကားကို ကပ်သပ်မပြောနဲ့ နေရဲ၊ နှစ်ဆယ့်တစ်ရာစု
ယဉ်ကျေးမှုထွန်းကားနေတယ်။ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း
လူတစ်ယောက်အဖြစ်နေထိုင်ချင်ရင်တော့ လူတွေနဲ့ လိုက်လျောညီထွေ
ရှိအောင် ကြိုးစားရမယ်၊ ကိုယ်လုပ်ချင်တာ လုပ်လို့မရဘူး"

"တော်စမ်းပါကွာ၊ မင်းတို့ရဲ့ ပကာသနဇုံးလွှမ်းနေ
င်မင်မှုကြီးကို ငါအရမ်းမုန်းတယ်၊ လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်
ကိုယ်စိုင် အတွေးအခေါ်ဆိုတာရှိကြတယ်၊ အေး အဲဒီလိုပဲ၊ လူတစ်ယောက်
ပိုင်ဆိုင်ခွင့်တို့ အခြားလူတစ်ယောက်က ချုပ်ချယ်ကန့်သတ်ပိုင်ခွင့်မရှိဘူ
ခုတော့ မင်းတို့ဟာ ငါ့ရဲ့အတွေးခေါ်နဲ့ လွတ်လပ်ခွင့်ကို ယာပြီးချုပ်ချ
ကန့်သတ်နေကြတယ်"

"မင်းတာတာတယ်ကို ရူးနေပြီနေရဲ"

"လူ့ဘဝဆိုတာ ဝေဝန်ခြင်းနဲ့စတင်ပြီး ဝေဝန်ခြင်းနဲ့ အဆုံ
သတ်တာ သဘာဝပဲ၊ လူတစ်ယောက်မွေးဖွားလာတယ်၊ လူလိုက်၊ ချောလိုက်
တာ၊ ဝတယ်၊ ပိန်တယ်၊ မျက်လုံးကဘယ်လို၊ မျက်ခုံးကဘယ်လို၊ ဘယ်သူ့
တူတာ၊ ဒီလိုပဲ လူတစ်ယောက်သေဆုံးတယ်၊ အသက်ရှင်စဉ်က ဘာလုပ်ခဲ့
တယ်၊ ပြီးတော့လည်း အာမှုမတုတ်တော့ဘူး၊ ကြာတော့လည်း မေ့သွားကြ
တာပဲ"

ငွေဦးစိတ်လျှော့လိုက်ရပြီ၊ နေရဲဟာ အယ်လိုလူစားထဲ ဆိုတာ
သူသိပါတယ်၊ ဒီလိုကိုယ်ထင်ရာကို လက်ခံယုံကြည်နေတဲ့လူမျိုးကို ဆရာ
လုပ်လို့ရမတဲ့လား။

"တော်ပြီကွာ၊ မင်းလိုကောင်နဲ့ တကယ့်ကိုကျွန်ုပ် ခေါင်းတော့ပဲ"

www.burmeseclassic.com 

"ထွီး . . ရှုံ့စရာတွေ၊ မင်းလိုကောင်မျိုးက ဒီစကားပြောရ သလို၊ ရှေ့တပညာရှိကြီးတွေထားခဲ့တဲ့ စကားဆုံမင်းနဲ့တန်လို့လား"

"ဘာ"

"ကြားတဲ့အတိုင်းပဲ"

"မင်းတွေ့မယ်"

ဖွေးဆိုးနေရာမှ ဂုန်းခနဲထထွက်သွားတယ်။ ဒီတော့မှ နေရဲလည်း ထိုင်ပါးပါး ရင်း မောလိုက်ပါတယ်။

ဘဝမှာ ပြဿနာတော့ရှိပါတယ်၊ ဒါပေမယ့် ပျော်ရွှင်ဖို့တော့ လိုတယ်၊ ဦးနှောက်ထဲကအတွေးအခေါ်တွေ ပွင့်ထွက်လာမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ၊ ဒီကောင်ကို ဘယ်လိုမှပြောလို့မရဘူ သူလုပ်ချင်တာကို လုပ်နေရမှ ကျေနပ်တဲ့လူမျိုးဆိုတော့ အခြားလူဘက် နည်းနည်းမှမစဉ်းစားပေးဘူး၊ ခုလည်း ကောင်းကောင်းမွန်မွန်ပြော ဒို့ကိုတောင် လိုးမဲ့ပုံစံနဲ့ ခဏ၊ ခဏရှယ်နေတယ်၊ ဒို့မှာ ကြောက်လွန်း အသားတွေ တဆတ်ဆတ်တုန်သွားတာပဲ၊ သေးကကြည့်ရင် ကိုကြီးတေ ဝင်ပူးနေသလားလို့ ထင်လိမ့်မယ်"

"တင်း"

ယုမွန်မြင့်တစ်ယောက် ငွေဒိုးစကားကိုနားထောင်ပြီး သက်ပြင်း ချလိုက်မိတယ်၊ နေရဲဆိုတဲ့လူကို ဘယ်သူက ဆရာသွားလုပ်လို့ရမှာ ငယ်ငယ်လေးထဲက နေရဲဟာ ဘယ်သူ့အတင်စီးကိုမှ ခံခဲ့တာ မဟုတ်ဘူ ဒီလောက်ပြောနေတဲ့ သူမကိုတောင် လူပုံအလယ်မှာ အရှဲ့တိုက်တာကြည့်လေ

"နင်ဘာဆက်လုပ်မလဲ ယုမွန်မြင့်"

"ဒီအတိုင်းပဲ ထားလိုက်တော့မယ်ဟာ"

"တင် နင်တစ်ခုခုလက်တုံ့ပြန်ဖို့မစဉ်းစားဘူးလား၊ ဒီအတိုင်း ငြိမ်ခံနေရင် ပိုပြီးရောက်တတ်လာလိမ့်မယ်၊ ခုတောင်ခြေသလုံး ဖက် တောင်းတောင်းပန်ပန်ပြောတာကို မရတာ"

"ငါ သူနဲ့ထိတ်တိုက်မတွေ့ချင်တော့ဘူး ငွေဒိုး၊ ဒီနေ့ တစ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ကိုလည်း မေ့ပစ်ဖို့ဆုံးဖြတ်လိုက်ပြီ"

www.burmeseclassic.com



"အေး အဲဒါကောင်းတယ်၊ ငါကနင့်ရွှင့်လွှတ်မှာကို စိုးရိမ်နေတာ"

ဒွေးဦး အရမ်းကိုကျေနပ်သွားပါတယ်။ အရင်က ယုမွန်မြင့်ဟာ သူ့ထက်ပိုပြီး နေရဲကိုအရေးပေးခဲ့တယ်၊ ယယ်သူငယ်ချင်းအတူတူ နေရဲကို ချိုခင်တာတာ တကယ့်မနာလိုစရာပါ။ ပြီးတော့ နေရဲဟာသူ့ထက်ချောတော့ ပိုဆိုးတာပေါ့၊ ခုတော့အားလုံးပြီးဆုံးသွားပြီ၊ အရာရာဟာ သူ့အတွက်ချည်းပဲ ကျန်တော့တယ်၊ ဘာတတ်နိုင်သေးလဲ နေရဲရယ်၊ နောက်ဆုံး မင်းဟာ ထိုမြောင်းထဲရောက်သွားပါပြီ။

"ဒွေးဦး နေရဲနဲ့တွေ့ရင် ငါနဲ့လုံးဝမပတ်သက်ပါနဲ့တော့လို့ ပြောလိုက်တာ၊ နင်လည်းနောက်တစ်ခါလာရင် နေရဲအကြောင်းမပြောနဲ့ တော့နော်"

"စိတ်ချ၊ ငါမတွေ့တွေ့အောင် ရှာပြီးပြောလိုက်မယ်၊ ပြီးတော့ နင်ပြောသလို နေရဲအကြောင်းကို လေအကုန်ခံပြီး မပြောတော့ဘူး"

ယုမွန်မြင့် မချိပြုံးလေးပြုံးလိုက်ပါတယ်၊ သူမဟာ နေရဲကို သူများ ထက်ညီးထိုးတဲ့ဘဝက ကင်းလွှတ်စေချင်လို့ စေတနာနဲ့ပြောခဲ့၊ ဆိုခဲ့တာပါ။ ဒါပေမယ့် နေရဲလုပ်ရပ်တွေက ဝေးနာဖြစ်ကြောင်း သက်သေပြလိုက်တော့ ဒီအတိုင်းဆုံးဖြတ်ယုံပဲရှိတော့တာပေါ့။

"ငါသွားတော့မယ် ယုမွန်မြင့်"

"အေး၊ အားရင်လည်း၊ လာခဲ့ဦးပေါ့တာ"

"စိတ်ချ၊ စိတ်ချ"

ဒွေးဦးအပြုံးနဲ့နှုတ်ဆက်ပြီး ထွက်သွားတယ်၊ ကျန်ခဲ့တဲ့ ယုမွန်မြင့် ဆိုတဲ့ သူမမှာသာ အတွေးတွေနဲ့၊

"သမီး ဘာစဉ်းစားနေတာလဲ"

"ပြောပ် မေမေ"

ယုမွန်မြင့်က သူမနားကိုဘယ်အချိန်ကရောက်နေမှန်းမသိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖိခင်ဖြစ်သူကို နှုတ်ဆက်ပြီး ခံစားမှုဆိုတဲ့အရာကို ကွယ်ဝှက်လိုက်တယ်။ ဒါပေမယ့် သူမရဲ့ကွယ်ဝှက်မှုက မပိရိတော့ မျက်နှာမှာအထင်းသားပေါ်နေတယ်။

"သမီးကို မေမေမပြောဘူးလား။ လူကမွေးပြီး လူ့ကျင့်ဝတ်ကို နားမလည်တဲ့လူမျိုးတာ ဒီလိုပဲလုပ်မှာပဲ၊ ခုဆိုနေရဲကြောင့် သမီးလေး စိတ်ဆင်းရဲရပြီ"

"သမီးနောင်တရပါပြီ မေမေ၊ နောက်ဆို နေရဲနဲ့ မပတ်သက်တော့ပါဘူး"

"သမီးရဲ့ဆုံးဖြတ်ချက်တွေမှန်တယ်၊ တတ်နိုင်ရင် နေရဲဆိုတဲ့ကောင်ကို လမ်းတွေ့ရင်တောင် မျက်စောင်းမထိုးနဲ့"

နရိုထဲက အပြစ်မြင်တတ်တဲ့ မေမေ့စကားလုံးများကို မတား မြစ်သော့ပေ၊ ဒါပေမယ့် နေရဲနဲ့ပတ်သတ်ပြီး တန်ဖိုးကြီးတဲ့အရာတစ်ခုလုံးကို ဆုံးရှုံးလိုက်သလို ခံစားရတယ်။

"သမီးကို မေမေပြောစရာရှိတယ်"

"ဘာများပါလိမ့်မေမေ"

"မောင်နိုင်ကျော်ကလေ သမီးကို လက်ထပ်ချင်တယ်တဲ့"

"ရှင်"

"မေမေကတော့ မောင်နိုင်ကျော်လို စီးပွားရှာကောင်းပြီး ပြည့်စုံတဲ့လူမျိုးကို မငြင်းစေချင်ဘူး။ သမီးကို မွေးနေ့ပွဲလုပ်ပေးနိုင်တာ မောင်နိုင်ကျော်ကြောင့် သူကသမီးမလုပ်ဘူးတာကို လုပ်စေချင်တဲ့အတွက် ဖိုက်ဆံအလုံအလောက်ထုတ်ပေးတာ"

မမျှော်လင့်တဲ့ စကားတိုကြားလိုက်ရတဲ့အတွက် ချက်ချင်းပဲ သူမ တစ်ကိုယ်လုံး နုံးခွေပျော့ကျသွားတယ်။ ဘဝဆိုတာ ဒီလိုပဲ မျှော်လင့် တာတွေ ဆက်တိုက်ဖြစ်မပေါ်တတ်ပါလား။ အချစ်မပါတဲ့ အိမ်ထောင်ရေး တစ်ခုကို မတည်ဆောက်ချင်တာ ငယ်ငယ်လေးထဲက ဆန္ဒတွေပါ။



www.burmeseclassic.com

www.burmeseclassic.com 

"သမီးဘယ်လိုသဘောရလဲ"

"ခုအချိန်မှာ ဘာမှသမီးမစဉ်းစားချင်သေးဘူး မေမေ၊ ပြီးတော့ ကိုနိုင်ကျော်ကိုလည်း သမီးမချစ်ဘူး"

"သမီးပြောတာကို မေမေသဘောပေါက်ပါတယ်၊ ဒါပေမယ့် သမီးကညာအခါမလင့်ဆိုတဲ့ စကားအတိုင်း မေမေတို့မှာ တာဝန်ရှိတယ်၊ မိန်းမသမီးရှင်တွေဆိုရင် အရွယ်ရောက်တဲ့သမီးရှိရဲ့သားနဲ့တောင် လာတောင်း မယ့်လူမရှိလို့ ရှာကြရတာ၊ တကယ်တော့ အချစ်နဲ့ဘဝဟာတခြားဆီပါသမီး ပြည့်စုံတဲ့အိမ်ထောင်တစ်ခုကို တည်ဆောက်နေတဲ့နေရာမှာ အချစ်ထက် စိတ်ဆံကပိုအရေးကြီးပါတယ်၊ မောင်နိုင်ကျော်ဟာ အိမ်ထောင်ရေးကို ငွေကြေးနဲ့ တည်ဆောက်နိုင်တဲ့ သူတစ်ယောက်ပါ"

"တင်"

သုမတာ အမြဲတမ်းချောင်ပိတ်အရိုက်ခံနေရတဲ့ လူတစ်ယောက် ပါလား၊ ဘဝဟာ ဘယ်လိုဆုတောင်းတွေနဲ့ မှားမွေးလာခဲ့ပါလိမ့်၊ တောင်းပန် ခွင့်ရှိရင်တောင်းပန်ချင်ပါတယ်၊ လောကကြီးရေ ကံကြမ္မာဆိုးနဲ့ မွေးခွား ဘတယ်ဆိုရင်လည်း အမြန်ဆုံးချေဖျက်ပေးပါလားရှင်။

"တဲ၊ ဒီကိစ္စကို သမီးအေးအေးဆေးဆေး စဉ်းစားပေါ့၊ မေမေတို့ကတော့ အကောင်းဆုံးဖြစ်စေချင်တယ်"

သုမတာ မေမေထွက်သွားတဲ့အထိ ငေးငိုင်နေဆဲ ခုအချိန်မှာ အားကိုးယုံကြည်ပြီး တိုင်ပင်ရမယ့်လူမရှိတော့ ခက်သားပဲ၊ ဘယ်အပြီးတွေ ကြောင့် ဒီလိုဖြစ်ရို့ဖန်လာတာလဲ၊ တည်ငြိမ်နေတဲ့နှလုံးသားကို လှုပ်ရှားအောင် နှမ်းဆော်နိုင်သူဟာ နိုင်ကျော်မဟုတ်တာတော့ သေချာပါတယ်။ သူ့ကို ဘာလုပ်ရမလဲ၊ မိဘတွေရဲ့စကားကို ဆန့်ကျင်ဖို့ သုမမှာ အားတစ်ခုတော့ ထိုအစ်နေပါပြီ. . .။

●●●●●


www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားကိုစတေး
ဘဝကိုအရွဲ့တိုက်ပြီး
လောကကြီးကို
ပြက်ရယ်မပြုလိုက်ပါနဲ့
တကယ်တော့
အချစ်ရှုံးသမားဆိုတာ
မင်းတစ်ယောက်ထဲမှ
မဟုတ်တော့ဘဲ
ဒသသကိုနှလုံးမူပြီး
စစ်ခင်းဖို့ ကြိုးစားရင်တော့
ဘယ်မှာ ဒဏ်ရာပရွနဲ့
နောင်တတွေရသွားလိမ့်မယ်။

www.burmeseclassic.com

## အခန်း (၁၁)

နေရဲ လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့အချိန်မှာ အထက်ပါကဗျာလေး ရှေ့ရောက်လာသဖြင့် ဖတ်ကြည့်လိုက်တယ်။ သူ့ကိုစောင်းရေးထားမှန်း ဆိုပေမယ့် ချစ်ဦးမို့လို့ခွင့်လွှတ်လိုက်ပါတယ်။

"ဘယ်လိုလဲ ငါရေးလာတဲ့ ကဗျာကောင်းလား"

"မင်းဘယ်တ ကူးလာတာလဲ"

"ငါကိုယ်တိုင်ရေးလာတာကွ"

"အံမျိုးတော့ တတ်တယ်နော်"

ချစ်ဦးပြုံးပြီး လက်ဖက်ရည်တစ်ခွက်မှာလိုက်တယ်။

"ငါ့ဆီ ဧည့်သည်းလာသွားတယ် ချစ်ဦး"

"တုတ်လား ဘာလာလုပ်တာလဲ"

"ထုံးစံအတိုင်းပေါ့ကွာ၊ ဒီကောင်မှာ ငါ့ကိုအပြစ်ပြောဖို့ပဲရှိတာ မှုတ်လား"

ချစ်ဦးက ရောက်လာတဲ့လက်ဖက်ရည်ခွက်ကို မသောက်သေးဘဲ ဘေးခဏထားဖယ်လိုက်ပြီး . . .

"မင်းဘာလုပ်မယ် စဉ်းစားထားသလဲ ရှင့်"



www.burmeseclassic.com

www.burmeseclassic.com

"ငါ သူ့ကိုချစ်မိသွားပြီ ချစ်ဦး"

"သိတယ်လေ၊ မွေးနေ့ပွဲမှာ မင်းရဲ့မျက်လုံးထဲက အဓိပ္ပာယ်ကို ငါတွေ့လိုက်တယ်၊ ဒါကြောင့် ဒီကဗျာရေးလာတာပေါ့"

"တင်း"

နေရဲလွှမ်းဆွေး နှင့်သီးစွာနဲ့ သက်ပြင်းချလိုက်မိတယ်။ အချစ်ဆိုတဲ့ ခရာက တယ်ထူးဆန်းပါလား၊ ဘာတယ် ချက်မိတော့လည်း သူမ မျက်နှာလေးကို တွေ့မြင်ချင်လာမိရော။

"သူ့ကို ငါချစ်တဲ့အကြောင်း ပြောပြချင်တယ်ကွာ"

ချစ်ဦးလည်း နေရဲစကားကို နားထောင်ကာ လက်ဖက်ရည်ကို တစ်ငုံမော့သောက်လိုက်တယ်။ ပြီးမှ စိတ်မကောင်းတဲ့လေသံနဲ့. . .။

"သူက မင်းကိုတကယ်စိတ်ဆိုးသွားတာနေရဲ၊ မင်းဘက်က အမှားကို တောင်းပန်ရင်တောင် သာသာကြည်ကြည်လက်ခံမယ့် အနေအထားကို ငါမမြင်ဘူး"

"ငါလုပ်လိုက်တဲ့ ရည်ရွယ်ချက်က တစ်မျိုးကွ၊ ဘာပဲဖြစ်ဖြစ် သူသိအောင်လို့ ငါရဲ့အချစ်ကိုဖွင့်တရမှာပဲ"

"မင်းကဥာဏ်ကောင်းပါတယ်"

နှစ်ယောက်စလုံးအတွေးတွေနဲ့ ခဏငြိမ်သက်သွားကြတယ်၊ ရင်ထဲမှာတော့ ရှေ့ဆက်ဘာလုပ်ရင်အကောင်းဆုံးလဲဆိုတာ စဉ်းစားနေကြတယ်။ လူ့ဘဝတာ ပဟေဠိဆန်လှပါတယ်၊ ခဏတာဖြတ်ရောက်လာတဲ့ အရိုက်အတန့်မှာ အဆင်မပြေမှုတွေကို ဆီတန်းပြီးတွေ့ကြုံနေရတယ်၊ နီလောက်နှုတ္တတွေနဲ့ လုံးလည်ပတ်ချာရိုက်နေတဲ့ လူ့ဘဝကြီးကိုများ ဘာကြောင့်အမျိုးလူတွေက မက်မောဇက်တွယ်နေကြတာလဲ။

ထိုအချိန်မှာ ဝေဒီးဆိုင်ထဲဝင်လာတယ်။ နေရဲကိုမြင့်တော့ မျက်လုံးတွေထဲမှာ အောင်နိုင်သူတစ်ယောက်ရဲ့ တန်ပန်တွေအထင်းသား ပြာထွက်

www.burmeseclassic.com



သွားတယ်။ ပြီးတော့ မဆေ့ာမဲ့မြင်ပုံစံနဲ့လိုင်ပြီး အသင့်ငှဲ့ထားတဲ့ ရေနွေးခွက်ကို ကောက်ယူ မော့သောက်လိုက်တယ်။ သူ့အတွက်တော့ ဒီလိုလုပ်ရပ်မျိုးတာ နေရဲကို ပေါ်တင်ကြီးစိန်ခေါ်လိုက်တာပါ။ ဒါကိုသိရဲ့သားနဲ့ မသိချင်ယောင် ဆောင်နေတဲ့ လူနှစ်ယောက်ကတော့ အေးအေးဆေးဆေးပဲ။

"မင်းတို့ ငါလိုက်ရှာနေတာ နေရဲ၊ အိမ်သွားတော့လည်း တံခါး ပိတ်ထားတယ်"

"ဘာကိစ္စလဲ"

"ကြော် ယုမွန်မြင့်ပြောလိုက်လို့ပါ။ မင်းကို သူငယ်ချင်း အဖြစ်က စွန့်လွှတ်လိုက်ပြီတဲ့၊ မင်းနဲ့ပတ်သက်ပြီး ဘာကိုမှ အယုံအကြည် မရှိတော့ ဘူးတဲ့၊ မင်းဘာပြောပြော ပုံမြင်လိုပဲ သဘောထားတော့မယ်တဲ့၊ ငါက အဲဒီလို သဘောမထားဖို့ ငယ်သူငယ်ချင်းမို့တစ်ခါလောက်တော့ ခွင့်လွှတ် သင့်ကြောင်း၊ အနုအညွန့်တောင်းပန်ပြီးပြောပေမယ့် မရဘူး၊ ယုမွန်မြင့်က စိတ်ကြီးတယ်၊ မင်းဆို နာမည်တောင်မကြားချင်ဘူး၊ နောက်တစ်ခါ မင်းအကြောင်းပြောရင် ငါ့ကို အိမ်မလာနဲ့တော့တဲ့၊ ငါကွာ မင်းအတွက်လုံးဝ စိတ်မကောင်းဖြစ်သွားတယ်၊ ဒါပေမယ့် တရားသဘောနဲ့ဖြေရတာပေါ့၊ လူဆိုတာ ကိုယ်လုပ်တဲ့လုပ်ရပ်က ကိုယ့်ကို ပြန်ပြီး အဆိပ်တက်ပါတယ်"

ငွေးဦးစကား ခဏရပ်သွားတယ်။ ချစ်ဦးကနေရဲကို ဆတ်ခနဲ ကြည့်လိုက်တော့ ခံစားမှုကို မြိုသိပ်ထားသောကြောင့် တည်ငြိမ်အေးစက် နေတယ်။ ဒါဟာ နေရဲအကျင့်ပါ၊ သူက ပြဿနာတစ်ခုကို ဖြေရှင်းရတော့ မယ်ဆိုရင် ဘယ်တော့မှဒေါသပုပ္ပန်နဲ့ မလုပ်ရှားတတ်ဘူး။

"နေရဲ မင်းသိအောင်ထပ်ပြောရရင် ယုမွန်မြင့်ကို တောင်းပန် ချင်ရင်တောင် လုံးဝတောင်းပန်ခွင့်မရှိတော့ဘူး၊ သူတကယ်ပဲ စိတ်ဆိုးနေပြီ"

နေရဲနှုတ်ခမ်းလေးကို ကွေးညွှန့်ကျသွားတဲ့အထိ ပြုံးလိုက်တယ်။ ထိုအပြုံးကို ချစ်ဦးမြင်တော့ ပြန်လည်တိုက်ခိုက်ဖို့ အားယူထိုက်မှန်း

www.burmeseclassic.com

နားလည်လိုက်တယ်။

"အဲဒါ ယုမွန်မြင့်က ပြောတာလား"

"အေး ဟုတ်တယ်"

"အေးကွာ ခုလိုလာပြောတဲ့အတွက် ကျေးဇူးပဲ၊ လက်ဖက်ရည်သောက်ဦးလေ"

"ထင် . . . မင်းက ဘာကိုကျေးဇူးတင်လို့ လက်ဖက်ရည်တိုက်တာလဲ"

နေရဲက တွေးညွှန့်နေတဲ့ရုတ်ခမ်းတစ်စုံနဲ့ပဲ . . .

"ချစ်ဦးကိုမေးကြည့်၊ ဒီကောင်ရှင်းပြလိမ့်မယ်"

ဖွေးဦးအကြည့်က ချစ်ဦးဆီသက်ခနဲရောက်သွားတယ်။ ဒီနေရာမှာ ချစ်ဦးရဲ့ပါးစပ်မှုအဆုံ့မခန်းပါပဲ။

"ဒီလိုကွ မင်းမလာခင်ဘဲ နေရဲကပြောနေတာ၊ ယုမွန်မြင့်ကို မလည်ဘဲလိုက်ရှုပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို သူငယ်ချင်းအဖြစ် စွန့်လွှတ်ချင်တာကြာပြီတဲ့၊ ဒါ့ကိုမခင်ပါနဲ့တော့လို့ပြောရိုကြတော့ အား တယ်တဲ့၊ ခုတော့ နေရဲကမပြောရဘဲ ယုမွန်မြင့်ပြောတော့ ဒီကော ဘယ်လောက်ဝမ်းသာမလဲဆိုတာ မင်းစဉ်းစားကြည့်စမ်းပါ"

"ထင်"

ဖွေးဦးပါးစပ်အဟောင်းသားလေးနဲ့ ငေးငိုင်သွားတယ်။ ဒီအတိုင်း သူတာ နေရဲအတွက်ဝမ်းသာစရာစကားကို အခမဲ့ သယ်ဆောင်လာသ ဘဖြစ်နေပြီ၊ အဲကြောင့်လည်း သူ့ကိုလက်ဖက်ရည်တိုက်တာဖြစ်မယ်။

"မင်း ယုမွန်မြင့်ကိုပြောလိုက်ကွာ၊ ငါက ဝမ်းသာပါတယ်လို့"

နေရဲထပ်ပြောတော့ ဖွေးဦး ခေါင်းငိုက်စိုက်ကျသွားတယ်။ လော အထင်နဲ့အမြင်လွဲတဲ့လူတွေ အများကြီးရှိကြပါတယ်။ အဲဒီထဲမှာ သူ့ ဆိုးမြှစ်မှာပါ။ နေရဲနဲ့ပတ်သက်ပြီး အမိုက်ယူချင်တဲ့ စိတ်က ပြင်းထန်သလော

www.burmeseclassic.com 

အကြိမ်ကြိမ်အခါခါရှုံးနိမ့်နေရတယ်။ ဒီထက်ပိုပြီး ကြိုးစားနိုင်တဲ့ အရည်အချင်းလည်း သူမှာမရှိတော့ပေ။

ထိုအချိန်မှာ ဆိုင်ရှေ့ကို နေရဲနဲ့ဆုံတွေ့ဖူးတဲ့ သချိုင်းက သူတောင်းစားကြီးရောက်လာတယ်။ သူက နေရဲထိုင်နေတာကိုမြင်တော့ နှစ်နှစ်တာတာပြုံးကာ စားပွဲဝိုင်းကို လျှောက်လာပြီးခေါ်လိုက်တယ်။

“ကောင်လေး”

နေရဲလည်းခေါ်သံကြောင့် ဆတ်ခနဲမော့ကြည့်လိုက်တယ်။ သူတောင်းစားကြီးကိုမြင်တော့ အားရဝမ်းသာဖြစ်သွားတယ်။

“ဘယ်လိုလဲ ဦးလေး၊ တောင်းရတာ အဆင်ပြေလား”

“အချုံးပေါ်နေတယ် ကောင်လေး၊ လူတွေက အရင်ကလောက်မပေးကြတော့ဘူး”

“ဟုတ်တော့. . .ဟုတ်ပါတယ်၊ အခုဦးလေးလက်ဖက်ရည်သောက်မလား၊ ကျွန်တော်မှာလိုက်မယ်”

“မသောက်တော့ဘူး ကောင်လေး၊ သူတောင်းစားလို့ သတ်မှတ်ခံရတဲ့လူတွေဟာ လူလောကမှာ ဘယ်လိုပဲမှန်ကန်ပါနေပါစေ ပတ်ဝန်းကျင်ကအပြစ်တင်ချင်ကြတယ်။ ဒါကြောင့် ဒီဆိုင်အနေနဲ့ တန်ရာတန်ကြေးရတယ်ဆိုပေမယ့် ငါ့အတွက်ဆို လက်ဖက်ရည်တစ်ခွက်ရောင်းချင်မှာမဟုတ်ဘူး”

နေရဲ ဘာမှမပြောတော့ဘဲ ငါးရာတန်တစ်ရွက်ထုတ်ကာ ခွက်ထဲထည့်ပေးလိုက်တယ်။ ထို့ကြောင့် သူတောင်းစားကြီးက ဆုမျိုးစုံပေးပြီးထွက်သွားတယ်။

“မင်းနဲ့သိတာကြာပြီလား”

သူတောင်းစားကြီးမြင်ကွင်းမှ ပျောက်သွားတော့ ရွှေဦးကရွဲ့ရွဲ့လေးမေးလိုက်တယ်။ သူ့လေသံမှာ မနှစ်မြို့ခြင်းနဲ့အတူ ကဲ့ရဲ့ရှုံ့ချခြင်းတွေပါတယ်။ ဒါကိုနေရဲက လုံးဝဂရုမစိုက်ဘဲ အေးအေးဆေးဆေးပဲ ပြန်ပြော


www.burmeseclassic.com

www.burmeseclassic.com


လိုက်တယ်။

"မကြာသေးပါဘူးကွာ၊ သချိုင်းသွားတုန်းကမှ ဆုံခဲ့တာပါ"

"ဘာ. . . သချိုင်း။ မင်း ဘာသွားလုပ်တာလဲ"

"မင်းအတွက်နေရာရှိသေးလားလို့ သွားကြည့်တာ"

"မတုတ်တာမပြောနဲ့ နေရဲ"

"သေချင်းတရားကို မင်းဘယ်လောက်အထိ နားလည်ထားသလဲ ဒွေးဦး။ မင်းလိုမသေသေးဘူးလို့ ထင်တဲ့လူအချို့ အမြန်ဆုံးသေသွားတာ အများကြီးပဲ၊ ဒီမှာ လူတိုင်းတာတစ်နေ့သေရမှာပဲ၊ ဒါကြောင့် မင်းကိုယ်မင်း သေဖို့အဆင်သင့် ဖြစ်အောင်ကြိုးစားထားပါ"

"နေ. . .ရဲ"

"ဘာလဲ မင်းကသေရမှာကြောက်လို့လား"

"မသေချင်သေးတာကွ"

"စိတ်ချ မင်းသေရမှာပါ"

"တော်တော် နေရဲ၊ မင်းပါးစပ်ကို ပလာစတာနဲ့ ပတ်ထားစမ်း။ ထွီ. . နမိတ်မရှိတဲ့စကားကို မင်းမို့လို့ပြောထွက်တယ်"

"ဘာဖြစ်လို့လဲကွာ၊ နေရဲက အမှန်ပြောတာပဲ"

ချစ်ဦးက ထပ်ပြောတော့ ဒွေးဦးမိုဒေါသထွက်သွားပြီး. . .။

"ပါးစပ်တွေ ပိတ်ထားကြစမ်း၊ တောက်. . . တော်တော် ချော်သရေမရှိတဲ့ ကောင်တွေ၊ တောက်. . . သွားမယ်"

ဒွေးဦးဆိုင်ထဲမှ ဝုန်းခနဲထွက်သွားပြီး ကားလမ်းတစ်ဘက်ကိုကူးဖို့ ခနဲဖြင်လိုက်ချိန်မှာ နေရဲက လှမ်းအော်တယ်။

"ဒွေးဦးကားလာမှကူး"

နေရဲအော်သံကြောင့် ဒွေးဦးအလန့်တကြားနဲ့ ခြေစစ်လှမ်းပြီးဆုတ်ကာ ကားလမ်းကို မကူးရဲတော့ဘဲ လမ်းဘေးအတိုင်း လျှောက်သွားလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com 

“ဒီကောင်အရူးကွ”

“ရူးယုံတင်ဘယ်ကမလဲ ချစ်ဦးရေ့ စိတ်ကလည်း မိန်းမစိတ်၊ မနာလိုအားအရမ်းကြီးတာ”

“သူပြောတာကို မင်းစဉ်းစားသင့်တယ် နေရဲ”

နေရဲငိုင်သွားတယ်။ တကယ်တမ်းသာ ငွေးဦးစကားမှန်ခဲ့ရင် သူ တစ်ခုခုလုပ်ရတော့မယ်။

“ငါ ယုမွန်မြင့်ကိုတွေ့ချင်တယ် ချစ်ဦး”

“အဲဒီလည်း သွားတွေ့ပေါ့ကွာ”

“သူကတွေ့ခွင့်ပေးပါ့မလား”

“မင်းတွေ့ချင်တာကို သူက လက်မခံချင်ဘူးဆိုရင် သူလာတွေ့တာကို မင်းကလက်ခံလိုက်ပေါ့၊ ဒါဘာခက်တာမှတ်လို့”

“အေး အဲဒါတုတ်တယ်”

နေရဲအားရဝမ်းသာနဲ့ လက်ဖျောက်တစ်ချက်တီးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ . . အိမ်ရှင်တို့"

"ဗျို့ . . အိမ်ရှင်တို့"

အိမ်ရှေ့မှခေါ်သံကြောင့် ဒေါ်ညိုမြိုက အိမ်ပေါက်ဝထွက်ကြည့်တော့ စာပို့ဝန်ထမ်းလေးတစ်ယောက် တွေ့လိုက်ရတယ်။

"ဘာကိစ္စလဲ"

"စာလာပို့တာပါ အန်တီ"

"ဘယ်ကစာလဲ"

"ရန်ကုန်ကပါ။ ဒီအိမ်က ယုမွန်မြင့်တို့ အိမ်တုတ်ပါတယ်နော်"

"တုတ်တယ် ပေး. . .တ"

"အဒေါ်က ယုမွန်မြင့်လား"

"မတုတ်ဘူး။ ယုမွန်မြင့်ဆိုတာ ငါ့သမီးနာမည်"

"ဒါဆို ကျေးဇူးပြုပြီး ယုမွန်မြင့်ကိုခေါ်ပေးပါခင်ဗျာ၊ စာက တံဆိပ်ခေါင်းရင်ကိုယ်တိုင် လက်မှတ်ထိုးယူရမှာမို့လို့ပါ"

"ကြီးကြီးကျယ်ကျယ်၊ ငါလက်မှတ်ထိုးလို့မရဘူးလား"

"မရဘူး ခင်ဗျာ"

ဒေါ်ညိုမြိုအလိုမကျစွာနဲ့ အကဲခပ်လိုက်တာကို ကောင်လေးက အချိန်မီရိပ်မိလိုက်ပါတယ်။

"အန်တီ ယုမွန်မြင့်ကို မြန်မြန်ထွက်ပေးပါ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



စာပို့ရမယ့်တာဝန်ရှိသေးတယ်"

"ဒါဆို ခဏစောင့်၊ ငါလွှတ်လိုက်မယ်"

"ကျေးဇူးပဲ အန်တီ၊ နေပူလို့ ခြံဝကစောင့်နေမယ်"

"ထီးတော့ ယူမလာဘူး"

ဒေါ်ညိုမြိအပြစ်တင်ကာ အိမ်ထဲပြန်ဝင်လာခဲ့တယ်။ အထဲရောက်တော့ အခန်းထဲက ထွက်လာတဲ့ ယုမွန်မြင့်က မေးလိုက်တယ်။

"ဘယ်ကပြန်လာတာလဲ မေမေ"

"သမီးအတွက် စာဆိုလို့ သွားယူတာ"

"ဟင် ဘယ်ကစာလဲ"

"ရန်ကုန်ကတဲ့ စာက သမီးကိုယ်တိုင်လက်မှတ်ထိုးယူမှ ရမယ်လို့ပြောတယ်"

"ဘယ်သူပို့လိုက်တာပါလိမ့်၊ သမီးသွားယူလိုက်ဦးမယ်"

"လူက ခြံဝမှာနော်"

"ဟုတ်ကဲ့ မေမေ"

ယုမွန်မြင့် အိမ်ထဲမှ ပြေးထွက်လာခဲ့တယ်။ ခြံဝရောက်တဲ့အခါမှာတော့ အံ့ဩသွားပါတယ်။

"နေရဲ"

"ဟုတ်ပါတယ်ဟာ ငါက နင့်ကိုတွေ့ချင်လို့ စောင့်နေတာ"

"ဟင် ဒါဆို စာလာပို့တဲ့လူဆိုတာ. . . . . ."

နေရဲလက်ကြားထဲ ညှပ်ထားတဲ့စာကိုထောင်ပြပြီး. . .

"စာက ဒီမှာပါ၊ စာလာပို့တဲ့လူက စောင့်ရတာကြာလို့ ညည်းငြီးနေတာနဲ့ ငါယူထားလိုက်တာ"

ယုမွန်မြင့်တစ်ယောက် နေရဲရဲ့လှည့်ကွက်ကိုသဘောပေါက်သွားပြီ၊

"နေရဲ ဒါနင့်အကြံအကျန်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလုပ်လို့လဲတာ"

"တော်စမ်းပါ နေရဲရယ်၊ နင်ဟာ မတုတ်တာလုပ်ရမယ်ဆိုရ
သူငယ်ချင်းဆိုတဲ့ မျက်နှာကိုလည်း မထောက်ဘူး၊ သံယောဇဉ်ဆိုတာကိုလည်
ဥပေက္ခာပြုတယ်၊ နင့်လိုလူမျိုးနဲ့ မပတ်သက်တာအကောင်းဆုံးပဲ"

"တာ နင်အထင်မလွဲနဲ့ ယုမွန်မြင့်၊ ငါလုပ်ရပ်တွေက နင်
ထိခိုက်နစ်နာပါစေဆိုတဲ့ ဆန္ဒလုံးဝမပါဘူးဆိုတာယုံပါ"

"အတင်း . .တကယ့်ကိုရယ်စရာကြီး နေရဲ၊ ငါဟာ နင်
ပတ်သက်ပြီးတစ်ခါပဲ အနောက်ခံမယ်၊ နှစ်ခါဆိုရင် သိပ်ညံ့တဲ့မိန်း
စာရင်းထဲမှာ ပါသွားလိမ့်မယ်"

နေရဲကြောတွဲစွာ သက်ပြင်းရှိုက်လိုက်မိတယ်။ ပြီးတော့ ပင့်သ
ငွေ့ငွေ့ကိုချတာ ချစ်မိသူကိုကြည့်လိုက်တယ်။ တစ်ချိန်က ကျွမ်းဝင် နွေးထ
ခြင်းတွေနဲ့ ပေါင်းစပ်ထားတဲ့ သူတို့နှစ်ယောက်ဟာ ခုအချိန်မှာတေ
တကယ့်ကို သူစိမ်းပြင်ပြင် ဖြစ်နေပါလား။ ဘာကြောင့်များ သူချစ်လိုက်မိ
ချစ်သူက အထင်လွဲနေတာပါလိမ့်။

"ငါ့ စကားကို ယုံစမ်းပါ ယုမွန်မြင့်၊ ငါတကယ်ပြောနေတာ

ယုမွန်မြင့် မဲ့ရွဲ့လိုက်တယ်။ တစ်ချိန်က နေရဲဆိုတဲ့လူတစ်ယောက်
အပေါ် သံယောဇဉ်တွယ်နှောင်ခဲ့ဖူးပါတယ်။ ခုတော့ သူမပျိုးခဲ့တဲ့ သံယောဇဉ်
သူမကိုယ်တိုင်ပဲ ဖျက်ဆီးပစ်လိုက်ပါပြီ။

"မွေးနေ့ပွဲက လုပ်ရပ်ကို ငါတောင်းပန်ပါတယ်တာ၊ တကယ်
ငါပြုချင်တဲ့ လုပ်ကွက်တွေက နင့်ကိုလုံးဝမရည်ရွယ်ဘူး၊ အဲဒါယုံ"

"နင် ထပ်မနောက်ပါနဲ့တော့ နေရဲ"

"ငါအတည်ပြောတာပါတာ၊ ပြီးတော့ နင့်ကို ငါချစ်တယ်"

"ဘာ"

ယုမွန်မြင့် ဒေါသထွက်သွားတယ်။ နေရဲတာ ကော်တော်အတ



www.burmeseclassic.com

အပါလား အချစ်ကို နောက်စရာလို့သဘောထားမှန်းသိပေမယ့် သူတို့တော့ ...ထိုနောက်လိမ့်မယ်လို့ မထင်ခဲ့ပါ။ ခုတော့ အဆုံးစွန်အထိ စော်ကားချော်ပြီး ...ကြောင့် ဖြစ်တည်ခဲ့ဖူးတဲ့ သံယောဇဉ်တစ်ခုကို မေ့လျော့တာ နေ့ရဲ့ကို ...ရှာမုန်းတီးစွာနဲ့ ကြည့်ပစ်လိုက်တယ်။

"ငါ့ အချစ်ကို နှင်ယုံတယ်မဟုတ်လား ယုမွန်မြင့်"

"ဒီမှာနေ့ရဲ့ နင့်ရဲ့လုပ်ကြံထားတဲ့ ပုံပြင်တွေကို မစွန့်ပြီးကို ...နှးမတာသာ ရင်ခုန်မှာ ငါကတော့ လုံးဝပဲ"

"တာ"

ယုမွန်မြင့်ချာခနဲလှည့်တာ အိမ်ထဲပြန်ဝင်သွားတဲ့အထိ နေ့ရဲ့ ထိရှ ...တကျင်စွာနဲ့ ကြည့်မိနေဆဲ။

ပခုံးပေါ်လက်တစ်ဖက်ရောက်လာမှ သတိပြန်ဝင်လာတယ်။

"ဘာပြောလဲ နေ့ရဲ့"

"ငါ့အချစ်ကို သူမယုံဘူး ချစ်ဦး။ နောက်နေတာလို့ပဲ ထင်နေ ...တယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ အချိန်တွေရှိပါသေးတယ်၊ ...သွားကြမယ်"

ချစ်ဦးခေါ်တဲ့နောက်ကို နေ့ရဲ့လိုက်လာခဲ့ပေမယ့် နှလုံးသားတွေက ...တော့ ကျန်ခဲ့ပါပြီ၊ ခုအချိန်မှာ သူ့အတွက်အချစ်ဟာ ခါးသီးလောင်မြိုက်တဲ့ ...ဆေးတစ်ခွက်မဖြစ်ပါစေနဲ့လို့ ဆုတောင်းယုံမှတစ်ပါး. . .။

♡♡♡♡♡



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတဲ့
ဥယျာဉ်တစ်ခုထဲကို
သူဝင်သွားခဲ့တယ်။
ဘာတွေ ပါသွားသလဲဆိုတော့
စည်း ဝါးတွေကို ညီစေမဲ့
လက်နှစ်ဖက်ရယ်၊
နှလုံးသားကို ကြည်နူးစေတဲ့
သံစဉ်တစ်စုံရယ်၊
ချစ်တတ်တဲ့
နှလုံးသားတစ်ခုရယ်ပေါ့။
တကယ်လို့များ
အချစ်ဥယျာဉ်ထဲမှာ
သူ့ဘဝအတွက်
ယူကြုံးမရဖြစ်စေမဲ့
စွန့်လွှတ်ပေးဆပ်ခြင်းနဲ့
ရှုံးဆုံးအနစ်နာခံခြင်းတွေ
ရှိခဲ့မယ်ဆိုရင်တောင်
ခြေလှမ်းတွေက
နောက်ကို ပြန်လှည့်မှာ
မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မေမေ သားအပြင်သွားမလို့ ဘာခိုင်းဦးမလဲ"

နေရဲက အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ဝတ်ပြီး မိခင်ဖြစ်သူကို လှမ်းမေးလိုက်တယ်။ ဒေါ်မိုးမြင့်က ထမင်းအိုးငှဲ့နေရင်းနဲ့ . . .

"ဒီဆို (၁)လမ်းက ဒေါ်လှမြင့်အိမ်သွားပြီး ထမီအသစ်တွေရောက်နေပြီလို့ပြောခဲ့စမ်းပါ"

"ဟုတ်ကဲ့ မေမေ၊ ဒီဆို သားသွားပြီ"

"ကောင်းကောင်းသွားနော်"

နေရဲအိမ်ထဲကနေ ထွက်လာခဲ့ပါတယ်။ ကံဆိုးချင်တော့ လမ်းဆုံရောက်တဲ့အခါမှာ မစန္ဒာဖြိုးနဲ့ တည့်တည့်တိုးမိတယ်။ ထပ်ကံဆိုးချင်တော့ မစန္ဒာဖြိုးနောက်ကနေ လျှောက်လာသူက ပန်းများရဲ့သခင် ဦးလှမောင်ပါ။

"အတီး အတက်"

မစန္ဒာဖြိုးကိုမြင်တော့ နေရဲရင်းတွင်းခံစားချက်ဝေဒနာကို မေ့လျော့ ရယ်လိုက်မိတယ်။ ပြီးတော့ ယုမွန်မြင့်ပြောတဲ့စကားကို ပြုပြားအောင်ပြီး မစန္ဒာဖြိုးကို သနားသွားတယ်။

အပျိုကြီးမမက ခိုင်းခနဲမျက်စောင်းတစ်ချက်ထိုးဟာ ငိုတ်စိုတ်၊

www.burmeseclassic.com

ငိုက်စိုက်နဲ့ ထွက်သွားတော့ ဦးလှမောင်နဲ့ထပ်တွေ့တယ်။ ဒီတစ်ခါ နေ
ရယ်မပြဘဲ နှုတ်ဆက်လိုက်ပါတယ်။

"ဦးလေး ဘယ်သွားမလို့လဲ"

ဦးလှမောင်က ဒေါသထွက်နေတဲ့ မျက်လုံးနီကြီးနဲ့ကြည့်လိုက်သ
နေရဲ့အလိုလို ပခုံးတစ်ချက်တွန့်မိသွားတယ်။ ဒီလူကြီးလမ်းသွား နေရင်
လည်း စိတ်တိုတတ်တာပဲ။ လောကရဲ့အမှန်တရားကို နားမလည်တဲ့ လူတိုင်း
ဒီလိုပဲ စိတ်တိုတတ်သလား။

"ဦးလေး"

ဦးလှမောင်မေးကြောကြီး ထောင်သွားတာကို နေရဲတွေ့လို
ရတယ်။ ဒီသူ့အကြောင်းလေး ကိုယ်ကတော့ ပြောစရာရှိတာဆက်ပြောရမှာ

"ဦးလေး လက်ခံခွင့်ပြုမယ်ဆိုရင် ကျွန်တော်လာကန်တော့
ချင်တယ်၊ သီတင်းကျွတ်ပြီဆိုတော့ လူကြီးတွေကို ကန်တော့ရတဲ့အ
လိုချင်လို့ပါ။ ဘယ်လိုလဲ ခွင့်ပြုမှာလား"

ချက်ချင်းပဲ ဦးလှမောင်ဒေါသတွေ ပြေလျော့သွားတယ်။

"မင်းဘယ်တော့လာမှာလဲ"

"ဦးလေး ဘယ်သွားစရာရှိလဲ၊ ကျွန်တော့်ကိုအားမနာပါနဲ့

"ရတယ်၊ ဒီကပြန်ပြီးရင် တစ်နေကုန်အိမ်မှာရှိမယ်"

"ဟုတ်ကဲ့ ကျွန်တော် ထီပေါက်ရင်လာခဲ့မယ် ဦးလေး"

"ဘယ်လို"

"ဩော် ဒီနေ့ထီဖွင့်ရက်လေ၊ ကျွန်တော် သိန်းငါးရာဆု
ပေါက်ရင် ဦးလေးကို ပုဆိုး၊ အကျႌနဲ့ လာကန်တော့မလို့ပြောတာပါ"

"တော် တိတ် မင်းပါးစပ်ပိတ်"

ဦးလှမောင် နှာခေါင်းပွကြီး ဆက်ထွက်သွားတယ်။ ဒီတော့မှ နေရဲ
ခပ်တတလေးရယ်မောလိုက်ပါတယ်။ ဩော် လူတွေ လူတွေ အရာရာ


www.burmeseclassic.com

www.burmeseclassic.com



လိုမှတ်စုထဲနဲ့ကြည့်ပြီး စိတ်အပြောင်းအလဲကို အတင်းအဓမ္မ ထုတ်ဖော်ခဲ့ပါလား။

နေရဲအတွေးနဲ့အတူ ဆက်ထွက်လာခဲ့တယ်။ တော်တော်ကြာလျှောက်မိတဲ့အခါမှာ မေမေလွှတ်လိုက်တဲ့ ဒေါ်လှမြင့်အိမ်ကိုရောက်လာခဲ့ပါယ်။

"ဗျို့ ဒေါ်လှမြင့်"

နေရဲက ပိုင်ရှင်မသိဘဲ ခြံထဲမဝင်ချင်သဖြင့် ခြံပြင်ကနေလှမ်းလိုက်ပေမယ့် ထူးသံကထွက်ပေါ်မလာပေ။

"ဗျို့ ဒေါ်လှမြင့်"

"ဗျို့ ဒေါ်လှမြင့်"

ဒီလိုဆက်တိုက်ခေါ်တော့မှ အိမ်ထဲက ဆူဆောင့်အောင့်သံ ထွက်ာတယ်။

"ဘယ်ကောင်လဲကွ၊ ငါ့ကို ဒေါ်လှမြင့်လို့ခေါ်တာ"

"တိုက်"

တုတ်သားပဲ၊ ဒီအိမ်က ယောကျ်ားရော၊ မိန်းမပါ လှမြင့်ဆိုတဲ့ည်ကို အပိုင်စီးထားတာ မေ့သွားတယ်။ တယ် မတတ်နိုင်ဘူးလေ၊ ပြီးမှတော့ ရင်ဆိုင်ဖို့ပဲရှိတော့တာပေါ့။

"ဟေ့ မေးနေတယ်လေ၊ ခေါ်တုန်းကခေါ်ပြီး ဘာအခုမှ ငါးစင်သွားတာလဲ၊ အရက်သောက်နေတာ ဇိလင်ပျက်တယ်"

လှမြင့်ရသေးဘူး အသံကြားယုံနဲ့ ဆွဲရိုက်ပစ်ချင်စရာပဲ၊ စိတ်ထဲမှာမကျေနပ်ပေမယ့် မေမေခိုင်းလိုက်တဲ့ကိစ္စမို့ အဆင်ပြေအောင်ပဲ ပြန်ဖြေပ်ပါတယ်။

"ကျွန်တော်နေရဲပါ၊ မေမေလွှတ်လိုက်လို့"

"ဘာကိစ္စလဲကွ"

www.burmeseclassic.com

"ဒေါ်လှမြင့်ရှိလား"

"မရှိဘူး ဈေးသွားတယ်"

"အဲဒီ ဦးလေးကိုပဲပြောခဲ့ရမှာပဲ"

"ပြောခဲ့"

"မေမေက ထမီအသစ်တွေရောက်ပြီတဲ့"

"ထမီ ဘာလုပ်ဖို့လဲ"

"ဦးလေးဝတ်ဖို့ ဖြစ်မှာပေါ့"

"ဘာ"

အသံနဲ့အတူ လူရိပ်က အိမ်ထဲမှဝုန်းခနဲ ထွက်ပေါ်လာပါတယ်။ ခြံဝရောက်တဲ့အချိန်မှာတော့ နေရဲ့ အရိပ်အရောင်ကိုတောင်မတွေ့ရတော့ပေ။

"တောက် မင်းတော့လား"





နေရဲ့ခြေလှမ်းတွေ အလိုလိုရပ်တန့်သွားပါတယ်။ ကားဘရိတ်တောင် ဒီလောက်လောက်တိကျမှာ မဟုတ်ပေ။ ဘာကြောင့် ဒီလိုသူ့ခြေလှမ်းရပ်လိုက်သလဲဆိုရင် လမ်းကြားထဲကထွက်လာတဲ့အချိန်မှာ ယုမွန်မြင့်ကို တွေ့လိုက်လို့ပါပဲ။

"ယုမွန်မြင့်"

နေရဲ့ အားရဝမ်းသာနဲ့ အနားနားကပ်ပြီးခေါ်လိုက်ပေမယ့် သူမက လုံးဝလှည့်မကြည့်ပေ။ ဒါကြောင့် နေရဲရင်ယဲ တလိ၊ တလိဖြစ်သွားတယ်။

"ယုမွန်မြင့် နင် သွားတိုက်ဆေးလာဝယ်တာလား"

သူမတော်တော် စိတ်ပျက်သွားမိတယ်။ သွားတိုက်ဆေးမရှိလို့ ထွက်ဝယ်ခဲ့မိတာကိုက အမှားပဲ၊ အလာတုန်းက ပြဿနာမရှိပေမယ့် အပြန်ကျတော့ ကိုယ်တော်ချောက ဘယ်လိုပေါ်လာမှန်းမသိပေ။

"ယုမွန်မြင့် ငါခေါ်နေတယ်လေ. . .နင် ဘယ်အချိန်က နားပင်းသွားတာလဲ"

"ဘာ ပြောတယ်"

"ခြောက် ဒါတော့ကြားတယ်၊ အဲဒါပေါ့က နားပင်းပေမယ့် အတင်းမပြောနဲ့ ကြားတယ်လို့ ရှေးလူကြီးတွေပြောတာ"

"နေရဲ နင့်ပါးစပ်ပိတ်ထားနော်၊ ငါဘယ်တော့မှ နားမပင်းဘူး"

"သိပါတယ်တာ၊ ငါက နင်မကြားချင်ယောင်ဆောင်နေလို့


www.burmeseclassic.com

www.burmeseclassic.com


နေရဲခြေလှမ်းတွေ အလိုလိုရပ်တန့်သွားပါတယ်။ ကားဘရိတ်တောင်နှုတ်လောက်လောက်တိကျမှာ မဟုတ်ပေ။ ဘာကြောင့် ဒီလိုသူ့ခြေလှမ်းရပ်လိုက်သလဲဆိုရင် လမ်းကြားထဲကထွက်လာတဲ့အချိန်မှာ ယုမွန်မြင့်ကို တွေ့လိုက်လို့ပါပဲ။

"ယုမွန်မြင့်"

နေရဲ အားရဝမ်းသာနဲ့ အနားနားကပ်ပြီးခေါ်လိုက်ပေမယ့် သူမက လုံးဝလှည့်မကြည့်ပေ။ ဒါကြောင့် နေရဲရင်ယဲ တလိ၊ တလိဖြစ်သွားတယ်။

"ယုမွန်မြင့် နင် ဘွားတိုက်ဆေးလာဝယ်တာလား"

သူမတော်တော် စိတ်ပျက်သွားမိတယ်။ ဘွားတိုက်ဆေးမရှိလို့ ထွက်ဝယ်ခဲ့မိတာကိုက အမှားပဲ၊ အလာတုန်းက ပြဿနာမရှိပေမယ့် အပြန်ကျတော့ ကိုယ်တော်ချောက ဘယ်လိုပေါ်လာမှန်းမသိပေ။

"ယုမွန်မြင့် ငါခေါ်နေတယ်လေ. . .နင် ဘယ်အချိန်က နားပင်းသွားတာလဲ"

"ဘာ ပြောတယ်"

"ခြော် ဒါတော့ကြားတယ်၊ အဲဒါပေါ့က နားပင်းပေမယ့် အတင်းမပြောနဲ့ ကြားတယ်လို့ ရှေးလူကြီးတွေပြောတာ"

"နေရဲ နင့်ပါးစပ်ပိတ်ထားနော်၊ ငါဘယ်တော့မှ နားမပင်းဘူး"

"သိပါတယ်တာ၊ ငါက နင်မကြားချင်ယောင်ဆောင်နေလို့


www.burmeseclassic.com

www.burmeseclassic.com



တခင်သက်သက်ပြောလိုက်တာ၊ ဘယ်လိုလဲ ငါ့ရဲ့စကားလုံးတွေက နင့်ရဲ့နှလုံးသားကို ထိသွားတယ်မဟုတ်လား”

သူမစကားပြန်ပြောမိတာ မှားသွားမှန်း ချက်ချင်းသိလိုက်တယ်။ အကြောင်း ကိုယ်အားသာချက်လိုလို ပေါ်သဖြစ်တာ ကျွတ်တစ်ချက်သပ်ပြီး နေရဲကို အနားမှအပြန်ဆုံးနှင်ထုတ်လိုက်တယ်။

“နင်သွားတော့ နေရဲ”

နေရဲက မပကာပ်စာပ်နဲ့. . .

“ဟင့်အင်း. . ငါက တစ်သက်လုံး နင့်နားမှာနေပြီး ချစ်တဲ့အကြောင်းတွေပြောပြချင်တာ”

“နေရဲ”

နေရဲကို သူမစူးစူးရဲ ကြည့်ပစ်လိုက်တယ်။ ထိုအကြည့်ထဲမှာ ဒေါသတွေ ရှိမြဲပါသွားမှန်း နေရဲသိမှာပဲ

“နင့် ပါးစပ်ပိတ်ထား နေရဲ”

“ငါစကားမပြောတော့ ယုံကြည်ပြီး၊ နင်မယုံဘူးဆိုတာ သိပေမယ့် ငါတော့ တာဝန်နဲ့ဝတ္တရားအရ ဆက်ပြောရမှာပဲ၊ နင့်ကို ငါအရမ်းကို ချစ်မြတ်နိုးသွားပြီ”

“အေးလေ ပိုပြင်းဆိုရင်တော့ နားထောင်လို့မကောင်းဘူး နေရဲ ငါက နင်အပြောပြော မယုံဘူးဆိုတာ ခုသတဲ့အထိမှတ်ထားလိုက်ပါ”

“ရတယ်လေ၊ ဒါဆိုလည်း ငါက နင်ယုံတဲ့အထိပြောမှာပေါ့”

သူမ နှုတ်ခမ်းလေးလှုပ်ရွ တွန့်ထိမ့်သွားတာကိုကြည့်ပြီး နေရဲ ချက်ချင်း စွဲမက်ရာအလှတစ်ခုလို့ ထင်လိုက်မိပါတယ်။ နှလုံးသားထဲမှာ ထင်မှတ်တဲ့ ချစ်လိုက်မိတဲ့ချစ်သူလေးရဲ့ သူမရဲ့ပတ်သက်လို့ မြင်မြင်သမျှ အရာအားလုံးဟာ [illegible] သန့်နေပါတယ်။

“ယုံမှာပြီး ငါ့ရဲ့အချစ်ကို ရဲရဲဝင့်ဝင့်ယုံကြည်လို့ နင်ဘာဖြစ်လို့

www.burmeseclassic.com


အားနည်းနေတာလဲ၊ အချစ်နဲ့ပတ်သက်ပြီး သတ္တိရှိတဲ့ မိန်းကလေးတစ်ယောက်အဖြစ် နှင့်ရဲ့ဘဝကို သမိုင်းစာမျက်နှာသစ်အပေါ် ပစ်တင်လိုက်စမ်းပါတော့"

နေရဲကိုသူမ ပညာပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒီအတိုင်းလွှတ်ထားရင် ရှေ့လျှောက်ဒီလိုပဲ အမြင်ထွက်တိုင်း လိုက်နောက်ယှက်နေဦးမယ်။ ဒီပြဿနာကို ဒီနေရာမှာပဲ အပြတ်ဖြတ်ရတော့ပါမယ်။

"နေရဲ ငါ့ကို နှင်တကယ်ချစ်လား"

"ချစ်တယ်"

"ဘယ်လောက်ချစ်လဲ"

"အများကြီးချစ်"

"ဘယ်လောက်များလဲ"

"ကြောခဲ့လှကြီးလောက်"

"ဒါဆို ငါ့ကိုချစ်တဲ့အကြောင်းဆို နှင်သက်သေပြမလား"

"ဘယ်လိုသက်သေပြရမလဲ"

"နှင်ကြောက်ပြီး ထွက်မပြေးနဲ့နော်"

"မိတ်ချပါကွာ၊ နေရဲဆိုတာ သတ္တိတွေနဲ့ မွေးလာတာပဲ လုပ်"

သူမ လှိုက်လှဲစွာပြုံးလိုက်မိတယ်။ အချစ်တိုကောင် နောက်ဆုံးပဲ ပေါ့ပေါ့တန်တန်သဘောထားနေတဲ့ နေရဲကို တစ်ခါတည်းနာကျင်အောင် လုပ်ရတော့မယ်။

"နေရဲ တကယ် နှင်သက်သေပြချင်တာလား"

"ဘယ်လိုမေးလိုက်တာလဲ၊ ငါအရမ်းကိုသက်သေပြချင်တာပေါ့ ပြော. . .ငါဘာလုပ်ရမလဲ ဘာတိုင်ပေးရမလဲ"

"ထင်း နှင်က တကယ်သက်သေပြချင်တယ်ဆိုရင်တော့ ပြီးဖြီး ရတော့မှာပဲလေ၊ အဲ့ ငါ့အသက်အတွက်ရာမှာ"

နေရဲ ရင်တထိတ်ထိတ်နဲ့ နားထောင်လိုက်တယ်။ သူမပြောမယ့်

www.burmeseclassic.com

စကားတွေက လွယ်လွယ်ကူကူပဲ ဖြစ်ပါစေ။ ဥပမာ ထမင်းကိုဝါးပြီး မျို နိုင်းတာမျိုးပေါ့။

နေရဲတွေးနေချိန်မှာပဲ နိုင်ကျော်က ဆိုင်ကယ်နဲ့ရောက်လာတယ် သူမျက်နှာနိုင်ကျော်ကိုမြင်တော့ ကွက်ခနဲပျက်သွားတယ်။ လမ်းလယ် ကောင်ကြီးမှာ နေရဲနဲ့စကားပြောနေတာကို မလိုတမာနဲ့ ပြုသနာရှာ ခတ်ရချည့်ရဲ့ နဂိုထဲက သူမနဲ့နေရဲကို ဘာလိုလိုထင်နေတာ၊ ပြီးတော့ မိမိ မိဘတွေက,တဆင့် လက်ထပ်ခွင့်တောင်းထားသူ။

"နေရဲ နင့်စကားကိုမှတ်ထားပါ၊ ငါ့သက်သေပြနိုင်းတာ တိုလိုလို ဒီလိုလိုနဲ့ ငြင်းဖို့မကြိုးစားနဲ့"

"စိတ်ချစမ်းပါတာ၊ ငါက နင့်အတွက်ဆိုအမြဲတမ်းအဆင်သင့်ပဲ"

"အတင်း စောင့်ကြည့်ရသေးတာပေါ့"

နေရဲက ယုမွန်မြင့်လှည့်ထွက်သွားတာကို မတားမြစ်ဘဲ ကြည့်နေ လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရှေ့မှာ မာန်နတ်မျိုးရိုးက ဆင်းသက် လာတဲ့ နိုင်ကျော်ဆိုတဲ့လူရှိနေတယ် မဟုတ်လား။

"မင်း ယုလေးနောက်ကို ဘာလိုက်လုပ်တာလဲ နေရဲ နောက်ယှက်ဖို့ မကြိုးစားနဲ့နော်၊ ငါက လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး"

"ခင်ဗျားအရူးပဲ ကိုနိုင်ကျော်၊ ကျွန်တော်နဲ့ယုမွန်မြင့်က ငယ်သူငယ်ချင်းတွေဆိုတာ တစ်ရပ်ကွက်လုံးသိကြတယ်"

"ဒီစကားကို တိုတုန်းက ငါလက်ခံတယ်နေရဲ၊ ဒါပေမယ့် ခုအချိန်မှာ ယုလေးဟာ ငါနဲ့လက်ထပ်တော့မယ့် မိန်းကလေးဖြစ်နေတဲ့ အတွက် နောက်နောင်ဘယ်တော့မှ ပတ်သက်ဖို့မကြိုးစားပါနဲ့တော့"

"အဟင်း. . .ဟင်း ကျောက်ခေတ်ရဲ့ပုံပြင်လား ကိုနိုင်ကျော် ကျွန်တော်အကြောင်း ခင်ဗျားသိပါတယ်၊ နေရဲဆိုတဲ့ကောင်က ပုံပြင်ကို ယုံတတ်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com 

"မင်းပေါ်တော် စော်ကားပါလား"

"ခင်ဗျားမှတ်ထားလိုက်ပါ၊ ဒီ နေရဲရဲ့စတိုင်ပဲ"

"ဘာစတိုင်လဲ၊ မင်းကိုယ်မင်း ဘာကောင်လဲဆိုတာ သိရဲ့လား"

"ဒါတွေလာမပြောနဲ့ ကိုနိုင်ကျော်၊ ခင်ဗျားကိုယ်ခင်ဗျား ပြန်မေးလိုက်ပါ၊ ငါတာ ခွေးစိတ်ပေါက်နေပြီး ခွေးလိုအူတတ်လားလို့"

"မင်း. . ."

နိုင်ကျော် ဆိုင်ကယ်ဒေါက်ထောက်ပြီး ဒေါသတကြီးနဲ့ဆင်းလိုက်တယ်။ ခုံစိတ တဘက်ရန်သူကို အသေအကြေတိုက်ခိုက်တော့ မလို့နဲ့၊ နေရဲ ထက်သီးကိုဆုပ်ပြီး ခပ်တောင့်တောင့်လေးရပ်နေတာတွေ့တော့ တွန့်သွား တယ်။ သူတို့နှစ်ယောက်တာ တစ်မြို့ထဲနေကြတဲ့အတွက် တစ်ယောက် အကြောင်းတစ်ယောက်သိတာ မထူးဆန်းပါဘူး။ နေရဲဆိုတာ ပြဿနာမရှုခင် တောင် လိုက်ရှာနေတဲ့လူမတုတ်ပါလား။

"တောက် တစ်နေ့ ငါ့အကြောင်းသိစေရမယ်"

"အချိန်မရွေးဘဲ ကိုနိုင်ကျော်၊ နေရဲတာ မိုက်တဲ့နေရာမှာ အဖော်မထားတတ်ဘူး ခင်ဗျားကြိုက်တဲ့လူခေါ်လာခဲ့"

နိုင်ကျော် နီရဲနေတဲ့မျက်နှာကြီးနဲ့ ဆိုင်ကယ်ပေါ်ပြန်တတ်တာ မောင်းထွက်သွားတယ်။

ဒီလိုပါပဲ၊ အချို့လူတွေတာ မသိစိတ်နဲ့သိစိတ်မှာ ကိန်းအောင်းနေတဲ့ အကြောက်တရားကြောင့် ရဲဝံ့သူကိုတွေ့ရင် ရှောင်ဖယ်ထွက်ပြေးသွားတတ် ကြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

လှိုင်းကြီးလေလှောက်
တောင်ကြီးပေါ်အောက်
ဘဝထဲမှာ ဝတ်ရှုးတယ်
နီးပေမယ့်
တကယ်ကြိုးစားတော
လုံးဝမလွယ်ဘူး
ဘဝတာ
ကြိုးစားမှုတိုင်းဟာ
အောင်မြင်မယ်ဆိုရင်
ချစ်သူတို့ချစ်တယ်လို့
ပြောပြီး တတည်းက
အခြေဘောင်းစရာတောင်
မလိုတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

“ဒါဆို ကိုနိုင်ကျော်ပြောတာကို မင်းက ယုံတယ်ပေါ့”

ချစ်ဦးက နေရဲပြောပြတဲ့အကြောင်းအရာကို နားထောင်ပြီး ပြန်မေးလိုက်တယ်။ ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် သူတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်က အလွမ်းသီချင်းတွေချည်းဖွင့်နေတယ်။

“ဒီအချိန်မှာ အရာအားလုံးကို ငါလက်ခံထားတယ်ချစ်ဦး ဒါပေမယ့် ငါ့ရဲ့လက်ခံခြင်းက အရှုံးပေးဖို့မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် လူမွန်မြင့်နဲ့ပတ်သက်လို့ ငါ့ရဲ့ခြေလှမ်းတွေက ရှေ့ကိုဆက်တိုးနေမှာပဲ”

“မင်းရဲ့ စိတ်ဓါတ်ကို ငါသိတယ်နေရဲ၊ ဒါပေမယ့် တစ်ခုတော့ မင်းစဉ်းစားပါ။ ခုအချိန်မှာ မင်းဟာ ရာနှုန်းပြည့်ရှုံးနိမ့်နေသူ၊ လူမွန်မြင့်ကိုယ်တိုင် မင်းအချစ်ကို မယုံတာအဓိကကျနေတယ်၊ ဒီတော့ မင်းဘယ်လိုလုပ်ဖို့ စဉ်းစားသလဲ၊ နိုင်ကျော်တာလည်း ကြားထဲကအတင်းဝင်လာပြီဆိုတော့ မင်းအတွက်အချိန်သိပ်မရှိတော့ဘူး”

“ငါသိတယ် ချစ်ဦး။ လူမွန်မြင့်ကို ငါ့ကလွဲပြီး ဘယ်သူမှ ပိုင်ဆိုင်ခွင့်မရစေရဘူး”

“ဒါဆို မင်းမှာအကြံရှိတယ်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



နေရဲ ခေါင်းညိမ့်ပြပြီး . . .

"ငါဟာ ပြဿနာတစ်ခုကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ သဘောပေါက်ခဲ့တယ်။ ယုမွန်မြင့်နဲ့ပတ်သက်ပြီး ငါစိတ်ညစ်ခဲ့တယ်။ အဲဒီနောက်ပိုင်း အချိန်တိုကာလအတွင်းမှာ ငါ့စိတ်တွေမွန်းကြပ်သွားတယ်။ ခုတော့ အဲဒါတွေအကုန်လုံး မေ့ပစ်လိုက်ပါပြီ"

"နေရဲ မင်းအတွေးအခေါ်တွေ ဆန်းဒနပါလား"

"ဒီလိုပေါ့ကွာ လူတိုင်းဟာ တစ်နေ့အသက်ကြီးလာရင် တစ်နေ့အတွေးအခေါ်ရင့်ကျက်သင့်တယ် မဟုတ်လား။ ဒါပေမယ့် မွေးရာပါ ဦးနှောက်ထိခိုက်ပျက်စီးခဲ့သူနဲ့ ကြီးလာမှ ဦးနှောက်အခန်းပျက်တဲ့လူတော့ မပါဘူးပေါ့၊ မင်းငြင်းမှာစိုးလို့ ကြိုကာထားတာ"

"လူပါး"

"အကြောင်းသိတွေလေ"

နှစ်ယောက်စလုံးပြိုင်တူ ရယ်မောလိုက်ကြတယ်။ လူ့ဘဝဆိုတာ နေတတ်မှ ပျော်စရာကောင်းတာပါ၊ ဒါပေမယ့် သေတတ်ဖို့လည်း လိုလိမ့်မယ်ထင်တယ်။

"ကိုနိုင်ကျော်ကို လျှော့မတွက်နဲ့ နေရဲ၊ ဒီလူက ကိုယ်တိုင် မလုပ်ရဲပေမယ့် တပည့်တွေရှိတယ်"

"ယောကျ်ားပဲကွာ၊ ဇော်ကားလာရင်တော့ လက်တုံ့ပြန်ရမှာ ပေါ့၊ အဲဒီအတွက် ထောင်ဆိုတာကို ငါမကြောက်ဘူး ချစ်ဦး"

"အတတ်နိုင်ဆုံးတော့ ရှောင်ပေါ့ကွာ"

"အေးပါ ငါလည်း ပြဿနာမဖြစ်ချင်ပါဘူး"

"ဒါနဲ့ ယုမွန်မြင့်က မင်းတို့ ဘယ်လိုသတ်သေဖြင့်းမယ် ထင်လဲ"

နေရဲခဏစဉ်းစားလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"လော်တာရီလောက်ကိုပြီး ဖွေးလိုရှာနိုင်မယ်လို့တော့ မထင်မိဘူးတွေ"

"အင် ပြီးတော့ရော"

"ကျွန်မပါးကို ခပ်ကြမ်းကြမ်းနမ်းပါလို့လဲ ပြောမယ်မထင်ဘူး"

"အင် ပြီးတော့ရော"

"သူ့အဖေနဲ့ ဖို့ကိုအပြေးဖြိုင်ရိုင်းမယ် မထင်ဘူး"

"ထားပါတော့ ပြီးတော့ရော"

"အိမ်နဲ့ခြံရောင်းပြီး ငါ့ကို စီးရီထုတ်ပေးမယ် မထင်ဘူး"

"တင် မင်းတကာကလည်း မထင်တာတွေများနေပြီ"

"အင်းလေ ကိုဖြိုးထီထိုးသလိုပေါ့"

"အိုတော ဒီတစ်ခါတော့ စိတ်ဝင်စားပြီး ကိုဖြိုးက ထီကို ဘယ်လိုထိုးသလဲ"

"နည်းနည်းထူးဆန်းတယ်တွ"

ချစ်ဦးမျှတ်လုံးတွေ စိတ်ဝင်စားလွန်းသဖြင့် အရောင်တောက်အာတယ်။ ထီကိုတော့ သူမြင်ဖူးပါတယ်။ တစ်ခါမှတော့ မထိုးဖူးဘူး ဆိုတယ်လို့ ကိုဖြိုးထီထိုးနည်းကိုသာရရင် တစ်စောင်တော့ထိုးရမယ်၊ ထီပေါက်ရင် ချိုတုနီတတ်ပြီး မင်းသားလုပ်ပစ်မယ်၊ အရိုက်တာတိုလည်း ကိုယ်ကြိုက်တဲ့မင်းသမီးငှားနိုင်းမယ်၊ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ရိုက်တာဆိုတော့ တတ်ညွှန်းမလိုဘူး။ ရှုတင်မနီရေရှာနဲ့ နောက်က ရှုတင်ထမင်းဆိုင်ကိုစားရဲ့ထူ ဆိုဘူး။ တင်မရာက မှန်ကြီးကိုင်တဲ့ခပ်ညီညီ တင်မရာဆိုရင်တော့ ရှိနေတာ ဆိုပေမယ့် စိတ်ဝင်ခန်းက တစ်ခန်းထဲရယ်၊ အဲဒီအခန်းကို ပရိသတ်တွေကြိုက် စိတ်ဝင်စားမှာပါ။ ရေကူးဝတ်စုံနဲ့ မင်းသမီး ရေကူးနေတဲ့အခန်းမှာ သူ့မင်းသမီးရေကူးတာကို ငေးကြည့်နေတဲ့ ချစ်သူ ... ချစ်သူစော် ဆိုတော့လေ...။

ကိုဖြိုးက ထီကိုဘယ်လိုထိုးသလဲ

www.burmeseclassic.com

"မပေါက်နိုင်ဘူးထင်တဲ့ ထီစောင်ကိုရွေးပြီးထိုးတာ"

"အမ် ဘာဖြစ်လို့လဲ"

"လွယ်လို့တဲ့"

တာ သွားပြီ၊ သူ့စိတ်ကူးလေးပျက်သွားပြီ၊ အဲဒါကိုမြိုးဆိုတဲ့ ခပ်ပိန်ပိန်ငနဲမကောင်းလို့၊ အင်းကြောင့် သူကြိုက်တဲ့ မင်းသမီးရေကူးတာတောင် သေမကြည့်ရတော့ပါလား။

"ဘယ်လိုလဲ ချစ်ဦး၊ လွယ်တယ်မတုတ်လား"

"တော်ပါတော့ကွာ၊ မင်းပြောတဲ့ ကိုမြိုးနည်းတာ ဆယ်ဘ ပြောင်းပြီး လူဖြစ်ရင်တောင် ပေါက်မှာမတုတ်ဘူး"

နေရဲလွတ်လပ်ပေ့ါပါးခြင်းများစွာနဲ့ ရယ်မောလိုက်ပါတယ်။ လူ့ဘ ဆိုတာကို ရယ်မောခြင်းနဲ့စတင်ကြပြီး ရယ်မောခြင်းနဲ့အဆုံးသတ်ခွင့်ရရင် ဘယ်လောက်များကောင်းမလဲ၊ အဲဒီ လူတိုင်းတာ ပျော်ရွှင်ခြင်းဆိုတဲ့ စံအိမ်တစ်ခုထဲမှာ ခိုလှုံခွင့်ရကြမှာပါ။

"နေရဲ"

"ပြော မင်းရဲ့စကားသံတွေကို ငါနားထောင်နေတယ် ချစ်ဦး"

ချစ်ဦး ချက်ချင်းမပြောသေးဘဲ လက်ဖက်ရည်မွှေတဲ့ဇွန်းလေးကို ခုံစောင်းပေါ်မှာ အဖျားလေးတင်ကာ တောက်လိုက်တယ်၊ လက်ဆမှန်တဲ့ အတွက် ဇွန်းလေးတာ တစ်ပတ်လည်ပြီး ကုန်နေပြီဖြစ်တဲ့ လက်ဖက်ရည်ခွက်ထဲ ထွတ်တိကျသွားတယ်။ ဒါတာ ၂၀ရာစုနှောင်ပိုင်းလောက်က သူတို့မြို့မှာ အလွန်ခေတ်စားခဲ့တဲ့ အပျင်းပြေကစားနည်းတစ်ခုပါ။ ခုတော့ မှိန်အီသွားလို့ သတိတောင်ရမှာမတုတ်တော့ဘူး။ ဒါပေမယ့် ချစ်ဦးကတော့ အမှတ်တရ ရှိနေတုန်းပါပဲ။

"တစ်ခါတစ်လေ မင်းကိုကြည့်ရတာ ငါလုံးဝအားမရဘူး နေရဲ၊ အေးတိအေးစက်ကြီးနဲ့ ညသိပ်ထားတဲ့ယာဂုအိုးကြီးနဲ့တူတယ်"

"ပြောင်းလဲခြင်းဆိုတဲ့ သဘောတရားအတိုင်းပေါ့ကွာ အချစ် …ဆိုတဲ့အကြောင်းအရာတစ်ခု နှလုံးသားထဲကိုဝင်လာသူတိုင်း တခဏတော့ …အစက်သွားတတ်ကြပါတယ်"

"ထုတ်ပါဦး တိုးသသနရယ်၊ အခု မင်းဘာလုပ်မလဲဆိုတာ …တိကျကျပြောစမ်းပါ ငါနည်းနည်းလောက်ရင်ခုန်ချင်လို့"

"အဲဒီ ရင်ခုန်လိုက်တော့၊ မနက်ဖြန် ယုမွန်မြင့်ကို တောင်းဆို့ …ဖြတ်ထားတယ်"

"ဟင်. . .မင်းလုပ်ပုံက အဆင့်တွေကျော်နေသလိုပဲ"

"မတတ်နိုင်ဘူးကွာ. . .သူကမှ ငါ့အချစ်ကို မယုံတာဘဲ၊ …တိုင်းပဲ လုပ်ရတော့မှာပေါ့"

"လာ နောက်တယ်လို့ထင်ဦးမယ်"

"မေမေ ပါမှာပဲကွာ"

နေရဲ လက်ကျန်လက်ဖက်ရည်ခွက်ကို အတွန့်မော့သောက်လိုက်တယ်။ …အသေအချာမမွှေလို့ထင်တယ်။ ခွက်ဝင်မှာ နို့ဆီတွေတပ် ကျန်နေတယ်။ …ဘာလည်း၊ တန်ရာတန်ကြေးပေးပြီး ဆုံးရှုံးလိုက်ခြင်း တစ်မျိုးပါပဲ။ …ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုတစ်ခုက အရာဝတ္ထုတွင်းသာမက …ခြင်းမေတ္တာပေါ်မှာလည်း ကြီးဆိုးချယ်လှယ်ခွင့်ရှိရင် ဘယ်လောက် …ကောင်းမလဲ၊ ခုတော့အချစ်ပေးပြီး အချစ်မရတဲ့ဘဝဟာ တရားထိုင်လို့ …လာတဲ့ဝေဒနာထက် ခံရဆိုးပါတယ်။

"ငါလိုက်ရဦးမှာလား နေရဲ"

"တန်တော့ပွဲရွက်ဖို့တော့ လူလိုတယ်"

"မင်းတော်တာလဲ"

ချစ်ဦး အီလည်လည်ဖြစ်သွားတယ်။ အဲဒီပေမယ့် ဘာတတ်နိုင်မှာလဲ။ …အကျိုးပေးတော ဒီလိုပဲဖြစ်ပေါ်လာတာလို့ မှတ်ထင်လိုက်ပါတယ်။

www.burmeseclassic.com

"ချစ်ဦး . . .မင်းကို စကားတစ်ခုပုစ်မယ်။ တစ်ခါက
မြစ်တစ်ဘက်ကမ်းမှာ လူတစ်ယောက်ဟာ လှေတစ်စင်းနဲ့ ကျား၊ နွား
မြက်ထုံးတို့ကို မြစ်ကိုဘက်ကမ်းသယ်ချင်နေတယ်။ ဒါပေမယ့် ခက်နေတာက
လှေကလေးကတော့ လူတစ်ယောက်နဲ့ သတ္တဝါတစ်ကောင်(သို့) မြက်ထုံးနဲ့
လူတစ်ယောက်ပဲ တင်လို့ရတယ်။ အဲဒီမှာ ထပ်ခက်နေတာက ကျားကလည်း
လူလစ်တာနဲ့ နွားကိုစားမယ်။ နွားကလည်း လူလစ်တာနဲ့ မြက်ထုံးကိုစားမယ်
ရှင်းရှင်းပြောရရင် ကိုယ့်အစာကို ကိုယ်စားရဖို့ လူအလစ်စောင့်နေတာပေါ့ကွာ
ဒါကြောင့်ပိုင်ရှင်ဟာ ဘာကိုအရင်သယ်ရမလဲဆိုတာစဉ်းစားပြီး ဘယ်လို
အဆင်ရင်ကောင်းမလဲလို့ အကြံထုတ်လိုက်တယ်။ နောက်ဆုံးတော့ သူဟာ
အဖြေမှန်ကိုရှာဖွေတွေ့ရှိခဲ့တယ် ချစ်ဦး၊ ကဲ မင်းဆိုဘယ်လိုသယ်မလဲ"

နေရဲစကားဆုံးတော့ ချစ်ဦး စဉ်းစားလိုက်တယ်။ မေးတဲ့မေးခွန်းက
လွယ်မယ်ထင်ပေမယ့် မသိမသာလေး ခက်နေတာကို သေချာစဉ်းစားကာမှ
သိလိုက်ရတယ်။

"နွားကိုသယ်ရင်တော့ ကျန်ခဲ့တဲ့ကျားက မြက်ကိုစားမှာ
မဟုတ်ဘူးကွ"

"ဟုတ်ပြီ၊ နွားကိုဘက်ကမ်းရောက်သွားပြီ၊ နောက်ထပ်
ဘာသယ်မလဲ"

"ကျားကို သယ်မယ်"

"ကောင်းပြီ၊ ကျားကိုဘက်ကမ်းရောက်သွားပြီ"

"ဒါလည်း မဖြစ်သေးဘူးကွ"

"ဘာဖြစ်လို့လဲ"

"လူမရှိရင် ကျားက နွားကိုစားမှာပေါ့"

"ဒါဆို မြက်ထုံးသယ်ရင်ရော"

"မဖြစ်ဘူး။ လူမရှိရင် နွားက မြက်ကိုစားမှာ

www.burmeseclassic.com 

"အဲဒီလို စဉ်းစားကွာ"

ချစ်ဦးထပ် စဉ်းစားလိုက်တယ်။ မျက်လုံးလေးမှေးလိုက်၊ ပြန်ဖွင့်လိုက်၊ မျက်ခြောလေးရှုံ့လိုက်၊ ပြန်ဖြေလိုက်နဲ့ တော်တော်ကြာကြာ စဉ်းစားတဲ့အထိ အဖြေတွေမရပေ။

"ဘယ်လိုမှ သယ်လို့မရဘူးနေရဲ၊ မင်းပဲ သယ်ပြစမ်းပါ"

နေရဲပေါ့ပါးစွာ ရယ်မောလိုက်တယ်။ ဒီစကားထာတာ လွန်ခဲ့တဲ့ဆယ်နှစ်ယောက်လောက်ကထဲက သူတို့ဆီရောက်လာတာပါ။ အမှတ်တမဲ့နေရလို့ ချစ်ဦးမှသိလိုက်တာဖြစ်မယ်။ စကားထာထဲမှာ သူ့ရှာဖွေတွေ့ရှိလိုက်တဲ့ အရာကလည်း သူများတွေလိုအဖြေမထုတ်ဘဲ အခြားအကြောင်းအရာတွေစိမ့်ဖြစ်နေတယ်။ အဲဒါကြောင့်လည်း သူဆုံးဖြတ်ချက်နဲ့သတ်ဆိုင်လို့ ချစ်ဦးကို ရှက်လိုက်တာပေါ့။

"မင်းပထမဆုံးနွားကို သယ်တာမှန်တယ်ချစ်ဦး။ ဒါမှ ကျားက မြက်ကိုမစားမှာ၊ ဒုတိယက ကျားကိုသယ်တယ်၊ ဟိုဘက်ကမ်းရောက်တဲ့အခါမှာ ကျားကိုထားခဲ့ပြီး နွားကိုပြန်သယ်လာမယ်၊ ပြီးတော့ နွားထားခဲ့ပြီး မြက်ထုံးကိုသယ်လာမယ်၊ အဲဒီ ကျားနဲ့မြက် ဟိုဘက်ကမ်းရောက်သွားပြီးပြီးမှ အေးအေးဆေးဆေး နွားကိုပြန်သယ်မယ်။ အဖြေက ဒါပါပဲကွာ"

"မင်းဖြေတော့လည်း ရှင်းသွားတာပဲ၊ အဲ ဒီစကားထာကို ဘာအဓိပ္ပာယ်နဲ့ ရှက်တာလဲ"

"ဘာရယ် မဟုတ်ပါဘူးကွာ၊ အဓိက စဉ်စားစရာတ်ဖို့ဆိုတဲ့ အကြောင်းအရာလေးကို ချပြချင်ကာ၊ ကိုယ်ရဲ့ပစ္စည်း မရှုံးချင်ရင်၊ ကိုယ်ဖြစ်ချင်တာဖြစ်ချင်ရင် သာမန်ထက်ပိုပြီး စဉ်းစားတွေးခေါ်သင့်တယ်၊ လူတော်တော်များများတော့ ပန်းပွင့်တာပဲ မြင်ကြတယ် ချစ်ဦး၊ အဲဒီပန်း ဘယ်လိုပွင့်လဲဆိုတာ မစဉ်းစားကြဘူး။ ဘယ်ကိစ္စမဆိုပေါ့ကွာ၊ အမြင်မြင် ရှက်ပြီး တွေးရင်တော့ ရင့်ကျက်တဲ့အတွေးများခေါ်ပိုင်ရှင် ဘယ်တော့မှ

www.burmeseclassic.com



ဖြစ်လာမှာ မဟုတ်ဘူး။ အခု ယုဇ္ဇန်မြင့်ကိုသွားတောင်းမဲ့ကိစ္စကိုလည်း ငါသေချာ စဉ်းစားတွက်ချက်ပြီးမှ ဆုံးဖြတ်တာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ယုဇ္ဇန်မြင့်ကို တောင်းမယ့်ကိစ္စဟာ လုံးဝအဆင်ပြေမှာမဟုတ်ဘူးဆိုတာ ငါသိနေတယ်။ နဂိုထဲက အမြင်မကြည်လင်တဲ့ ဦးသန်းစိုးနဲ့ဒေါ်ညိုမြိုတို့ကလည်း သူတို့ သဘောတူနေတဲ့ သမက်လောင်းနိုင်ကျော်နဲ့ ငါ့ကိုနှိုင်းယှဉ်မှာပဲ၊ ငါမကောင်းရင် ဘတ်ပတ်စက်စက်အပြောခံရလိမ့်မယ်။ ယုဇ္ဇန်မြင့်ကိုယ်တိုင် ငါ့ကိုမယုံတော့ ဖိုးဆိုးတာပေါ့၊ ဒါတွေကိုငါက သိရဲ့သားနဲ့ တောင်းဖို့ဆုံးဖြတ်ခဲ့တာဟာ ဖွင့်တစ်ခုကိုလိုချင်လို့ပဲ၊ တစ်ခါတစ်လေ မထင်မှတ်တဲ့လုပ်ရပ်လေးတစ်ခုက ဖုံးအုပ်နေတဲ့နှလုံးသားကို ချေဖျက်နိုင်စွမ်းရှိသလို၊ မယုံကြည်တာကိုလည်း ဖျက်သုန်းစေနိုင်တယ်။ ခုတော့ဒီလောက်ပဲ မင်းနားထောင်ထားလိုက်ဦး။ နောက်ကြိမ်ရဲ့ နောက်ပိုင်း ဘာဖြစ်လာမလဲဆိုတာ မင်းသိလာလိမ့်မယ်"

ဒီတစ်ခါတော့ ချစ်ဦးက လုံးဝငြိမ်သက်သွားတယ်။ အနာဂတ်ကို မျှော်ရှင်မှုတွေနဲ့နှိုင်းချင့်ဖို့ နေရဲမှာ ဘယ်လိုအကြံအစည်ရှိမလဲ။ နေရဲရဲ့ အတွေးအခေါ်နဲ့လုပ်ရပ်တွေက တစ်ချက်ဆို၊ ဆိုသလောက် ထိထိမိမိ ရှိတာကိုတော့ သူယုံကြည်ထားတယ်။

"ဈေးသွားမယ် ချစ်ဦး"

"ဘာကိစ္စလဲ"

"ပွဲပြင်ရမယ်လေ"

"တော့ ရှင်းမယ်"

ချစ်ဦးက စားပွဲထိုးလေးကိုခေါ်ကာ လက်ဖက်ရည်ဖိုးရှင်းလိုက်တယ်။ ပြီးတော့ သူတို့နှစ်ယောက် ဈေးကိုထွက်လာခဲ့တယ်။ လမ်းမှာ နေရဲက သူ့ရဲ့အကြံအစည်တွေကို တစ်ခုချင်း ချစ်ဦးကိုပြောပြလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com 

"အံမယ် ထူးထူးဆန်းဆန်း ဘာလာရှပ်တာလဲ"

အုန်းသီးရောင်းနေတဲ့ ဒေါ်မြတ ေနရဲနဲ့ချစ်ဦးတို့ဆိုင်ရှေ့လာရပ်တာ
အွ့လိုက်ရသဖြင့် လှမ်းမေးလိုက်တယ်။ မနက်ပိုင်းဆိုတော့ ဈေးတာ
ည်တားလှပါတယ်။ အုန်းသီးရောင်းတဲ့ဆိုင်မှာတောင် ဈေးဝယ်သူတ ပြွတ်သေး

"ဒေါ်မြဆီမှာ အုန်းသီးလှလှလေးတစ်လုံးလောက် ရှိလားတင်"

"ဘာလုပ်မလို့လဲ နေရဲ၊ ဘယ်သူ့ကို သွားနှုတ်မေးဦးမှာလဲ"

"တာ ဒေါ်မြတလည်း ရမ်းပြောနေပြန်ပြီ၊ ကျွန်တော်က ဖွဲ့ဖြိုးဖြိုး
..ကောင်းမလို့ပါ။ သိတယ် မဟုတ်လား။ မိန်းမတောင်းမယ့် အုန်းသီးတ
..တ်ဖြိုးလေးထောင်နေမှ ဖြစ်မှာ၊ အိမ်မှာ ယောက္ခမတွေက သဘောတူ
..လေ"

နေရဲစကားကြောင့် ဒေါ်မြအပါအဝင် ဈေးဝယ်သူတွေ တအံ့တဩ
..သွားကြတယ်။ အဲဒီထဲမှာ နေရဲတို့နဲ့တစ်လမ်းထဲနေတဲ့ ဒေါ်လှအုန်းလည်း
..ယ်။

"အံ့မယ် ကြီးကြီးကျယ်ကျယ် နင်က ဘယ်သူ့သမီးကို
..တောင်းမလို့လဲ နေရဲ၊ ငါသိသလောက်ဆိုရင် နင်လို ဖရုပ်သုတ်ခဲ
..ထ်ကိုစိတ်အနှောင့်အယှက်ပေးတဲ့လူမျိုး၊ ဘယ်သမီးရှင်တမှ သဘော
..ကြည် သဘောတူမှာမဟုတ်ဘူး"

"အဲဒါခက်တာပေါ့၊ ဒေါ်လှအုန်းက ခေတ်ရဲ့ ...ဘာတ်မြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျနေတဲ့အတွက် တိုးတက်နေတဲ့ လူငယ်တွေဘက်ကကြည့်ရင် ဆွေးမြေ့နေတဲ့ သစ်မြစ်ကြီးလိုဖြစ်နေတယ်။ မှတ်ထား ဒေါ်လှခုန်း . . . ကျွန်တော်က ဇရှပ်သုတ်ခနဲ့ သူတစ်ပါးစိတ်ကို အနှောင့်အယှက်ပေးတယ် ဆိုတာ ခေတ်တစ်ခုရဲ့စတိုင်သစ်ကို တီထွင်နေတာ၊ ဒါကိုပဲ မိန်းကလေး တွေက အရမ်းသဘောကျနေတာ သိရဲ့လား ဒေါ်လှခုန်း ကံကောင်းပါတယ် ကံဆိုးပြီး သမီးလေးသာမွေးခဲ့ရင် . . .”

ဘာပြောတယ် နေရဲ

ဪ . . . အချက်အပြုတ်နဲ့ဈေးသွားဈေးလာကို ကိုယ်တိုင်လုပ်စရာမလိုဘူးဆိုတာ ပြောမလို့ပါ

နင် . . .

ဒေါ်လှခုန်းမျက်နှာ နီးနီးခစ်ခစ်ရယ်သံတွေကြားထဲမှာ မဲမှောင်သွားတယ်။ ဒီအတိုင်းဆို ကြာကြာနေရင် ဆက်အရှက်တွဲခံရတော့မယ်။ ရေရဲလို တစ်ဖွဲ့တက်တဲ့လူမျိုးကို စော်ပြုင်ပြီးစကားပြောလို့ ဘယ်သူနိုင်မှာလဲ

ကျွန်မ သွားတော့မယ် မမြ ဒီလိုတောင်မှုံဝယ်တဲ့ ဆိုင်တော့ လာသိမ်တော်မှာပါ

“တကယ် သွားတော့မှာလား ဒေါ်လှခုန်း”

နင့်အကြောင်းမပါဘူး

ကျွန်တော် မင်္ဂလာဆောင် စိတ်စာပို့လိုက်မယ်

“လုံးဝ မလာဘူး”

လက်ဖွဲ့လက်မခံဘူးဗျ

ဒါဆို မေယာက်ျားနဲ့သားနှစ်ယောက်ကို လွှတ်လိုက်မယ်

ဝေ

ဒီတစ်ခါတော့ ရယ်သံက “ဝှန်း” ခနဲထွက်ပေါ်လာပါတယ်။ ဒေါ်လှခုန်းလည်း စကားမှားသွားမှန်းသိလိုက်သဖြင့် ရှက်နေတဲ့မျက်နှာနဲ့

www.burmeseclassic.com


ဘောက်ဆက်၊ ဘောက်ဆက်ထွက်သွားတယ်။

ဆိုင်ရှေ့မှ ဒေါ်လှအုန်းပျောက်သွားတယ်ဆိုပေမယ့် နောက်ထပ် ဆယ်သူတစ်ယောက် ရောက်လာပါတယ်။

"မပြ အုန်းသီးတစ်လုံးလောက်"

နေရဲလည်း အသံပိုင်ရှင်ကို ဆက်ခနဲလှည့်ကြည့်လိုက်တယ်။ သူမွန်မြင့်ရဲ့ မယ်တော်ဘုရား ဒေါ်ညိုမိကိုမြင်တော့ ရိုက်ဆိုင်မှုတစ်ခုကို ဆယ့်ရဲစွာနဲ့ ယုံလိုက်ရတယ်။

"အန်တီ အုန်းသီးလာဝယ်တာလား"

ဒေါ်ညိုမိက နေရဲအသံကြားခြင်း မျက်နှာကိုတင်းပစ်လိုက်တယ်။ ဒီလိုကောင်မျိုးနဲ့ စကားပြောဖို့လိုမှ မလိုတာဘဲ။

"ကျွန်တော်လည်း အုန်းသီးလာဝယ်တာ၊ မနက်ဖြန် ယောက္ခမ အိမ်သွားပြီး မိန်းမတောင်းမလို့"

ဒေါ်ညိုမိနားမထောင်ပေမယ့် စကားလုံးတွေက ရောက်လာသမြင့် အုံ့ဩသွားမိတယ်။ ဒါပေမယ့် အံ့ဩစိတ်ကို ဘယ်သူမှမသိခင် အံ့ကြိတ် ချေဖျက်လိုက်ပါတယ်။ နေရဲဆိုတာ အငွေ့အသက်တောင်မှ ယုံကြည်ရတာ မတွေ့တော့ ချက်ချင်းပဲ ဥပက္ခာပြုနိုင်ခဲ့တယ်။

"ယုမွန်မြင့် နေကောင်းလား အန်တီ၊ မနက်ဖြန် ကျွန်တော် မိန်းမတောင်းမယ်ဆိုတာလည်း ပြောလိုက်ပါနော်၊ အမှန်ဆို ကျွန်တော်က ချစ်သူဘဝနဲ့ အေးအေးဆေးဆေးနေချင်သေးတာ၊ အကြောင်းအရာတစ်ခုက ကြားထဲဝင်လာတော့ အေးအေးဆေးဆေးနေလို့မရဘူး ဖြစ်သွားတယ်။ ယောက္ခမတွေကလည်း တော်တော်ဆိုးပါတယ်၊ သမီးရှင်ဆိုပြီး အထာကိုင်တာ လွန်ပါရဲ့"

"မပြ၊ အုန်းသီး မရသေးဘူးလား"

"ပြော်၊ အေး . . ဒါက နေရဲပြောတဲ့စကားတွေကိုနားထောင်


www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းနဲ့ နားထောင်နေတာ၊ ရှေ့ ... ရှေ့"

"တင် . . ဆုန်းသီးကလည်း ကြွက်မြီးတစ်ချောင်းကြီး ကြွက်မြီးထောင်တာမရှိဘူးလား မမြ"

"မရှိတော့ဘူးတာ၊ ကြွက်မြီးထောင်တဲ့ ဆုန်းသီးက တစ်လုံးဆဲ ကျန်တော့တာ၊ အဲဒီ နေ့ရဲဦးသွားပြီ သူ့ယောက္ခတွေက ကြွက်မြီးထောင်တာ ကြိုက်တာဆိုလားပဲ"

"တော်ပြီ မမြ၊ စကားဆက်မပြောနဲ့တော့၊ အဲဒါပဲပေး"

"အေး . . ဒါလည်းကောင်းပါတယ်"

နေ့ရဲ သဘောကျစွာပြုံးလိုက်ပါတယ်။ ပိုက်ဆံပေးပြီး ဆုန်းသီး ယူသွားတဲ့ ဒေါ်ညိုမိဖုံစိက တစ်စုံတစ်ယောက်ကို မကျေနပ်သလိုပဲ၊ ဆုန်း သီးတိုသာ လာတောင်းမှန်းသိရင် ပိုပြီးဒေါ်ကန်မှာ သေချာတယ်။

"ကဲရှေ့ ကိုယ်တော်ချော၊ ငါက နင်မိန်းမတောင်းမဲ့ကိစ္စမို့ တောက်သည်ကို မျက်နှာအပျက်ခံပြီးပေးတာ၊ မင်္ဂလာဆောင်ရင် ဖိတ်ဖို့ မမေ့နဲ့၊ လက်ဖွဲ့လက်မခံဘူးဆိုလို့လာမှာနော်"

"ကျွန်တော် နားလည်ပါတယ် ဒေါ်မြရယ်၊ အဲဒီအတွက် ကျေးဇူးပဲ"

"ဒါနဲ့ နင်က ဘယ်သူ့သမီးကို သွားတောင်းမှာလဲ"

"မင်္ဂလာဆောင်ရင် သိမှာပေါ့၊ ခုလောလောဆယ်တော့ မပြောပြရစေနဲ့၊ ကျွန်တော်ချစ်သူက ရှက်တတ်လို့ပါ"

"အံ့မယ်၊ ကြီးကြီးကျယ်ကျယ်"

"တကယ်ပြောတာ ဒေါ်မြရဲ့၊ ခုတောင်လူသိမှာစိုးလို့ အိမ်ထဲက အိမ်ပြင်မထွက်တာဘဲ. . ကြည့်၊ ကဲ. . ဆုန်းသီးက ဘယ်ရောက်လဲ"

"တစ်ထောင်"

"တင် ဈေးများလှချည်းလား"

"မင်္ဂလာဆုန်းသီးလေ၊ ဒါတောင် ဒေါ်မိုးမြင့်မျက်နှာမို့လို့


www.burmeseclassic.com

www.burmeseclassic.com



ရှာပေးတာ”

နေရဲ ဒေါင့်သက်သက်နဲ့ခံလိုက်ရတယ်။ ဘာတတ်နိုင်မှာလဲ။ မိုးမိုး နှန်းသီးကိုတောင် မင်္ဂလာဒုန်းသီးဖြစ်အောင် ပြောတတ်တဲ့ ဈေးသည်ပါးစပ်ကို အစားရမယ်မတုတ်လား။ ဒါကြောင့်လည်း အေးမြတာ ဒုန်းသီးတစ်မျိုးထဲ ရောင်းပြီး သားသမီးတွေကို ဘွဲ့ရတဲ့အထိ ကျောင်းထားနိုင်တာပေါ့။

“ရော့ ဇာစ်ထောင်၊ ဦးခင်မြင့်ဘယ်နေရာမှာ ငှက်ပျောသီး ရောင်းလဲ အေးမြ”

“ပန်းတန်းထဲမှာရှိတယ်. . မြန်မြန်သွား။ နေမြင့်ရင် တိုယ့် တ်ကြိုက်ရမှာမတုတ်ဘူး”

“ကျေးဇူးပဲ”

နေရဲတို့နှစ်ယောက် အေးမြဆိုင်ရှေ့ကနေ ဒုန်းသီးဆိုင်ပြီး ထွက်လာ ကြတယ်။ ပန်းတန်းထဲက ငှက်ပျောသီးဆိုင်ရှေ့ရောက်တော့ ဦးခင်မြင့် အဆုံတညြနဲ့ဖြစ်သွားတယ်။

“မင်းတို့ ဒုန်းသီးကြီးနဲ့ ဘာလာရှုပ်တာလဲ”

“မိန်းမတောင်းမလို့ ဦးလေးရဲ့၊ အဲဒီ အေးမြဆိုင်က ဒုန်းသီးနဲ့ ဦးလေးဆိုင်က ငှက်ပျောသီးလာဝယ်တာ”

“ဘယ်လို နေရဲ၊ ငါ နားကြားများလွဲရော့နေသလား”

“တကယ်ပြောတာပါ ဦးလေးရယ်၊ ကျွန်တော်တို့ ငှက်ပျောသီး လှလှလေးသုံးဖီးလောက် ရောင်းစမ်းပါ”

“တကယ့်ကို အံ့ဩစရာပဲ၊ မင်းလိုလူမျိုးကိုယူမယ့် မိန်းမ ရှိသေးတယ်နော်”

“ကျွန်တော် စန်းပွင့်တာဦးလေး မသိလို့ပါ။ ဘယ်လောက်အထိ စန်းပွင့်သလဲဆိုရင် လာမတောင်းရင် အတင်းမိုးမယ်လို့တောင် ခြိမ်းခြောက်

www.burmeseclassic.com


နေတာ၊ ကျွန်တော်ကိုက ချစ်သူထားတာအမှားပါ၊ မေမေကလည်း အားကြောင့် ဒီလောက်ချောအောင် မွေးပေးထားသလဲ မသိဘူး"

"နေရဲ မင်းအကြောင်းငါမသိဘူးထင်နေသလား၊ ငါ သမီးရှင်ဆိုရင် မင်းနဲ့လုံးဝပဲ"

"အဲဒါတော့ စိတ်ချဦးလေး၊ ကျွန်တော်က ငှက်ပျော ရောင်းတဲ့လူမျိုးကို ယောက္ခမတော်ဖို့ မစဉ်းစားဘူး"

"တော်စမ်း နေရဲ၊ အခု မင်းငှက်ပျောသီးဝယ်မှာမတုတ်လား"

"တုတ်တယ်လေ"

"ဒါဆို ကြိုက်ရင်ယူ၊ မကြိုက်ရင်အမြန်ပြန်၊ တစ်ဖီးငါးရာ"

"ဈေးမများဘူးလားတင်"

"ငါက လူကြည့်ရောင်းတာ၊ ဝယ်မလား၊ မဝယ်ဘူးလား"

"ဝယ်ပါ့မယ် ဦးလေးရယ်"

နေရဲ ပိုက်ဆံတစ်ထောင့်ငါးရာထုတ်ပေးပြီး ငှက်ပျောသီးသုံးဖီး ရွေးယူလိုက်တယ်။ မိန်းမတစ်ယောက်တောင်းရတာ အရင်းအနှီး တယ်များ ပါလား။ ဒီလိုလူကြည့်ပြီး ဈေးရောင်းတတ်လို့လဲ ဦးခင်မြင့်တာ သူ့မိန်းမ ငှက်ပျောသီးရောင်းပြီး ရွှေတွေညွန့်နေအောင် ဆင်နိုင်တာဖြစ်မယ်။

"သွားမယ် ဦးလေး"

"မင်းလိုကောင်မျိုးကို ငါတော့မြင်ယောင်ပါသေးတယ်"

နေရဲ ပခုံးတစ်ချက်တွန့်ကာ ဦးခင်မြင့်ဆိုင်က ထွက်လာခဲ့တယ် ကြောခင်းအချိန်အတွင်းမှာပဲ နေရဲမိန်းမတောင်းမယ့်ကိစ္စတာ ဒေါ်မြဆိုင်ကနေ ထူးဆန်းတဲ့သတင်းတစ်ပုဒ်လို တစ်ရပ်ကွက်လုံးကို ပျံ့နှံ့သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ တကယ်ပြောတာလားတင်"

ယုမွန်မြင့် မယုံရဲစွာနဲ့ ထပ်မေးလိုက်ပေမယ့် ဒေါ်ညိုမိစကားတွေက ပြောင်းလဲမလာပါ။

"ကြော် .. သမီးကိုမေမေက ညာမယ်တဲ့လား။ ဒီအကြောင်းကို မေမေနဲ့အတူတူ အုန်းသီးဝယ်ရင်းနဲ့ပြောနေတာ၊ ယောက္ခတော်မဲ့ လူတွေကိုလည်း အပြစ်တင်လိုက်သေးတယ်၊ သူကပဲ မလိုချင်ဘဲယူရမယ့်ပုံစံမျိုးနဲ့ ဒီလို တောင်မျိုးကိုမှ ဘယ်သမီးရှင်က သဘောကျတာပါလိမ့်၊ သိရင်ပြောပြလိုက် ချင်ပါသေးတယ်"

ဒေါ်ညိုမိ မဲ့ရွဲ့ပြီးပြောနေသလောက် ယုမွန်မြင့်မျက်နှာလေး ညှိုးကျ နေပါတယ်။ ဘာကြောင့်မှန်းမသိတဲ့ဝေဒနာနဲ့အတူ နေရဲမိန်းမတောင်းခဲ့ သတင်းက သူမကို ချိနဲ့ကြေကွဲစေခဲ့တယ်။ ငယ်ငယ်လေးထဲက ခင်မင်လာတဲ့ သံယောဇဉ်တစ်ခုက မထင်မှတ်ဘဲ ပြတ်တောက်သွားတဲ့ နောက်ဆိုင်း ပထမဆုံးအကြိမ် စိတ်လှုပ်ရှားစေတာပါပဲ။

"နောက်နေတာရော မဖြစ်နိုင်ဘူးလား မေမေ"

ဒေါ်ညိုမိအကြည့်စူးစူးက ယုမွန်မြင့် တိတိကျကျရောက်သွား၏ စိတ်မကောင်းတဲ့အမူအယာကိုမြင်တော့ မသိမသာလေး သက်ပြင်းချလိုက် တယ်။ ငယ်ငယ်လေးထဲက နက်ရှိုင်းစွာ ခင်မင်လာခဲ့တဲ့ သံယောဇဉ်တစ်ခုရဲ့ အလွယ်တကူ ပြတ်တောက်လို့မရမှန်း နားလည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင် . . . မေမေ"

"နေ့ရဲ့ မိန်းမတောင်းမဲ့ကိစ္စကြောင့် သမီးစိတ်မကောင်း ဖြစ်သွားလား"

သူမ ကမျာကယာ မျက်လွှာချပြီး လှုပ်ရှားနေတဲ့အတွင်းစိတ်ကို တန်ဆောင်ထိန်းချုပ်လိုက်တယ်။ နေ့ရဲ့နဲ့ပတ်သတ်လာရင် ဘာတစ်ခုမှ တိတိကျကျကြီး မေမေကို မသိစေချင်ပေ။

"သမီးတို့နှစ်ယောက်ရဲ့ခင်မင်လာတဲ့ သံယောဇဉ်ကို မေမေ နားလည်ပါတယ်၊ ကိုယ့်အပေါ်မှာသာ မကဘဲ ပတ်ဝန်းကျင်ကိုပါ စိတ်ခုတွ ပေးနေတဲ့ လူတစ်ယောက်ကိုတော့ မေ့ထားသင့်တယ်၊ မကြာခင်မှာ သမီးဟာ ဆောင်နိုင်ကျော်နဲ့လက်ထပ်ရတော့မယ်လေ"

"မေမေ"

လူမွန်မြင့်အလန့်တကြားနဲ့ ခေါ်မိသွားတယ်၊ သူမရင်ထဲမှာ အချစ် ဆိုတာ ဝိဝိပြင်ပြင်မရှိသေးပေမယ့် နိုင်ကျော်လိုလူမျိုးကို လုံးဝမယူချင်ပေ။ ဒါကြောင့် အသက်ကိုခပ်ပြင်းပြင်း ရှူရိုက်တာ . . .

"ကိုနိုင်ကျော်ကို သမီးမယူချင်ဘူး မေမေ၊ သူဟာသာ ဘယ်လောက်ပဲ ပြည့်စုံပါစေ၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို ငွေကြေးတစ်ခုနဲ့ ဆုံးဖြတ်ပြီး မထူထောင်ချင်ဘူး။ ဒါသမီးအသက်က ပြတ်ပြတ်သားသား ပြောတဲ့ စကားပါ"

ဒေါ်ဖြူမိခေါင်းကို ခါလပတ်ယမ်းအောင် ခါလိုက်တယ်။ ဒီကိစ္စကို သမီးဖြစ်သူ ဘယ်လောက်ပဲငြင်းငြင်း သူမကတော့ ဖြစ်အောင် လုပ်ရမှာပဲ။ ဒါ့ခင်ပွန်းနဲ့ အလိုတူ၊ အလိုပါ ဆုံးဖြတ်ထားတာ။

"မေမေတို့က ကောင်းစေချင်လို့ စီစဉ်ပေးတာကို မငြင်းပါနဲ့ သမီး၊ ဒီမျိုးဆိုတာ မုဆိုးရွှေအိုးရကိန်းလို အခင်မတန်ကြုံခဲ့တဲ့ အဖြစ်အပျက်ပါ

www.burmeseclassic.com

ကြောခင်မှာ မောင်နိုင်ကျော်တို့ဘက်က သမီးကို တရားဝင် လာတောင်းရမ်း အလိမ့်မယ်၊ ခင်မိုးမြိုးမြင့်ရဲ့စေချင်တဲ့ မိဘတွေရဲ့စေတနာကို သမီးနားလည် စေချင်တယ်”

ယုမွန်မြင့်ကြိုက်ပြီး သက်ပြင်းချလိုက်တယ်။ ဒီကိစ္စကို သူမဘက်က ဘယ်လောက်ပဲငြင်းငြင်း မေမေတို့က အတင်းစီစဉ်မှာ သေချာတယ်။ တကယ်ဆို သူမမှာ မိဘတွေရဲ့ဆန္ဒကို လွန်ဆန်ရဲတဲ့အင်အားမှ မရှိတာ၊ နေရဲကတည်း နောက်ဖြစ်ဆို မိန်းမတောင်းတော့မယ်။ ဘယ်တာလဲဆိုတာ သေချာမသိပေမယ့် အဲဒီမိန်းကလေးကတော့ ကံကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမကို အချစ်နဲ့ပတ်သက်ပြီး နေရဲရဲ့ နောက်ကြောင်းခြင်းကို မခံရလို့ပါ။

“တစ်ခါတည်း မေမေ အပြတ်ပြောမယ်သမီး။ မောင်နိုင်ကျော် ဆိုရင် သမီးမျက်နှာပျက်အောင် မလုပ်ပါနဲ့၊ ဒီမြို့မှာ သမီးတို့ရဲ့မင်္ဂလာ ... အခမ်းနားဆုံးဖြစ်ရပါမယ်လို့ မောင်နိုင်ကျော်တို့ဘက်က ကတိပေးထား တယ်၊ ကဲ ... သမီးအနားယူလိုက်ဦး”

မေမေထသွားတဲ့အထိ သူမတစ်ကိုယ်လုံးအေးစက်တောင့်တင်း နေပါတယ်။ ဝမ်းနည်းမှုကြောင့် ကျချင်လာတဲ့မျက်ရည်စကို ကြိုးစား ထိန်းသိမ်းထားပေမယ့် ရင်ထဲမှာတော့ ထိုးကိုက်နာကျင်၊ ကြေကွဲနေတယ်။ အရင်လို နေရဲနဲ့သာ ခင်မင်နေရင် သူမရင်ထဲက ခံစားချက်တွေကို ဖွင့်ထ မိမှာပါ။ အဲဒီအခါကျရင် နေရဲက ထက်မြက်တဲ့ဦးနှောင့်နဲ့ထွက်ပေါက် တစ်ခုကို ရှာပေးမှာသေချာတယ်။

ခုတော့ သူမဘဝမှာ သူမတစ်ယောက်ထဲသာ

○○○○○



www.burmeseclassic.com

www.burmeseclassic.com

စိန်မိုးယံစာပေမှ စင်တင်ကလောင်ရှင်

# နေခ

# လှိုင်းပုတ်လို့ပြိုတဲ့ကမ်း

(စတုတ္ထမြောက်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နံနက်ခင်းအလှက သာယာလှပပေမယ့် ဒေါ်မိုးမြင့်တစ်ယောက် မခံစားနိုင်ဘဲဖြစ်နေတယ်၊ သားကိုကြည့်လိုက်တော့လည်း ကန်တော့ပွဲကြီးကို စားပွဲအလယ်မှာတင်ကာ မိန်းမတောင်းပေးဖို့အကြောင်းကို အားကြိုးမာန်တက်ပြောနေတယ်။

"ဒီကိစ္စမှာ မေမေပါမှဖြစ်မယ်ထင်လို့ သားပြောနေတာပါ။ လူငယ်တွေကိစ္စဆိုပေမယ့် လူကြီးမိဘတွေမှာ တာဝန်ရှိတယ်မဟုတ်လား။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း ထိမ်းမြားခြင်းလျှင်ဝတ်ငါးအင်၊ ဖခင်မယ်တို့သာတဲ့၊ အဲ့ဒီတော့ သားကိုမေမေ အရင်းအနှီးထုတ်မပေးရင်နေပါ ထိမ်းမြားခြင်းလျှင်ဆိုတဲ့ စကားကိုတော့ အစဉ်အလာအရထိန်းသိမ်းပေးစေချင်တယ်၊ မေမေအတွက် သားက စေတ်နာနဲ့ပြောတာ၊ တစ်ချိန်ကျရင် ရှေးလူကြီးတွေ စကားကိုပယ်ဖျက်တဲ့ လူတစ်ယောက်အဖြစ် ရာဇဝင်မှာအမည်းစက်စွန်း ထင်းသွားမှာစိုးလို့"

နေရဲပြောရင်း လှသလားဆိုပြီး ကန်တော့ပွဲကိုလှည့်ပတ်ကြည့် လိုက်တယ်၊ အိုကေ အုန်းသီးနဲ့ကန်တော့ပွဲကတော့ ယောက္ခမလောင်း အကြိုက်ပဲ။


www.burmeseclassic.com

www.burmeseclassic.com

"သား"

"ပြောလေ မေမေ"

ဒေါ်မိုးမြင့်က တံတွေးတစ်ချက်မျိုချပြီး . . .

"သားကို မေမေလိုက်တောင်းမပေးချင်လို့ မဟုတ်ဘူး။ သမီးလေး ယုမွန်မြင့်ကိုလည်း တိုးအရင်ထဲက မေမေသဘောကျပါတယ်၊ အခုမေမေသတင်းကြားနေရတာက သားနဲ့သမီးလေးယုမွန်မြင့်မခေါ်ဘူးဆို၊ အဲဒီလိုတာနေ ဘယ်လိုချစ်သူတွေဖြစ်သွားကြတာလဲ၊ မယုံလို့မဟုတ်ပါဘူး သားရယ်၊ မေမေတို့လူကြီးတွေ မျက်နှာပျက်ရမှာစိုးလို့ပါ"

"တာ မေမေကလဲ၊ အဲဒီကောလာဟာလတွေပါ မယုံစမ်းပါနဲ့၊ အခုသားတို့နှစ်ယောက်တာ ချစ်လိုက်တာမှ ခိုက်ခိုက်တုန်လို့၊ ယုမွန်မြင့်တ ပြောတယ်၊ သားကိုတစ်စက္ကန့်တောင်မခွဲနိုင်ပါဘူးတဲ့၊ တကယ်ဆို သားလည်း မိန်းမ,မယူသေးဘဲ မေမေကိုလုပ်ကျွေးချင်တာပေါ့နော်၊ ဒါပေမယ့် ယုမွန်မြင့်ကို အားနာဖို့တောင်းတယ်လေ၊ သူကကိုယ့်ကို ဒီလောက်ချစ်နေတာ မဟုတ်လား"

နေရဲ့အတည်မျက်နှာနဲ့ပြောတော့ ဒေါ်မိုးမြင့်ယုံချင်သလို ဖြစ်သွားတယ်၊ ဒါပေမယ့် အပြီးအပိုင်အထိတော့မယုံရဲသေးပါ၊ ဒါကြောင့် သေချာအောင် ထပ်မေးလိုက်တယ်။

"ဒီစကားကအမှန်ပဲလား သား၊ မေမေတော့ သိပ်မယုံရဲဘူး"

"အကြွင်းမဲ့ယုံထားလိုက်စမ်းပါ မေမေရယ်၊ သားက ညာမတဲ့လား"

"အင်းလေ ဒါဆိုရင်လည်း သမီးလေးယုမွန်မြင့်ကို အားနာလို့ မေမေလိုက်ကောင်းပေးပါ့မယ်"

"ဒါမှ တို့မေမေကွ"

နေရဲ့တံသူရဲ့အကြံအစည်အောင်မြင်သွားသဖြင့် မိခင်ပါးပြင်လေးကို နှတ်ခနဲမြည်အောင်နမ်းလိုက်ပါတယ်။

"အို ဒီတလေးတော့ . . ."


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်မိုးမြင့်မှာ မိခင်မေတ္တာအပြည့်အဝနဲ့ သားရဲ့အနမ်းတွေ တွေ့တွေ့နစ်နစ်ကြီး ခံယူလိုက်ရိန်မှာပဲ ချစ်ဦးရောက်လာတယ်။ လည်ကတုံးအဖြူအပေါ်မှာ ကော်ဇီရောင်တိုက်ပုံအကျီကို ဆင်မြန်းထားပြီး အောက်က ယောလုချိုး အညိုကွက်ကို ဝတ်ဆင်ထားသောကြောင့် တကယ့်လူကြီး လူတောင်းဗိုလ်ပေါက်နေတယ်။

"မင်းပုံစံက မိုက်လှချည်လား ချစ်ဦး"

ချစ်ဦးတရယ်ပြီး ကိုယ်ကိုရှာခနဲတစ်ပတ်လှည့်ကာ . . .

"တိုက်ပုံအကျီနဲ့ပုဆိုးက ဖားသားကြီးဆီက၊ အကျီအဖြူက မှားလာတာ. . .ဘယ်လိုလဲအရမ်းသားနားတယ် မဟုတ်လား"

"သိပ်သားနားတာပေါ့ကွာ ဘဲ. . .ကန်တော့ပွဲရှက်"

ချစ်ဦးစောင်းတောင်းတောင်းဖြစ်သွားပြီး နေရဲကိုမကျေမနပ် ကြည့်တာ ကန်တော့ပွဲကိုကောက်,မထိုက်တယ်။

"အားပါး. . .လေးလှချည်လား"

ချစ်ဦးပုံစံက ရယ်ချင်စရာပါ။ တိုက်ပုံအကျီဝတ်ပြီး ကန်တော့ပွဲရှက်ထားပုံက မျက်စိထဲမှာကန့်လန့်ကြီးဖြစ်နေတယ်။

"သွားကြမယ်နေရဲ"

ချစ်ဦး ကန်တော့ပွဲရှက်တာ ရှေ့မှထွက်သွားတော့ ဒေါ်မိုးမြင့်နဲ့ နေရဲတို့လည်း အသံတိတ်ရယ်မောပြီး နောက်ကလိုက်လာကြတယ်။ လမ်းရောက်တော့ စောစောစီးစီးတံမြက်စည်းလှဲနေတဲ့ လူတစ်ယောက်က လှမ်းမေးတယ်။

"တာ ဒါကဘယ်လို ဖြစ်လာတာလဲ"

နေရဲက ကံကြမ္မာဆိုးကို ဥပက္ခာပြုထားတဲ့မျက်နှာနဲ့. . .

"မိန်းမသွားတောင်းမလို့ ဦးလေး"

"ကြော် ဒါကြောင့် မနေ့ထဲက သတင်းကြားနေရတာကိုး"


www.burmeseclassic.com

www.burmeseclassic.com



မေးတဲ့လူက တံမြက်စည်းချကာ အိမ်ထဲပြန်ဝင်သွားပါတယ်။ ခဏကြာတော့ တစ်အိမ်လုံးထွက်ကြည့်ကြတယ်။ ဒီလိုနဲ့တော်တော်ကြာ လမ်းလျှောက်မိတဲ့အခါမှာတော့ ရက်ကွက်လူထုတာ ရှင်လောင်းလှည့်တာ ကြည့်ကြသလို နေရဲတို့သုံးယောက်ကို ဝိုင်းကြည့်လေပါတော့တယ်။

"ရှက်လိုက်တာ"

ချစ်ဦးကန်တော့ပွဲရှက်ရင်း ရှက်လာတယ်။ ဒါပေမယ့် ကန်တော့ပွဲက ခေါင်းပေါ်ရောက်နေတော့ ရှက်ရှက်နဲ့ပဲဆက်လျှောက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com


"တာ"

"တင်"

ဦးသန်းမိုးနဲ့ ဒေါ်ညိုမိတို့နှစ်ယောက် ခွင့်မတောင်းဘဲကန်တော့ပွဲ ချက်ပြီး ဝင်လာတဲ့လူတွေကိုကြည့်ပြီး အံ့ဩမင်သက်သွားကြတယ်။ ဒီအခွင့် အရေးကိုချစ်ဦးက အခိုင်အမာအသုံးချကာ ရှက်လာတဲ့ကန်တော့ပွဲကို စားပွဲပေါ် တင်လိုက်တယ်။

"ဒါ ဒါ ဘာလုပ်တာလဲ"

"မိန်းမလာတောင်းတာလေ၊ အန်တီ မေ့နေပြီလား၊ မနေ့က ဆုန်းသီးဝယ်ရင်းနဲ့တောင် ကျွန်တော်ပြောလိုက်သေးတယ်"

"တင်"

ဒေါ်ညိုမိ လုံးဝသဘောပေါက်သွားတယ်။ လက်စသတ်တော့ နေရဲ တောင်းတဲ့မိန်းမတာ အခြားလူမှတ်လို့ သူတို့သမီးဖြစ်နေတာကိုး။

"ညို ကျွန်မတို့ကို ထိုင်ခွင့်ပြုပါ"

"ဪ. . .အင်း ထိုင်ကြပါ ထိုင်ကြပါ"

ဒေါ်ညိုမိ ထိုင်ခွင့်ပြုလိုက်သဖြင့် ဒေါ်မိုးမြင့်လည်း နေရဲတို့နှင့်အတူ ထိုင်လိုက်တယ်။

"အဲဒါပဲကြည့်ညိုရဲ့ယ်၊ သားတလုပ်လိုက်ရင် မပြောဆိုချင်ဘဲ ကျွန်မလည်း ခုမနက်ကျမှ ပြန်းစားကြီးသိရတာ၊ ဒါနဲ့သမီးလေး လူကြီးမြင်ရော


www.burmeseclassic.com

www.burmeseclassic.com

မတွေ့ပါလား။ ရှုတ်လို့ထွက်မလာရဲတာထင်တယ်၊ ကျွန်မတာ သားရှင်ဆိုတော့ တာဝန်အရ အရင်စပြောရမှာပေါ့၊ ညီတို့လည်း သိပြီးသားပါ၊ သူငယ်ချင်း တလည်း ဘာမှပြောစရာမလိုဘူးဆိုတော့ မိဘတွေမှာ တာဝန်ရှိတယ် မတုတ်လား၊ မင်္ဂလာတိစ္စကို ညီတို့ဘက်တဖြစ်ချင်တဲ့ အတိုင်းအတာ အထိပြော့ ကျွန်မတာ မုဆိုးမဆိုပေမယ့် သားမျက်နှာမငယ်စေရပါဘူး”

ဒေါ်မိုးမြင့်စကားကြောင့် ဦးသန်းစိုးအသံတိတ်မျက်ဝန်းတစ်စုံ နေရဲတို့ ကြည့်လိုက်တယ်။ ဒီတောင်လှုကြီးခေါ်လာပြီး သူတို့တိုစိတ် အနေအထက်အယုတ်ပေးမှုန်း သိနေပါတယ်၊ ဘယ်ဘဝရေစက်မှန်းမသိ လောက်အောင် သူတို့နဲ့နေရဲ ခဏ၊ ခဏ ထိတ်တိုက်တွေ့နေရတယ်။

ထိုအချိန်မှာ အိမ်ရှေ့မှ အသံတွေကြောင့် ယုမွန်မြင့်အပြင်ထွက်လာ ခဲ့တယ်။ ဧည့်ခန်းထဲမှာ ထိုင်နေတဲ့လူတွေကိုတွေ့တော့ ကြောင်ပြီးခြေလှမ်း ရပ်တန့်သွားတယ်။ သူမကိုအရင်တွေမြင်ခဲ့သူက ဒေါ်မိုးမြင့်ပါ။

“သမီးလာလေ၊ ဒီမှာသားနဲ့သမီးတိစ္စကိုပြောနေတာ”

“ရှင်”

ယုမွန်မြင့်ရဲ့ ရွှေရင်အစုံမထင်မှတ်ဘဲ သိသိသာသာရုန်သွားတယ်။ စားပွဲပေါ်မှာရှိတဲ့ ကန်တော့ပွဲကြီးက သူမကိုဆီးကြိုနေသလိုပဲ၊ အဲဆိုနေရဲ တောင်းတဲ့မိန်းတလေးတာ သူမဖြစ်နေတာပေါ့။

“သမီး. . .လာဦး”

ဖေဖေရဲ့ ခေါ်သံကြောင့် သူမမဝံ့မရဲဖြစ်သွားပြီး။ မိဘတွေဘေးနားမှာ ဝင်ထိုင်လိုက်တယ်။ ပြီးတော့ ဘယ်သူ့ကိုမှမကြည့်ရဲသလို ခေါင်းငုံ့ထားမိတယ်။

“ကျွန်မကတော့ ဒေါ်မိုးမြင့်ကိုပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ် အားတော့နာပါတယ်၊ အဲပေမယ့် ဒီကိစ္စတာ အားနာလို့ရတဲ့ ကိစ္စမတုတ်တော့ ပြောရမှာပဲ၊ ကျွန်မတို့ဘက်က သမီးနဲ့နေရဲကို သဘောမတူနိုင်ဘူး”

“တင်”


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးမြင့်ရှက်နှာကွက်ခနဲ ဖျက်သွားတာကိုကြည့်ပြီး ဒေါ်ညိုမိတ
ဆက်ပြောတယ်။

"ဒီ အယဉ်ကျေးဆုံး ကျွန်မငြင်းပယ်လိုက်တာပါ ဒေါ်မိုးမြင့်၊
ရဲတာ ဘယ်လိုလူမျိုးလဲဆိုတာ တစ်ရပ်ကွက်လုံးသိပါတယ်၊ မနေ့တ
နံးသီးဝယ်တုန်းကတောင် နေရဲပြောတဲ့စကားကို ကျွန်မမှတ်မိသေးတယ်၊
သာကျွမတွေက တော်တော်ဆိုးပါတယ်တဲ့၊ သမီးရှင်ဆိုပြီး အထာကိုင်တာ
ပါရဲ့တဲ့၊ ဒီလိုယောကျ်ားကို ရိုသေလေးစားရမှန်းမသိတဲ့ လူတစ်ယောက်ကို
မတို့ဘက်က သမီးပေးပြီး ဘယ်လိုသမက်တော်ရမလဲ"

"ဒီမှာ အန်တီ၊ ကျွန်တော့်ကို စကားပြောခွင့်ပေးပါ"

နေရဲမျက်နှာကို သူမရှက်ခနဲကြည့်လိုက်ပါတယ်။ သူမတွေ့လိုက်
တဲ့နေရဲမျက်ဝန်းတွေက အချစ်တစ်ခုကို ဖိဖိပြင်ပြင်ဖော်ကျူးနေတယ်။ ဒါကြောင့်
ရဲဆက်ပြောမယ့်စကားကို စိတ်ဝင်တစားနဲ့ နားထောင်လိုက်ပါတယ်။

"ကျွန်တော့်ဘဝမှာ ယုမွန်မြင့်တစ်ယောက်ထဲကိုသာ ချစ်ခဲ့ဖူး
တယ်။ ဒါကြောင့် မိဘဆိုတဲ့အရှိန်အဝါကိုမသုံးဘဲ ကျွန်တော်တို့နှစ်ယောက်ကို
သာတူစေချင်တယ်။ လူငယ်တွေမှာရင် ခွင့်လွှတ်လို့ရပါတယ် အန်တီ၊
ကြီးတွေမှာရင် ဘယ်လိုမှခွင့်လွှတ်လို့ရမှာ မဟုတ်ဘူး။ ဒီတော့ရိုးသားစွာ
ပြချင်တာက အမိုင်းစရက်နှာသစ်မှာ အန်တီတို့တရားခံမဖြစ်ချင်ကြပါနဲ့"

"ဒို"

သူမယောင်ယမ်းပြီးခေါင်းလေးငြိမ်ငုံ့မိသွားတယ်။ ရင်ထဲမှာတော့
ရဲပြောတဲ့စကားကိုတွေးနေမိတာအမှန်ပါပဲ။

"ဒီမှာ နေရဲ"

"ထုတ်ကဲ့ ပြောပါအန်တီ"

"နင်စကားကိုဆင်ခြင်စမ်း"

"ကျွန်တော်က အမှန်ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအမှန်လဲ နင့်စကားက ဖိုးသမိန်နဲ့ပဲချစ်ကြသလိုလိုနဲ့"

"လူငယ်တွေရဲ့ နှလုံးသားကိုအန်တီ့ နားမလည်တာဘဲ"

"အံမယ် ရာရာစစ၊ နင့်ကိုဖိုးသမိန်က မုန်းနေတာသိလား"

"အတင်း ရယ်စရာကြီးအန်တီ၊ ကျွန်တော့်ကို ယုမွန်မြင့် မုန်းသလား၊ ချစ်သလားဆိုတာ မေးကြည့်လိုက်ပါ၊ ဒါပေမယ့်တစ်ခုတော့ အန်တီ ကတိပေးရလိမ့်မယ်၊ တကယ်လို့ယုမွန်မြင့်က ကျွန်တော့်ကိုချစ်တယ် ဆိုရင် အန်တီသာသာကြည်ကြည်ပေးစားမလား"

နေရဲအပိုင်ပြောလိုက်သဖြင့် သူမခေါင်းလေး ပိုငုံ့သွားတယ် ရင်ထဲမှာတုန်နေတာ တလှပ်လှပ်နဲ့၊ တကယ်လို့မိခင်ဖြစ်သူမေးလာခဲ့ရင် ချက်ချင်းပြန်ဖြေဖို့ စကားလုံးတွေမရှိသေးပေ။

"ဒီမှာ မေကြီး ဒီကိစ္စကိုပြတ်ပြတ်သားသားပြောမှဖြစ်မယ်"

"ကျွန်မလည်းသိတယ် ဖေကြီး၊ ဒါကြောင့်ဖေကြီးပဲ ပြောလိုက်"

ဦးသန်းစိုးက တရားဝင်တာဝန်လွှဲခြင်းခံရသဖြင့် အားလုံးကို ကြည့်ပြီး . . .

"အေးမိုးမြင့်ကိုတော့ ကျွန်တော်အားနာပါတယ်၊ သမီးနဲ့ချစ်ချစ်၊ မချစ်ချစ် ကျွန်တော်တို့ဘက်က လုံးဝသဘောမတူနိုင်ဘူး၊ ဒါကြောင့် ကျေးဇူးပြုပြီး အားလုံးပြန်ကြပါလို့ ပြောချင်တယ်"

"အို အားနာစရာကောင်းလိုက်တာ ကိုသန်းစိုးရယ်၊ ဒီကိစ္စ ကျွန်မတို့ဘက်ကတောင်းပန်ရမှာပါ၊ သားစကားကိုယုံပြီး လိုက်လာ ကျွန်မမှာ အပြစ်ရှိပါတယ်၊ ကဲ. . .ကျွန်မတို့ကိုပြန်ခွင့်ပြုပါဦး"

အေးမိုးမြင့် မက်တတ်ရပ်လိုက်တော့ ကျန်တဲ့လူတွေပါ မနေ တော့ပေ။

"တောက် တန်တော့ပွဲနဲ့မတန်တဲ့လူ"

"တော့ကောင် ချစ်ဦး ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြားတဲ့အတိုင်းပဲ ဦးသန်းစိုး၊ နေရဲ မင်းတာလေ ဆန်တော့ပွဲနဲ့လုံးဝမတန်တဲ့ကောင်"

"ဟာ"

ဦးသန်းစိုးရင်ထဲ နင့်ခနဲဖြစ်သွားတယ်၊ သိဆိုကြီးနဲ့ပြောင်လိမ် ခံရတာပါ။ နေရဲတို့အားလုံး အိမ်ထဲကထွက်သွားတော့ နိုရဲနေတဲ့ဒေါ်သ ချက်နှာနဲ့ "တောက်" တစ်ချက်ကို ပြင်းပြင်းထန်ထန်ခေါက်လိုက်တယ်။ ခုတော့ အိမ်ထဲမှာ ကျန်ရစ်ခဲ့သူသုံးယောက်ထဲရယ်။

"ဒီကိစ္စကို ဘယ်လိုမြင်လဲ ဖေကြီး"

"နေရဲကတော့ အလျှော့ပေးမှာမဟုတ်ဘူး။ နောက်တစ်ခါ ထပ်နှောက်ယှက်မှာသေချာတယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"လွယ်လွယ်လေးပါ၊ သမီးကို မောင်နိုင်ကျော်နဲ့အမြန်ဆုံး ဆက်ထပ်ပေးလိုက်"

"ဖေဖေ"

"ဘာမှမပြောနဲ့တော့ သမီး၊ ဒီအချိန်ကစပြီး သမီးမှာ ဘာမှ ပြောခွင့်မရှိသလို အပြင်ထွက်ခွင့်လဲမရှိတော့ဘူး။ ဖေဖေတို့စီစဉ်တဲ့အတိုင်း လိုက်နာဖို့ပဲ အသင့်ပြင်ထားပါ"

သူမ စိတ်ပျက်အားလျှော့စွာနဲ့ နေရာမှာပဲ အရုပ်ကြိုးပြတ်လဲကျ သွားတယ်။ မကြာခင်မှာ သူမဘဝကို မိစ္ဆာနတ်ဆိုးတစ်ကောင် ပူးကပ် တော့မှာပါလား။

ဘဝဆိုတာ ကံဆိုးစွာနဲ့ နိဂုံးချုပ်တာ မဟုတ်ပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

"တောက်"

"ဝုန်း"

ကြားလိုက်ရတဲ့ သတင်းကြောင့် နိုင်ကျော်အလွန်အမင်းပေါက်ကွ သွားပြီး စားပွဲခုံကိုလက်သီးနဲ့ထိုးလိုက်သဖြင့် လာပြောတဲ့သံခဲတော ထိုင်နေရင်း တွန့်ခနဲဖြစ်သွားတယ်။

"ဒီကိစ္စကို တစ်မြို့လုံး သိပြီးမှသိလိုက်ရတာ အရှမ်းဆိုးတယ် ကိုသံခဲ၊ အသဲကိုလှီးလှီး. . .အူနုကိုတွဲခပ်သလို ခံစားလိုက်ရတယ်"

"စိတ်မပူပါနဲ့. . .ဆရာရယ်၊ ဦးသန်းစိုးတို့ဘက်က လုံး လက်မခံပါဘူး။ ခုလောက်ဆို နေရဲတို့တော်တော်အရှက်တွဲသွားတယ်"

တူး တော်ပါသေးရဲ့၊ ဦးသန်းစိုးနဲ့ဒေါ်ညိုမိတို့သာ ကြည်ကြည်ဖြ လက်ခံလိုက်ရင် (အမှမဟုတ်) သမီးလေးရဲ့သဘောဆန္ဒအတိုင်းပါဆို သေရော

"ခင်များနောက်ထပ်ဘာသတင်းကြားသေးလဲ ကိုသံခဲ"

"အပဲကြားတယ်ဆရာ၊ ခုချိန်မှာ နေရဲမိန်းမတောင်းတဲ့ ကိစ္စ ချစ်ဦးတိုက်ပုံအကျႌဝတ်ပြီး ကန်တော့ပွဲရှက်တာတွေကို ရပ်ကွက်ထဲမှာ ရယ်စရာလိုပြောနေကြတယ်"

နေရဲရဲ့အရှက်လွန်လုပ်ရပ်က တော်တော်လွန်ပါတယ်၊ ပြဿနာ မှန်သမျှကို မီးခွက်ထွန်းပြီးရှာနေတာ. . .သူဘာလုပ်ရလဲ၊ ဒီကိစ္စမှာ

www.burmeseclassic.com



ုံးဝအေးစက်စွာ နေလို့မရတော့ဘူး၊ ကိုယ့်ရဲ့ဖြိုင်ဘတ်တ ကိုယ့်ထေတ် ယ်ပေမယ့် လက်ရဲ၊ ဇာက်ရဲ၊ ပြောရဲ၊ ဆိုရဲပြီး မိုးကိုတောင် မီးတက်ရှို့ခဲ့ဘူး

"နေရဲဆိုတဲ့ကောင် ကျုပ်ကိုစော်ကားတာ နှစ်ခါရှိသွားပြီ၊ ုလေးက ကျုပ်နဲ့လက်ထပ်မယ်မှန်းသိရဲ့သားနဲ့ အတင်းလုယူဖို့ကြိုးစား တာ၊ ဒီကိစ္စကို ကျုပ်လုံးဝသီးမခံနိုင်တော့ဘူး"

"ဒါဆို ဆရာလေးဘာဖြစ်လဲ၊ ကျွန်တော် နေရဲခေါင်းကို ရိုက်ခွဲ သား၊ မိသားစုကိုသာ ဆရာလေးတာဝန်ယူမယ်ဆိုရင် နေရဲကိုသတ်ပြီး ောင်ထဲဝင်ရဲပါတယ်"

ထောင်ထွက်လူမိုက်သံခဲစကားကြောင့် နိုင်ကျော်အားတက်သွားတယ်။ ရေးအကြောင်းရှိရင် သူလက်သပ်မွေးထားတဲ့လူက အဲဒီလိုအားကိုးရတာ။

"အချိန်မကျသေးဘူး ကိုသံခဲ၊ ဒီကောင်ဘာဆက်လုပ်မလဲ ိုတာ စောင့်ကြည့်လိုက်ဦးမယ်၊ ဒီထက်လွန်လာရင်တော့ တစ်သက်လုံး တ်သွားအောင် ပညာပေးရမှာပေါ့၊ မကြာခင်ရက်ပိုင်းမှာ ကျုပ်ယုလေး ်သွားပြီး နားဖောက်တော့မှာ မင်္ဂလာရှိတဲ့အချိန်မှာ ကျုပ်ဘာမှမလုပ် င်သေးဘူး၊ ဒါပေမယ့် သည်းမခံနိုင်တာတော့အမှန်ပဲ"

"ဒါဆိုဆရာလေး လိုအပ်တဲ့အချိန် ကျွန်တော့်ကိုပြောပါ ောင်သင့်ဖြစ်နေစေရပါမယ်"

"ကျေးဇူးပဲ ကိုသံခဲ"

နိုင်ကျော် စားပွဲအံ့ဆွဲထဲက တစ်ထောင်တန်ဆယ်ရွက်ယူပြီး ံခဲကိုပေးလိုက်တယ်။

"ကျွန်တော် သွားတော့မယ်"

"ကောင်းပြီ သတင်းထူးရင် ကျုပ်ဆီလာပြောနော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

နှိုင်ကျော်က ပိုက်ဆံယူပြီး ရှေ့ကနေထွက်သွားတဲ့ ကိုသံခဲ ကျောပြင်ကို ကြည့်ကာ မဲ့ပြုံးလေးပြုံးလိုက်ပါတယ်။

မကြာခင်အချိန်အတွင်းမှာ သူချစ်တဲ့နတ်သမီးလေးတစ်ပါးကို ရင်ခွင်ထဲရောက်အောင်သိမ်းပိုက်ရပါတော့မယ်။

❤❤❤❤❤


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မထင်ဘူးကွာ၊ တကယ်မထင်ဘူး"

ဌေးဦးအသံပြဲကြီးနဲ့ အိမ်ထဲဝင်လာပြီး နေရဲရှေ့မှာထိုင်လိုက်တယ်။ ပြီးတော့ မျက်နှာပေါ်က ချွေးတွေကိုလက်ဝါးနဲ့ ပွတ်သပ်လိုက်တယ်။

"မင်းကတော့ တကယ့်စံပဲ နေရဲ၊ အရှက်ကိုမရှိကွာ၊ ယုမွန်မြင့် အိမ်ကိုများ မိန်းမသွားတောင်းရတယ်လို့ တို့က မင်းကိုလုံးဝကြည့်မရဘူး ဆိုတာ နားလည်ထားစမ်းပါ"

နေရဲဘာမှပြန်မပြောသေးဘဲ ဌေးဦးကိုကြည့်နေမိတယ်။ ဒီကောင် သူ့တို့ အမြင်ကပ်ပြီး လာဖဲ့မှန်းသိနေပါတယ်။ အချိန်မတန်သေးလို့သာ ငြိမ်နေတာ။

"ရပ်ကွက်ထဲကလူတွေက မင်းနဲ့ယုမွန်မြင့်ချစ်နေကြတယ်လို့ ထင်နေတာကွ၊ အဲဒီငါက မဟုတ်ဘူးဆိုတာ သေချာလိုက်ရှင်းပြနေရတယ်၊ မင်းလုပ်ရပ်က ငါတောင်မနေရပါလားကွာ"

"မင်းပြောလို့ပြီးပြီလား ဌေးဦး"

"ခဏ ကျန်သေးတယ်၊ မကြာခင်မှာ ယုမွန်မြင့်က ကိုနိုင်ကျော်နဲ့ ယူတော့မှာ မင်းအခြေအနေနဲ့ ကိုနိုင်ကျော်အခြေအနေက တော်တော် ကွာခြားတယ်ကွ၊ ယုမွန်မြင့်သာမင်းကိုယူရင် ပြာပုံထဲတိုးဝင်ရမှာ သေချာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတိုသိရဲ့သားနဲ့"

နေရဲပြုံးလိုက်တယ်။ လျှို့ဝှက်စွာတွန့်သွားတဲ့ နှုတ်ခမ်းတစ်ရံ ထွက်ပေါ်လာတဲ့အပြုံးဟာ အဓိပ္ပာယ်တစ်ခုကို မှတ်ထုတ်ဖို့အစပျိုးနေတာပါ။ ဒါကိုငွေဦးက လုံးဝမရိပ်မိဘဲ ကိုယ့်ကိုကိုယ် အတုတ်ကြီးထင်နေတယ်။

"ငါ မင်းအမေနဲ့တောင် ဆိုင်မှာတွေ့ခဲ့သေးတယ်၊ သူက မင်းစတာတော့ ယုံလို့လိုက်တောင်းပေးတာတဲ့၊ ငါပြောပြတာမှ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားတယ်။ အန်တီချော သနားစရာပါကွာ၊ မင်း မိဘကို ဒုက္ခပေးတဲ့သားဆို။ သားမိုက် မဖြစ်ချင်စမ်းပါနဲ့"

"မင်းပြောလို့ပြီးရင် ငါပြောချင်တယ်ငွေဦး"

"ဘာလဲရှင်းပြမလို့လား၊ မလိုပါဘူးကွာ မင်းမတုတ်တာ ...ပ်တတ်၊ ပြောတတ်တယ်ဆိုတာ ငါသိနေတာပဲ နားလည်ပါတယ်"

နေရဲပျင်းကြောတစ်ချက်ဆန့်လိုက်တယ်။ အမှန်က သူမပျင်းပါဘူး။ တမင်သက်သက် ပျင်းချင်ယောင်ဆောင်ပြီး ဆန့်လိုက်တာပါ။

"ငွေဦး"

"ဘာလဲ"

"မနေ့က ဈေးမှာမင်းညီမ နုနုထွေးကိုတွေ့လိုက်ရတယ်ကွ၊ တောင်မလေးက အပျိုဝင်စမို့လို့လားမသိဘူး နုပြီးထွားလာတယ်"

"ဘာ..."

နေရဲက ငွေဦးဒေါသထွက်သွားတာကို မသိချင်ယောင်ဆောင်ပြီး ..

"ငါလည်း ပထမတော့ မမြင်ပါဘူးကွာ၊ ချစ်ဦးပြတာမှ သေချာ ကြည့်ပစ်လိုက်တယ်။ အံမယ် မင်းညီမက နပ်တယ်ဗျ။ ငါက ကြည့်မှန်းသိတော့ သွားလူဆိုးဆိုပြီး ပဲများသွားတယ်"

"နေရဲ မင်း ...."

"ပြန်ရင်ပြောကွာ၊ ငါ မင်းအိမ်လိုက်ချင်တယ် လောကမှာ



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ချစ်မရှုမှတော့ သူချစ်ရှာရတော့မှာပေါ့"

"သူတောင်းစား ခွေးစကားမပြောနဲ့"

"ငါလူလိုပြောတာလေ မင်းနားမလည်ဘူးလား"

"တောက် သေချင်းဆိုးနဲ့သေမဲ့ကောင်"

ဖွေးဦး ဒေါသဖြစ်ပြီး အိမ်ထဲမှ ဝုန်းခနဲထွက်သွားတယ်။ နီတော့ နေရဲလည်း တက်တက်ပတ်ပတ်ရယ်မောလိုက်ပြီး နှင့်သီးတဲ့စကား တစ်ခွန်းဆိုလိုက်ပါတယ်။

တကယ်လို့ဝေးသွားရင် လွမ်းခွင့်ပြုပါ ယုမှန်မြင့်ရယ်။


www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ
လိုချင်တာဖြစ်ကြစတမ်းဆိုရင်
ငါတို့နှစ်ယောက်ကြားမှာရှိတဲ့
နားမလည်ခြင်းဆိုတဲ့ စကားလုံးတွေကို
စကြဝဠာနံရံဆီ ပစ်ပေါက်ချင်ပါတယ်။
ဒါပေမယ့်. . .
ဖြစ်ချင်သလို မဖြစ်တဲ့အခါမှာတော့
ဘယ်သူ့ကိုစွဲချက်တင်ရမလဲ။
မုန့်တင်းခါးဇတ်နဲ့ ဆွဲကြိုးချခဲ့တဲ့
အိမ်မက်အချို့တာ
ခုအချိန်မှာတော့ ရယ်စရာတွေမတုတ်တော့ပါ။
အလန်းပေးထားပေမယ့်
စိတ်ကူးပေါက်မှ မြည်တတ်တဲ့
ချိန်ကိုက်မဲ့ နာရီပျက်တစ်လုံးကြောင့်
အိမ်မက်ထဲမှာတောင် တွေ့ခွင့်မရခဲ့
ယုမွန်မြင့်ရေ
ငါ့ကိုမုန်းတယ်ဆိုလဲ
ဒီအတိုင်းမထားပါနဲ့
ကျေးဇူးပြုပြီး
ရေတစ်ခွက်လောက်တိုက်ပါ။
ပြီးရင် ကွမ်းတစ်ရာကြွေးပါ။
ငါ
ကျေကျေနပ်နပ်ကြီးသေရပါတယ်။

www.burmeseclassic.com

ညတတိတ်ဆိတ်ငြိမ်သက်နေပေမယ့် ယုမွန်မြင့်တစ်ယောက် မိမ်မပျော်နိုင်သေးဘဲ အတွေးတွေနဲ့ မျက်လုံးကြောင်ကာ နိုင်တော့်နဲ့ တ်ထပ်ရမယ်ဆိုတဲ့ အမိန့်အာဏာအောက်က ရုန်းထွက်နိုင်မဲ့နည်းလမ်းကို ှိုးစားနေမိတယ်။ ထိုအချိန်မှာ သီချင်းသံစဉ်တစ်ရက ပျံ့လွင့်လာတယ်၊ ို့ကြောင့် ခေါင်းအုံးပေါ်ပစ်တင်ထားတဲ့ ဦးခေါင်းလေးတာ ဆတ်ခနဲ ထောင်သွားတယ်။

ရင်ခွင်မှာတောက်တဲ့မီးတာ ××× ငရဲမီးများထက်ပြင်းလို့ ××× ခင်ရေကူညီပါဦး ××× ဖြူစင်တဲ့ကို့ရဲ့အချစ်ကို မင်းလေးရှေးဖြတ် သွားတော့ ××× အသဲနှလုံးတွဲအက်လို့သွား ××× မတူညီရင်ပေါင်းစပ်မရ ိတော့သိတယ် အချစ်ရဲ့ ××× အချစ်စိတ်က တားမရနိုင်ဘူး ××× ခက်တယ်၊

နံရံတွေပိတ်လို့ထားတယ် မွန်းကြပ်လွန်းပြီအချစ်ရဲ့ ××× ာယ်ဆယ်သူမျှော်လေလေဝေး ××× ဝေးနာရှည်အခန်းဆက်သွားအောင် ××× င်းလေးရက်စက်လွန်းတယ် ××× အသိုင်းအဝိုင်းစကား ခေါင်းညိမ့်ပြီလား ×× မဆုံနိုင်ရင် ဓါးနဲ့အဆိပ်ကို အနှစ်သက်ဆုံးရွေးလို့ ××× မီးနီးခြင်း ါင်းကြမယ်ဆို အချစ်နေရေ ×××

နေရဲ သီချင်းသံကသူမကို ပစ္စည်းဥစ္စာမက်တဲ့လူလို့ စွပ်စွဲနေ ာလိုပဲ၊ အချစ်ကို တန်ဖိုးထားတဲ့ လူတိုင်းတာအချစ်နဲ့ပတ်သက်လာရင် ခံရင့်ချင်ကြပါတယ်။ သူမတာနေရဲထင်လို မတုတ်ပါဘူး။

www.burmeseclassic.com


"ဒေါက်. . .ဒေါက်. . .ဒေါက်"

တံခါးခေါက်သံကြောင့် အတွေးလွန်နေတဲ့သူမရဲ့ ခန္ဓာကိုယ်လေး ဆက်ခနဲ့တုန်ခါသွားတယ်။ ပထမတော့ တံခါးဖွင့်ပေးမလို့ပါပဲ၊ နောက်မှ စကားတွေ အများကြီးပြောနေရမှာစိုးသဖြင့် အိပ်ချင်ယောင် ဆောင်နေ လိုက်တယ်။

"ဒေါက်. . .ဒေါက်. . .ဒေါက်"

တံခါးခေါက်သံက ဖွဲတောင်းတောင်းနဲ့ ထပ်ပေါ်လာတယ်။ သူမလည်း မထူးတော့ပြီမို့ တုန်တုန်ရီရီလေးနဲ့ ငြိမ်နေလိုက်တယ်။

"အိပ်နေပြီထင်တယ်ကွာ၊ မနိုးပါနဲ့တော့"

"အဲဒီ အိပ်ရေးမှာနေရဲ့စိတ်တာတီးနေတာ ဘယ်လိုလုပ်မလဲ ဧကြီး"

"တီးပါစေပေါ့ကွာ၊ သမီးတာအိပ်နေတော့ သိမှာမဟုတ်ပါဘူး"

"တစ်ခါ ထပ်ခေါ်ကြည့်လိုက်ဦးမယ်"

"တဲ့ဝါ. . .ဧကြီးရယ်၊ မင်းနိုးတာမှ သမီးလန့်နိုးပြီး နေရဲ့ ရောက်နေတာသိသွားဦးမယ် လာ သွားအိပ်ကြမယ်၊ ဆယ်နှစ်နာရီ ထိုးနေပြီ"

"နေရဲပုံစံက ဒီညပြန်မယ်မထင်ဘူး"

"နေပါစေကွာ သူ့ဟာသူရှာတာပဲ"

ဖေဖေနဲ့မေမေ အခန်းရှေ့ကနေ ပြန်ထွက်သွားတော့မှ သူမ ခပ်ရှိုက် အသက်ရှူရဲတော့တယ်။ မျက်ဝန်းထဲမှာတော့ နေရဲပုံရိပ်က ပေါ်နေပါတယ်။ သူဘာလုပ်ရမလဲ၊ နေရဲကိုလည်းတွေ့ချင်တယ်။ အရင်လိုလွတ်လွတ်လပ်လပ် စကားတွေပြောရရင် ဘယ်လောက်ကောင်းမလဲ။

××× ချိုသာတဲ့စကားလုံးများ ××× လေမှာပျံ့လွင့်သွား××× ကိုယ်တာမျက်နှာမွဲမို့ ×××စွန့်ခဲ့ပြီလား ××× ညာတာပါအချစ်ရဲ့ ××× ကိုယ်မဆိုချင်ဘူး ××× တံကြမ္မာဝင့်ကြွေးပဲ သဘောထားလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



သံသရာရှည်လောကခရီးမှာ ××× မင်းလေးလှနိုင်ဖို့အတွက် ××× အရောင်တွေမဆိုးလင်ခဲ့ဘူး ××× မစာနာတဲ့အသိုင်းအဝိုင်းကြားမှာ စိတ်ဓါတ်ပျော့ညံ့သွားသူရေ ××× မမှန်းပဲနဲ့ လမ်းခွဲပြီလား ××× တိုနိစာတွေတို့ဘဝလေးကို အပြိုးကြီးနိုင်လွန်းလို့ ×××သွေးဖျက်မတတ် လွမ်းရပြီနော် ××× သွေးရပြီပေါ့၊ သိရဲ့လား ×××

သူမစိတ်တွေ ဘယ်လိုမှချုပ်တီးမထားနိုင်တော့ပါ။ နေရဲဆိုတဲ့ သီချင်းသံကြောင့် သူမအရမ်းတွေ့ချင်မိတယ်။ ချစ်တာမချစ်တာထက် နေရဲရဲ့ တစ်ဖက်သပ်စွပ်စွဲတဲ့ စကားလုံးတွေအောက်မှာ သူမဘဝကို သပြိုတ် မပစ်ချင်မိပေ။ ဒါကြောင့် ကုတင်ပေါ်ကနေဆင်းကာ အဝတ်အစားတို သပ်ရပ်ရပ်ပြုပြင်ပြီး တိုးတိတ်ညင်သာစွာနဲ့ အခန်းတံခါး ဖွဲ့ဖွင့်လိုက်တယ်။ ပြီးတော့ ခြေသံမကြားအောင်နင်းပြီး မှန်ပြပြ မီးရောင်ကိုအဖော်ပြုကာ တံခါးဝဆီ လျှောက်သွားလိုက်တယ်။ အဲဒီအထိ နေရဲသီချင်းသံတာ ဖျံ့လွင့် နေတုန်းပဲ။ သူမတာ နေရဲသီချင်းကိုနားထောင်ရင်း တုန်ရီတဲ့လက်တလေးနဲ့ နံရံမှာချိတ်ဆွဲထားတဲ့ သော့ကိုလှမ်းယူကာ တံခါးဖွင့်လိုက်တယ်။ ဒါတာ သူမဘဝအတွက် ပထမဆုံး စွန့်စားခြင်းပါ။ သော့ဖွင့်သွားတာနဲ့ တဖြိုင်ထဲ ခြံထဲဆင်းလာခဲ့တယ်။ ရင်အစုံတာခုန်နေတာ တယိမ်းတယိုင်နဲ့ ခြံဝရောက်တော့ ဝင်းတံခါးကြီးက ဆီးကြိုကာထားသဖြင့် အခက်တွေ့သွား တယ်။ ဒီသော့က မိဘတွေကိုင်ထားတာ၊ မိန်းကလေးဆိုတော့ တော့တက်ဖို့ လည်း မလွယ်လှဘူး၊ အခပ်မသင့်ရင် ဝင်းတံခါးပေါ်က သံချွန်ထိပ်များမှာ ကားခနဲဖြစ်သွားလိမ့်မယ်၊ ဘာလုပ်မလဲ စဉ်းစားစဉ်။ အတွယ်မှာရပ်ပြီး နေရဲကို လှမ်းကြည့်လိုက်တော့ ခေါင်းတိုင်ငုံ့တာ ဒီသီချင်းတိုပဲ ထပ်တလဲလဲ တီးပြီးဆိုနေတယ်။ သူမ သတိရသွားတယ်။ နေရဲဆီရောက်ဖို့အတွက် ဒီနည်းလမ်းပဲရှိတယ်၊ ဒါကြောင့် ပုံနရိပ်ဝင်ဘတ်ကို အသာလေးလျှောက်ကာ ခွေးတိုးပေါက်ကနေ မိန်းကလေးတန်မဲ့နဲ့ အပြင်တိုးထွက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့ ခွေးတိုးပေါက်ကကျယ်လို့ အပြင်ရောက်တော့ သူမစိတ်တွေ လွတ်လပ်သွားသလိုပဲ၊ မလင်းတလင်းလရောင်အောက်မှ သူမပုံစံလေးက မြင်သူတိုင်းကို ရင်ခုန်စေပါတယ်။ သူမ ခဲလုံးခပ်သေးသေး တောက်တာ နေရဲကို လှမ်းပစ်ပေါက်လိုက်တယ်။ ကံဆိုးချင်တော့ ခဲလုံး နေရဲရဲ့ ခေါင်းပေါ်တည့်တည့်ကျသွားတယ်၊

"အောက်"

"အား"

နေရဲဂစ်တာတီးရပ်ပြီး ထိပ်ကလေးကိုပွတ်ကာ အလန့်တကြား ကြည့်လိုက်တယ်။ သူမကိုမြင်တော့ စိတ်လှုပ်ရှားခြင်း၊ ရင်ခုန်ခြင်းတွေနဲ့အ မျက်လုံးတွေ ပြူးကျယ်နူးညံ့သွားပါတယ်။

"တင် ယုမွန်မြင့်"

နေရဲဂစ်တာကိုချကာ သူမဆီကို မြူးကြွတဲ့ခြေလှမ်းတွေနဲ့ လျှော လာတယ်။ လက်တစ်ကမ်းရောက်တော့ နေရဲရဲ့မျက်ဝန်းထဲက ခြောက် နီးနီးဖြစ်နေတဲ့ မျက်ရည်စအချို့ကို သူမမြင်တွေ့လိုက်ပါတယ်။

"တာ"

ရုတ်တရက် သူမနှလုံးအစုံ ဝုန်းဒိုင်းကြွသွားတယ်။ ရင်ထဲမှာလည်း တစ်ခါမှမခံစားဘူးတဲ့ အမုန်းမဲ့ချစ်ခြင်းတွေနဲ့အတူ သံယောဇဉ်နှောင်ကြိုး တစ်မျှင်က ဝင်ရောက်လာခဲ့တယ်။ အရာရာကို ပေါ့ပေါ့လေးတွေးပြီး ပေါ့ပေါ့လေး ပြောဆိုတတ်တယ်လို့ ထင်မိတဲ့လူတစ်ယောက်ဆီမှာ နက်ရှိုင်းပြီး အတုမဲ့ ချစ်ခြင်းမေတ္တာတွေရှိနေပါလား၊ သူမ ဖိပြင်တဲ့အပြုံးတစ်ပွင့်ကို ချက်ချင်း ဝန်ဆင်းလိုက်ပါတယ်၊ ထိုအပြုံးနောက်က ကျယ်ပြန့်တဲ့အဓိပ္ပာယ်ကို နားလည်မှာပါ။ ခုအချိန်မှာ နေရဲတာသူမအတွက် ရင်ခုန်စရာအကောင်းဆုံး သူတစ်ယောက်ဖြစ်သွားပါပြီ။

"ယုမွန်မြင့်"



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ်ကြေကွဲဝမ်းနည်းမှုတွေနဲ့ ဆော်လိုက်တဲ့ နေရဲ့အသံတာ သူမနှလုံးသားထဲကို အတားအဆီးမဲ့စွာနဲ့ စီးဝင်လာခဲ့တယ်။ ပြီးတော့ ဆော်ပြီး ကတည်းက လက်ခနဲတောက်ပနေတဲ့ မျက်ဝန်းထဲမှာ မျက်ရည်စတွေ စီးဆင်း ယာတာ သူမအံ့ဩစွာနဲ့တွေ့မြင်လိုက်ရတယ်။ ထို့ကြောင့် သူမရင်ထဲမှာ အနုပညာဆန်စွာဖြစ်တည်နေတဲ့ ကြည်နူးပျော်ရွှင်မှုလေးတာ ပါးလျလျှော့ရဲ့ သွားပါတယ်။

"နေရဲ နင်. . .ငိုနေတယ်"

နေရဲရဲ့ တိတ်တခိုးသက်ပြင်းချသံကို သူမကြားရတယ်။ မျက်ရည်တွေ ကြားထဲမှာ ပါးလှပ်စွာပြုံးနေတဲ့အပြုံးတာ အရောင်မှိန်ဖျော့နေပါတယ်။

"ငါ ငိုနေတာ မတွေ့ပါဘူး ယုမွန်မြင့်၊ နင်နဲ့အပြီးအပိုင် ခွဲရတော့မယ်ဆိုတာသိလို့ မျက်ရည်တွေက အလိုလိုကျလာတာငါ"

ရှိုက်သံတွေကို သိုဝှက်ပြီးပြောလိုက်တဲ့ နေရဲစကားသံတာ သူမ ရင်ထဲကို မြှားတစ်စင်းလို စူးနစ်စေခဲ့ပြီ။ ဒါတာ အိပ်မက်မတွေ့မှန်း သိနေပေမယ့် အိမ်မက်တစ်ခုအဖြစ် ပြောင်းစေချင်မိတယ်။ ငယ်စဉ်ထဲက ကျွမ်းဝင်နှောင်ဖွဲ့မှု တွေနဲ့ နွေးထွေးလာခဲ့ပြီးမှ ခုလိုခွဲရမယ်ဆိုတော့ ဘယ်သူက မခံစားဘဲ နေပါ့အံ့နည်း။

"ငါတာ နင့်ကိုတကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာငါ ယုမွန်မြင့် ဒါပေမယ့် နင်တာငါ့ရဲ့အချစ်တွေကို မယုံခဲ့ဘူး။ နင့်ဘက်က ကြည့်တော့လည်း မှန်ပါတယ်လေ"

"ငါ့ကိုနင်နားလည်ပေးတာလား နေရဲ၊ ဒါမှမတုတ် အချိုး တစ်ခုကို ပြေသိမ့်နေတာလား"

"နင်နဲ့ပတ်သက်ပြီး ငါဘာကိုမှအရှုံးလို့ မသတ်မှတ်ဘူး သတ်လည်းမသတ်မှတ်ချင်ဘူးတာ"

"ငါတာ ကိုနိုင်ကျော်နဲ့ လက်ထပ်ရတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com


"သိပါတယ်၊ ငါ့ဘဝမှာ နင်မရှိလဲအလွမ်းတွေရှိနေမှာပါ၊ နင့်ကို ငါသေတဲ့အထိ သတိရနေမယ်"

"ငါ သူ့ကိုမချစ်ဘူးနေရဲ၊ အဲဒါကို နင်သိရဲ့လား"

"နင်မှ လွန်ဆန်လို့မရတာဘဲ"

"ငါ လွန်ဆန်မယ်ဆိုရင် . . ."

"တင် နင်ဘာလုပ်မှာလဲ"

သူမ ရဲ့ဝံ့စွာနဲ့ပြုံးလိုက်ပြီး . . .

"ငါ့ကို နင်သတ်သေပြမယ်ဆို"

"ဘယ်လိုသတ်သေပြရမှာလဲ"

"လွယ်လွယ်လေးပါတာ"

"တား..တကယ်ပြောတာလား"

သူမခေါင်းလေးကို ညင်သာစွာညိမ့်ပြပြီး ချစ်ခြင်းရဲ့ပြင်းထန်တဲ့ ရင်ခုန်သံတွေနဲ့ နေရဲရင်ခွင်ထဲကို တိုးဝင်လိုက်ပါတယ်၊ လမင်းကြီးကတော့ ကြည်နူးသွားတဲ့ ချစ်သူနှစ်ဦးကို မကြည့်ရဲသလို တိမ်ထဲခဏ ဝင်ပုန်းသွားပါတယ်။

အချစ်ဆိုတဲ့အရာတ
ထူးဆန်းပါတယ်
သူတ
မျှော့ညံ့သူကို
ရဲရင့်အောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။

♥♥♥♥♥


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဖေကြီးရေ ဖေကြီး၊ ထစမ်းပါဦး"

ဖော်ညိုပြီအတင်းဆွဲနိုးသဖြင့် ဦးသန်းရိုးအိပ်ယာကနေ လူးလဲထကာ အပြစ်တင်လိုက်တယ်။

"ဘယ်လိုဖြစ်နေတာလဲကွ၊ စောစောစီးစီး"

"စောစီးရမယ်၊ စောစီးရမယ်၊ အခု သမီးမရှိတော့ဘူး အဲဒါ သိရဲ့လား"

"ဟေ"

"မဟောနဲ့ အိမ်တံခါးကြီးလည်းဖွင့်နေတယ်"

"အိမ်ရိုအပြင်သွားတာဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး ခြံဝင်းတံခါးသော့ခတ်လျက်သားပဲ"

"အခန်းထဲရော"

"ကျွန်မရှာတာ နှံ့နေပြီ"

ဦးသန်းရိုး ပြူးပြူးပြာပြာ ဖြစ်သွားပြီး . . .

"ဒါ နေရဲလက်ချက်ပဲဖြစ်ရမယ်"

"ကျွန်မလည်း ထင်သားပဲ၊ နေရဲဝစ်တာသာတီးထဲက



www.burmeseclassic.com

www.burmeseclassic.com

ခရီးပါဘူးလို့”

“တောက်၊ နေရဲ့ အယုတ်တမာကောင်၊ ဒင်းကို ရဲစခန်း တိုင်ရမယ်”

“စိုးစိုးစားစားလည်း ပြောပါ၊ သမီးက အရှယ်ရောက်နေပြီ”

ဦးသန်းစိုး ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားတယ်။ လူငယ်တွေရဲ့ တလိမ်ကကျစ်ဉာဏ်နဲ့ စွန့်စားရဲတဲ့သတ္တိကို လျှော့တွက်မိတာကိုက သူ့ရဲ့ အမှားပဲ၊ သိတဲ့အချိန်မှာ နောက်ကျသွားပြီ။

“ကျွန်မကတော့ ပိုပြီးသေချာအောင် ဒေါ်မိုးမြင့်ဆီသွား မေးချင်တယ်၊ ဒါမှ အဖြေသိရမှာ”

“မင်းသဘောပဲ၊ ငါကတော့ ဒီကိစ္စကိုလုံးဝမကျေနပ်ဘူး။ မတွေ့တွေ့အောင်ရှာပြီး မရ ရအောင်ခွဲရမှာပဲ၊ မောင်နိုင်ကျော်နဲ့တော့ မျက်နှာပျက်ရပါပြီ”

“အို၊ ဘာတတ်နိုင်တော့မှာလဲ. . .ဖြစ်ပြီးသွားပြီပဲ၊ ထ မျက်နှာ သွားသစ်”

“သဘော . . .သဘော”

ဒေါ်ညိုမိ စုပုပ်ပြီးအိပ်ခန်းထဲကသွားတယ်။ ဒီတော့မှ ဦးသန်းစိုးလည်း တပျာတယာပဲ နောက်ကနေလိုက်လာခဲ့ပါတယ်။ အိမ်ထဲက ထွက်လာတဲ့အထိ လင်မယားနှစ်ယောက်စကား မပြောပစ်ကြပေ။ လမ်းပေါ်ရောက်တော့လည်း လမ်းသွား၊ လမ်းလာ ခင်မင်သူတချို့က နှုတ်ဆက်ပေမယ့် ပြန်မဖြေပေ။ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ဒေါ်မိုးမြင့်အိမ်ကို ရောက်ချင်စိတ်က ကြီးမိုး နေတယ်။ ကမ္ဘာကြီးကိုသာ မိတ္တူစက်ထဲထည့်ပြီး ချုံ့လို့ရမယ်ဆိုရင် ချက်ချင်းပဲ သူတို့ချုံ့မှာ သေချာပါတယ်။ ဒေါ်မိုးမြင့်အိမ်ရှေ့ရောက်တော့ ဒေါ်ညိုမိက ခြံထဲမဝင်ဘဲ အပြင်ကနေလှမ်းခေါ်လိုက်တယ်။

“ဒေါ်မိုးမြင့်”


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ငါတို့"

အိမ်ထဲမှာ ဒေါ်မိုးမြင့်လှမ်းကြည့်လိုက်ပါတယ်။ ဦးသန်းစိုးနဲ့ဒေါ်ညိုမှီတို့ကိုတွေ့တော့ အံ့ဩစိတ်နဲ့အတူ ခြံဝဆီသို့လျှောက်လာတယ်။ အနားရောက်တော့ ယဉ်ကျေးသိမ်မွေ့စွာနဲ့ မေးလိုက်တယ်။

"ဘာကိစ္စများရှိလို့ပါသလဲရှင်"

"ကိစ္စလား ရှိတာပေါ့၊ အခု နေရဲဘယ်မှာလဲ၊ ငါတို့တွေ့ချင်တယ်"

"မရှိဘူးရှင့်၊ ညက သားပြန်မလာဘူး။ အဲဒီအတွက် ကျွန်မစိတ်ပူနေတာ"

"ဪဆို သေချာပါပြီ"

"တင် ဘာဖြစ်လို့လဲ"

ဒေါ်မိုးမြင့် စိုးရိမ်စိတ်တလေးနဲ့အတူ ရင်ကိုလက်တလေးနဲ့ ဖိလိုက်တယ်။ သားသာတစ်ခုခုဖြစ်ရင် သူမရင်ကျိုးရမှာ၊ ဘဝမှာ ခင်တွယ်စရာ မရှိတော့တဲ့နောက်ပိုင်း ဒီသားကိုပဲ အဖော်ပြုနေရတာ မဟုတ်လား။

"ဒီမှာ ဒေါ်မိုးမြင့်"

"တုတ်တဲ့ ပြောပါရှင်၊ သား . . . ဘာဖြစ်လို့လဲ၊ ညီတို့တို့ဘာများ နှောင့်ယှက်သလဲ၊ သားမှားရင် ကျွန်မပဲ တောင်းပန်ပါတယ်"

"ရှင်တောင်းပန်တိုင်း ကျွန်မတို့က ကျေနပ်ရမှာလား"

"သား . . . သား ဘာအမှားများ ကျူးလွန်ခဲ့လို့လဲ"

"ကျူးလွန်တယ်၊ ညက ငါတို့အိမ်ရှေ့မှာ နေရဲဝင်တာလာတီးတာကိုက ကြီးမားတဲ့ကျူးလွန်မှုကြီးတစ်ခုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မနက်ကျတော့ ငါတို့သမီးလေးမရှိတော့ဘူး"

"ရှင် . ."

"မရှင်နဲ့၊ ကျုပ်က နေရဲနဲ့လုံးဝသဘောမတူဘူး။ အဲဒါ

www.burmeseclassic.com



အသနားခြင်းတင်းမဲ့စွာနဲ့ အပြုတ်ပြောတာ၊ ခင်ဗျားသတ်က နေရဲ့နဲ့သမီးကို မတွေ့တွေ့အောင်ရှာပေးပါ"

"တုတ်. . .တုတ်တဲ့၊ ကျွန်မတို့စားပြီးရှာပေးပါမယ်"

"တတိတည်ပါစေ၊ သိရဲ့သားနဲ့ဖွက်ထားရင်တော့ သန်းစိုး အကြောင်းသိစေရမယ်၊ လာ. . .မေတြီး သွားမယ်"

ဦးသန်းစိုးတော အဆိပ်ပြင်းမြွေတစ်ကောင်ပုံစံမျိုးနဲ့ ဒေါ်ညိုမြ လဲတက်ဆွဲတာ ပြန်လှည့်ထွက်သွားတာကိုကြည့်ပြီး ညက သားပြန်မလာတဲ့ အကြောင်းရင်း အမှန်ကိုသိလိုက်ရသဖြင့် အကြီးအကျယ်စိတ်မာတ် တုန်သွားတယ်။ သူမတာ ငယ်ရာက ကြီးလာတာပါ၊ အချစ်ကို ကိုးကွယ်ချင်ကြတဲ့ လူငယ်တွေရဲ့နှလုံးသားကို တစ်ဖက်ဖက်သည်နိုင်ပါတယ်။ ဒါပေမယ့် ဂုဏ်သိက္ခာ မဲ့စွာနဲ့ မိန်းမတစ်ယောက်ကို ခိုးယူပေါင်းသင်းတဲ့အလုပ်မျိုးကိုတော့ သားကို မလုပ်စေချင်ပေ။

ခုတော့သားက လုပ်ချင်တာကိုလုပ်သွားပြီ။
သူမက သားလုပ်သမျှကို လိုက်ရှင်းရတော့မယ်။
မကြာခင်မှာ သားနဲ့ပြန်တွေ့ပါစေ။



www.burmeseclassic.com

www.burmeseclassic.com 

ဖြိုင်ပွဲတစ်ခုမတုတ်ပေမယ့်
ဖြိုင်ဆိုင်ချင်မိတယ်။
ကိုယ်ချစ်တဲ့ ချစ်သူက
ကိုယ့်ထက် သူတစ်ပါးကိုဖိုချစ်တော့
မခံချင်စိတ်တွေက ရင်ထဲမှာအပြည့်ပဲ။
ဒါပေမယ့်
မဖြစ်သင့်ပါဘူးဆိုတဲ့
ဆင်ခြင်တုံတရားကြောင့်
ခုတော့
ငါ ကျရှုံးခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

ချက်ချင်းဆိုသလိုပဲ နိုင်ကျော်မျက်နှာတစ်ခုလုံး မဲမှောင်အုံ့ကျသွားတယ်။ ဒီနေ့ချစ်ရေး သူ့ဆီသွားပြီး စေ့စပ်ကြောင်းလမ်းဖို့ကိစ္စတာ ခုအတိုင်းဆို အပြီးလိုင် ချုပ်ငြိမ်းပျောက်ကွယ်သွားပြီပေါ့၊ တစ်ရက်ဆိုတဲ့ ကြွေတစ်လှမ်း ပျောက်ကျသွားတာနဲ့ တပြိုင်တည်း သူ့ရဲ့နှလုံးသားတွေ အရှင်လတ်လတ် ပြေမြုပ်ခံလိုက်ရပြီ။

"သတ်မယ်၊ ဒီကောင်တွေသတ်မယ်"

သူ ဒေါသတကြီးနဲ့ မတ်တတ်ရပ်လိုက်ချိန်မှာ ဆူပွက်နေတဲ့ သွေးတွေက ဦးနှောက်ထဲကို အလုံးအရင်းနဲ့ ဝင်ဆောင့်သွားတယ်။ အဲဒီနောက်တော့ သူ ဘာဆိုဘာမှမသိတော့ဘဲ ထိုင်ခုံပေါ်ပြန်လဲပြိုကျသွားပါတယ်။

"တာ"

"ဆရာ"

"သတိထားလေ"

သံခဲက ထိုင်ခုံပေါ်ပြန်လဲ ပြိုကျလာတဲ့နိုင်ငံကျော်ကို ပွေ့ထူတာ အဆက်မပြတ် သတိပေးလိုက်တယ်။ ဒါပေမယ့် နိုင်ကျော်ဆီမှ သတိပြန်ရလာတဲ့အသံ လုံးဝထွက်မလာပေ။ ဒါကြောင့် သံခဲတစ်ယောက် ဆိတ်လန့်တုန်လှုပ်ကာ အော်တစ်လိုက်ပါတယ်။


www.burmeseclassic.com

"လာကြပါဦး၊ ဆရာကို ခေါ်လို့မရတော့ဘူး"

သံခဲအသံကြောင့် အလုပ်သမားတွေ ဝိုင်းအုံလာပါတယ်။

"ဘာဖြစ်တာလဲ ကိုသံခဲ"

"နေရဲနဲ့လူမွန်မြင့် ရိုးမြေးတဲ့သတင်းကြားပြီး သတ်မယ်၊ တ်မယ်လို့ပြောရင်း ဒီလိုဖြစ်သွားတာ"

"အဲဒီ ဆေးရုံပို့လေ၊ ဘာကြည့်နေကြတာလဲ၊ လာ . . . အားလုံးဝိုင်းမ,ကြမယ်"

"မပို့နဲ့တော့ အသက်မရှိတော့ဘူး . . . သူသေသွားပြီ"

လူတစ်ယောက်က နိုင်ကျော်ကို စမ်းသပ်ပြီးပြောလိုက်တာကြောင့် ခဲအပါအဝင် ကျန်တဲ့လူတွေအားလုံး အံ့ဩတုန်လှုပ်သွားပါတယ်။

"ကံတရားက တော်တော်ကြောက်စရာကောင်းပါတယ်. . . ရာရယ်၊ ဒေါသတရားက အသက်ကိုတောင် နုတ်ယူနိုင်တယ်ဆိုတာ ဆရာ ိသွားဘူးနော်"

သံခဲမျက်ရည်တွေနဲ့ ငိုလိုက်တယ်။ ကျန်တဲ့လူတွေကလည်း တ်မကောင်းဖြစ်နေကြပါတယ်။ မကြာခင်မှာ နိုင်ကျော်သေတဲ့သတင်းတ စ်မြို့လုံးကို ပျံ့နှံ့သွားပါတယ်။

သတ္တဝါတိုင်း မွေးလာထဲက သေချင်းတရားဆီကိုပဲ တဖြည်းဖြည်း ားနေရတာပါ။

ဒါကို ဘယ်သူငြင်းနိုင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com

# တစ်လခန့်အကြာ

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ဆိုတာ
နေရဲ့အခြွေအရံ
မတုတ်ပါဘူးကွယ်
ချစ်သူ
မင်းသိရဲ့လား
ငါတာ
နေတစ်စင်းဆိုရင်
ကြယ်ရဲ့ဥွတ်ခြင်း
ခံခဲ့ရသူပါ။

www.burmeseclassic.com

www.burmeseclassic.com

စိန်မိုးယံစာပေမှ စင်တင်ကလောင်ရှင်

# နေခ

# လှိုင်းပုတ်လို့ပြိုတဲ့ကမ်း

(စတုတ္ထမြောက်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

"တွန်မ . . သမီးလေးကို ပြန်ခေါ်ချင်တယ် ဖေကြီး"

လင်မယားနှစ်ယောက် နံနက်စာစားပြီးချိန်မှာ ဒေါ်ညိုမိက ညှိုးငယ်တဲ့ မျက်နှာလေးနဲ့ ပြောလိုက်တယ်။ သူမစိတ်ထဲမှာ သမီးကိုသတိရတဲ့စိတ်ကြောင့် ဆိပ်နိုင်မစားနိုင်ဖြစ်နေတာ အတော်ကြာပါပြီ။

"ပစ်ထားလိုက်စမ်းပါကွာ၊ မိဘစကားကို နားမထောင်တဲ့ သမီးမိုက် ခုတွေ့နဲ့ပဲတန်တယ်"

ဦးသန်းစိုးက ဒေါသစိတ်နဲ့အတူ ရေတစ်ခွက်ကို ခွဲခနဲသောက် လိုက်တယ်။ မျက်နှာကတော့ သမီးခိုးရာလိုက်သွားတဲ့အချိန်ထဲက ခုအချိန်ထိ သုန်မှုန်နေတုန်းပဲ။ အကြောင်းတွေ့တဲ့လူတိုင်းက ဦးသန်းစိုးကို ဆင်ကြီး ခုန်လိုလို့ပြောကြတာ။

"ရှင်တာလေ၊ ကိုယ်တိုင်ရင်နဲ့လွှယ်ဖြီး မွေးထားတာ မတုတ်မှန်း ရက်ရက်စက်စက် ဥပက္ခာပြုရက်တယ်"

"တ. . .ငါကအမှန်ပြောတာပဲ၊ မင်းသမီးက လူတမွေးထားခဲ့ရဲ့ လူလိုလုပ်သွားလို့လား။ ခုအချိန်ထိ ငါ့မှာရှက်လွန်းလို့ ရယ်မောင်မရယ် ရဲတော့ဘူး။ နေရဲဆိုတဲ့ကောင် ငါတစ်သက်မကြေဘူး . . မှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့နေရဲကို မုန်းတီးနေတာလဲ"

"အရင်က မင်းလည်းမုန်းခဲ့တာပဲ မဟုတ်လား"

"အဲဒါပြီးခဲ့ပါပြီ၊ မောင်နေရဲဟာ လူငယ်သဘာဝ ပျော်တတ်၊ နောက်တတ်တာကလွဲပြီး အသောက်အစားနဲ့အလောင်းကစားကင်းတဲ့ လူကောင်းလေးပါ။ သမီးကိုလည်း ချစ်လိုက်တာမှတုန်လို့"

"ဩော် . . .ခုကျတော့ သမက်ကိုအကောင်းမြင်ပြီပေါ့"

ဦး...နှ်းစိုးမျက်နှာထိ မျက်နှာထားနဲ့ ခနဲ့လိုက်ပေမယ့် ဒေါ်ညိုမိ သည်းခံခွင့်လွှတ်ကာ . . .

"ဒီမှာ ဖေကြီး၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအခြေအနေရောက်မှ ကျွန်မတို့ဘက်က တင်းမာနေလို့မသင့်တော်ဘူး။ တစ်ဦးတည်းသော သမီးလေးမို့ ပျော်ပျော်ရွှင်ရွှင်ပဲ မြင်ချင်တယ်။ ဒေါ်မိုးမြင့်ကလည်း သူ့သားမျက်နှာမငယ်အောင် မင်္ဂလာဆောင်ကို ထိုက်ထိုက်တန်တန်လုပ်ပေးမှာပဲ"

ဦးသန်းစိုး ငြိမ်သက်သွားပါတယ်။ မျက်နှာပေါ်မှာလည်း မာန်၊ မာန အရောင်တွေ မရှိတော့ပေ။ တကယ်ဆိုသူလည်း သမီးဖြစ်သူကို လွမ်းလှပါပြီ၊ ဒီတိုင်း ဒီလိုနံနက်စာ စားတဲ့အချိန်ဆိုရင် သမီးရဲ့လက်ရာကို အဆင်သင့် စားလိုက်ယုံပဲ။ ခုတော့ ဒီလိုမဟုတ်တဲ့အတွက် နံနက်စာစားတိုင်း စိတ်မကောင်း ဖြစ်နေရတယ်။ ယောကျာ်းဆိုတဲ့မာန်၊ မာနကြောင့် လူမသိအောင် ဖုံးကွယ်ခဲ့တာ။ ပြီးတော့ အပြင်ထွက်တိုင်း မျက်နှာကို အစွမ်းကုန် သုန်မှုန်ထားရတာလဲ၊ မေးမြန်းစပ်စုလာရင် သမီးကို သတိရစိတ်ပိုတိုးလာမှာ သိနေလို့ပါ။

"စိတ်လျှော့လိုက်ပါတော့ ဖေကြီးရယ်။ ကျွန်မတို့က အသက်ကြီးလာပြီ မဟုတ်လား၊ ရှေ့လျှောက်ဒီသားနဲ့သမီးပဲ ကိုယ့်တိုမြှုစုမှာ မာန်၊ မာနတွေ မထားသင့်တော့ပါဘူး"

"တင်း"

ဦးသန်းစိုး စိတ်လျှော့သလိုနဲ့ တန်ဆောင်သက်ပြင်းမှုလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


သူ့အတွက်တော့ ငိုချင်တဲ့ကလေးကို လက်တို့လိုက်သလို ဖြစ်နေတယ်။

"ကျွန်မ ပြန်ခေါ်ရမလားဟင်"

"ကဲ . . . ဒီလောက်ဖြစ်နေရင်လည်း ပြန်ခေါ်ပြီး မင်္ဂလာဆောင်ပေးလိုက်ကွာ၊ ဒါနဲ့သူတို့ ဘယ်မှာနေလဲဆိုတာ မင်းသိလို့လား"

"သိတယ် . . .ဖေကြီး"

"တကယ် ပြောတာလား၊ အခု သူတို့ဘယ်မှာနေတာလဲ"

"ရှင် စကားအတည်နော်"

"အေးပါကွာ"

BURMESE CLASSIC

ဒေါ်ညိုမိ စိတ်ချသွားတဲ့ပုံစံနဲ့ . . .

"သူတို့တွေ စရိုးသွားထဲက ချစ်ဦးတို့ အိမ်မှာပဲနေကြတာ"

"မင်း ဘာဖြစ်လို့ အစောကြီးမပြောတာလဲ၊ ငါတို့မှာ အဝေးထွက်သွားတယ်ထင်ပြီး ရုံစမ်းလိုက်ရတာ"

"အို . . . ကျွန်မတောင် တစ်နေ့ကမှသိရတာ၊ နေရဲထားသမီးလေးကိုဘယ်လောက်အထိ ချစ်သလဲဆိုရင် 'စ'ရိုးလာတဲ့ညထဲက အခန်းထဲကနေ အပြင်မထွက်တော့ဘူးတဲ့၊ ပြောတော့ သမီးလေးပျောက်သွားမှာ စိုးလို့တဲ့၊ အဲဒီလောက်အထိ သမီးကိုချစ်တာ၊ ရှင်နဲ့တော့ကွာ၊ ထွန်း"

"တော်စမ်းကွာ"

ဦးသန်းစိုး ကျုံး ကျုံးခြင်းခြေဘယ်လိုလှမ်းရင် ဘာဆိုတာသိနေသဖြင့် တတုန်ကရင်ကြီး ဖြစ်သွားတယ်။ ပျောက်သွားမှာစိုးလို့ အခန်းထဲကတောင် အပြင်မထွက်ဘူးတဲ့၊ ငါသိနေပါတယ် နေရဲရယ်။

♥♥♥♥♥



www.burmeseclassic.com

www.burmeseclassic.com

စိန်မိုးယံစာပေမှ မကြာမီထွက်ရှိမည်

# ဓနုတ်ကိုကိုဇော်

## အချစ်နတ်သမီး

နှင့်

## နှလုံးသားလေးတင်ပွဲ

(အချစ်ဟာသ လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

ဒီနေ့ ဦးသန်းစိုးနဲ့ ဒေါ်ညိုမိတို့အိမ်တာ မင်္ဂလာအပေါင်းနဲ့ ခင်းကျင်း နေပါတယ်။ အထူးဧည့်သည်တော်ကြီးအဖြစ် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမိုးလည်း ရှိနေတယ်။ ခုအချိန်မှာတော့ နှစ်ဖက်အသိုင်းအဝိုင်းကြားမှာ အမျက်ဒေါသ ဆူ၍ မရှိတော့ပေ။

နေရဲနဲ့ယုမွန်မြင့်တို့က ကြည်လင်ရွှင်ပြတဲ့မျက်နှာနဲ့ ကြမ်းပြင် ပေါ်မှာထိုင်ပြီး နှစ်ဖက်မိဘတွေကို လက်အုပ်ချီကန်တော့ကြတယ်။ အီသာ ချစ်စရာကောင်းတဲ့ မြန်မာယဉ်ကျေးမှုဓလေ့ထုံးစံပါ။ ရပ်ကွက်ဥက္ကဋ္ဌဦးလှမိုးက တော်ဖီကိုတစ်ခါတည်းမော့သောက်ပြီး ပါးစပ်ကို တစ်သျှူးစနဲ့သုတ်တာ တေားစလိုက်တယ်။

"ကဲ ခုလိုမင်္ဂလာရက်မြတ်လည်း သတ်မှတ်ပြီးပြီဆိုတော့ ပါတတွေတွေထူးထူးမပြောချင်တော့ဘူး။ အဲဒီတော့ တိုတိုပြောရရင် အိမ်ထောင်ပြုတယ်ဆိုတာ လူမျိုး အမျိုးဘဝဆုံးရှုံးသွားတာပဲ၊ လောကမှာ နိယာမတစ်ခုရှိတယ်၊ အဲဒီနိယာမကြီးကို တည်တံ့ခိုင်မြဲအောင်သည်း သဘာဝကြီးက ဖန်ဆင်းပေးထားတယ်။ အဲဒါဘာလဲဆိုတော့ အထီး ဆိုတဲ့သတ္တဝါနဲ့ အမဆိုတဲ့သတ္တဝါနှစ်မျိုးပဲ၊ သတ္တဝါအားလုံးတာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်ပြီလို့သိတဲ့အချိန်မှာ ဆန်ကျင့်ဘက်လိင်တွေနဲ့ ပျော်မွေ့ချင် လာတယ်။ အဲဒီမှာ ကိုယ့်ကိုချစ်တဲ့သူ၊ ကိုယ်ကချစ်တဲ့သူကို ရွေးချယ်ပြီး အတူတကွ နေထိုင်တော့တာပဲ၊ ကမ္ဘာဦးအစ၊ ယဉ်ကျေးမှုမထွန်းကားသေး အချိန်တုန်းကတော့ လူတွေဟာ အတည်တကျပေါင်းသင်း နေထိုင်ခြင်း ဆိုတာကို သိပ်နားမလည်ကြသေးဘူး။ ဒီလိုနဲ့ ကမ္ဘာကြီးဟာ ရပ်တန့်မနေဘဲ ဖွံ့ဖြိုးလာတယ်။ လူတွေဟာ ယဉ်ကျေးမှုဆိုတဲ့ စကားကို နားလည်လာတယ်။ လောကရဲ့စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတွေကို ညီညီညာညာ လိုက်နာ ကျင့်သုံးကြတယ် . . .

အဲဒီတော့ တိုတိုပြောရရင် မင်္ဂလာဆောင်တယ်ဆိုတာ ယောကျ်ားနဲ့မိန်းမဘဝတစ်ခု ထူထောင်တော့မယ်လို့ အတိအလင်း ကြေငြာတဲ့သဘောပဲ။ အဲဒီမှာ သူတို့ရဲ့ဆန္ဒကိုသဘောတူ ထောက်ခံမယ့် ဆွေမျိုးအသိုင်းအဝိုင်း၊ မိတ်ဆွေအပေါင်းအသင်းဆိုတာ လိုလာတယ်။ သူတို့ကို တစ်ယောက်ချင်း သွားပေးဖို့ကြတော့လည်း အဓိပ္ပါယ်မဲ့နေတယ်။ ဒီတော့ နေရာတစ်ခုကိုလာခိုင်းတယ်။ ပြီးတော့ ကိုယ်တတ်နိုင်သလောက် ကျွေးမွေးတယ်။ သူတို့ကလည်း သဘောတူလို့ရှိရင် ပိုက်ဆံ၊ လက်ဆောင် ပစ္စည်းတွေ ပြန်ပေးကြတယ်။ နောက်ပိုင်းကျတော့ လူတွေအားလုံးစုဝေးတဲ့ နေရာကို မင်္ဂလာဆောင်ကျင်းပတဲ့နေရာလို့ သတ်မှတ်ကြတယ်။

အဲဒီတော့ တိုတိုပြောရရင် အဓိကတော့ လင်ကျင့်ဝတ်နဲ့ မယားကျင့်ဝတ်ပဲ၊ ဒါကိုမင်းတို့နှစ်ယောက်စလုံး မကျိုးမပေါက်အောင် စောင့်ထိန်းကြပါ၊ ချစ်လို့ပဲယူယူ၊ မချစ်လို့ဘဲညားညား၊ လင်မယား ဖြစ်သွားပြီဆိုရင် အပေးအယူမျှရတယ်၊ တစ်ယောက်မကြိုက်တာ တစ်ယောက်မပြောနဲ့၊ မလုပ်နဲ့၊ လင်ကလည်း မယားအပေါ်မှာ တန်ဖိုးထားပါ၊ မယားကလည်း လင်ယောကျ်ားအပေါ်မှာ ရိုသေပါ၊ အိမ်ထောင်တစ်ခုကို စပြီး ထူထောင်ပြီဆိုရင် အချစ်ဆိုတာ ဘာမှမဟုတ်တော့ဘူး၊ အချစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်တဲ့ အိမ်ထောင်ရေးထက် နားလည်မှုနဲ့တည်ဆောက်တဲ့ အိမ်ထောင်ရေးကမှ ပိုပြီးခိုင်မြဲတာ၊ မင်းတို့နှစ်ယောက်ဟာ ဒီမြို့မှာမွေး ရပ်ကွက်မှာကြီးလာကြတဲ့လူတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက်ကြား နားလည်ကြမှာပါ။

ဒါကြောင့် တိုတိုပြောရရင် ကိုယ့်ရေ့မှာအဆင်မပြေကြတဲ့ အိမ်ထောင်ရေးတိုကြည့်ပြီး ပြုပြင်သင့်တာကို ပြုပြင်ကြပါ၊ ခုအချိန်မှာ အဘဆိုတာ မင်းတို့ကို ပိုင်ပဲဆိုင်တော့တယ်၊ မပိုင်တော့ဘူး အဲဒီတော့ မင်းတို့ရဲ့ကောင်းမွေ၊ ဆိုးမွေကို မင်းတို့ပဲ ရင်ဆိုင်ရမှာ၊ ရေးတုန်းက လူတွေဆို အရမ်းသနားဖို့ကောင်းတယ်၊ မင်္ဂလာဆောင်ဖို့ မငြင်း နဲ့ ရဆိုးတင်ဖို့တန်းတောင်မရှိကြဘူး၊ အဲဒီဟုန်းကလည်း ငါတို့နှ လူ့ကျွန်ဘဝကို ရောဟ်နေတာ မတုတ်လား၊ ငါ့အကြီးဆို ရည်းစားဟ ထားတောင်းခိုင်းတာကို တောင်းစရာလွှက်မရှိလို့သေတဲ့အထိ လူပျိုကြီး လုပ်သွားရတယ်၊ ငါ့အကြီးလိုဆိုရင် မင်းတို့ဘယ်လိုလုပ်မလဲ၊

ဒီတော့ တိုတိုပြောရရင် သားသမီးတွေကလည်း ငါတို့အိုး ငါတို့အိမ်နဲ့ဆိုပြီး မိဘတွေကို ဥပက္ခာမပြုကြပါနဲ့၊ မိဘတွေကလည်း ဆိုင်သာဆိုင် မပိုင်တော့ပါလားဆိုပြီး မဆုံးမဘဲမနေပါနဲ့၊ အချို့က လူပျို အပျိုဘဝမှာ ဆိုးသွမ်းပွေရှုပ်နေပေမယ့် အိမ်ထောင်ကျတော့ ကောင်း သွားကြတယ်၊ အချို့ကျတော့လည်း လူပျို အပျိုဘဝက လိမ္မာပေမယ့် အိမ်ထောင်ကျမှ ဆိုးသွမ်းရှုပ်ပွေတာတွေရှိတယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ တံစမ်းမဲနှိုက်သလိုပဲ၊ အထူးသဖြင့် နေရဲ့ကိုမှာချင်တယ်၊ ကျွန်စစ်သားမိန်းမ လေးယောက်ယူတာကို အားမကျပါနဲ့၊ သူ့လို မင်းတစ်ဆောင်တွေကြီး လှအောင်ဆင်နိုင်မှာမတုတ်ဘူး၊ ယုမ္မန်မြင့်တလည်း သူခိုးဆားခိုးတင်တဲ့ မိန်းမ,မဖြစ်ပါစေနဲ့၊ လူဆိုတာ ပုထုဇဉ်ဖြစ်နေသရွေ့ တာလပတ်လုံး လောဘ ဆိုတာရှိနေမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တိုတိုပြောရရင် မိန်းမဖြစ်သူကလည်း ယောကျ်ား ဗိုက်ဆံရှာနည်းလို့ ပြဿနာမရှာပါနဲ့! ကိုယ်ယူထားတဲ့ ယောကျ်ားဟာ ဘယ်လိုလဲဆိုတာ ကိုယ်သာ အသိဆုံးပါ။ နေရဲကလည်း အသောက်အစားကို အတတ်နိုင်ဆုံးရှောင်ပါ။ ယောကျ်ားတွေဟာ အသောက်အစားနဲ့တွေ့ရင် အိမ်က မိန်းမကိုမေ့တတ်တယ်၊ ရာဇဝင်မှာ အရက်ကြောင့်ဘဝပျက်ရတဲ့ လူတွေအကြောင်း မင်းတို့ဖတ်ရမှာပေါ့၊ တပင်ရွှေထီးဟာအရည်အချင်းရှိတဲ့ မင်းကောင်း မင်းမြတ်တစ်ပါးဖြစ်ပေမယ့် အရက်ကြောင့် ပြည်(ပဲခူးတိုင်း အနောက်ပိုင်း ပြည်ခရိုင်မဟုတ်ပါ) ပါ ပျက်ခဲ့ရတယ်၊ တကယ်လို့သာ အရက်ကို မိတ်ဆွေမဖွဲ့ခဲ့ဘူးဆိုရင် ဘုရင့်နောင်ကျော်ထင်နော်ရထားဟာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ထောင်နိုင်တဲ့ မင်းမြတ်အဖြစ် သမိုင်းမှာ တင်ကျန်ခဲ့မှာ မဟုတ်ဘူး။

အဲဒီတော့ တိုတိုနဲ့လိုရင်ပြောရရင် မိဘကို ရိုသေတန်ဖိုးထားကြပါ။ ကိုယ်လည်းတစ်နေ့ မိဘနေရာရောက်လာမှာပဲ၊ မြဲနေရင်တော့ မပြောတတ်ဘူးပေါ့နော်၊ မိဘကိုကိုယ်က ရိုသေလေးစားမှ ကိုယ်မွေးတဲ့ သားသမီးတွေကလည်း ကိုယ့်ကိုရိုသေလေးစားမှာ၊ ဝဋ်မှာ အမြဲ၊ ငရဲမှာအပတဲ့၊ ဝဋ်လိုက်ရင် ဆင်လိုက်တာထက်ဆိုးတယ်၊ အဲဒီတော့ မင်းတို့တလည်း ဘုရားလောင်းကျေးမင်းထိုးနှလုံးမူပြီး ကြွေးတောင်းကိုလည်းဆပ်ပါ၊ ကြွေးသစ်လည်းချပါ၊ ရွှေအိုးလည်း မြှုပ်ပါ၊ ဒါကိုမင်းတို့သိပြီးသား ဖြစ်မှာပါ။ ဝိရုပ်မိ၊ ရုပ်ဝဖြစ်နေလို့သာ တာဝန်အရ စကားမရှိစကားရှာပြီး အဆင်ပြေအောင် ကြံဖန်ပြီးပြောရတာ၊ သိပ်ပြီးပြောချင်တာမဟုတ်ဘူး၊ မပြောပြန်ရင်လည်း အပြစ်က ဖြစ်ဦးမယ်၊ သားသမီးမကောင်းတော့ မိဘခေါင်း၊ တပည့်မကောင်းတော့ ဆရာ့ခေါင်း၊ ရုပ်ကွက်သူ ရပ်ကွက်သားမကောင်းတော့ ဥက္ကဋ္ဌဆိုတဲ့ ငါ့ခေါင်းပေါ် ရောက်လာမှာ၊ နေရဲကလည်း အိမ်ထောင်သည်ဖြစ်သွားပြီဆိုတော့ အရင်လို စတဲ့နောက်တဲ့အလုပ်ကို ရှောင်တော့၊ လူတိုင်းဟာ ပျော်ရွှင်စရာ



www.burmeseclassic.com

www.burmeseclassic.com


စိတ်ကြည်နူးစရာကိုလိုချင်ကြတယ်။ အဲဒီမယ့် လူတိုင်းဟာ သူ့နည်း သူ့တန်နဲ့ စိတ်ညစ်နေကြတယ်။ တကယ်တော့ လူ့ဘဝဆိုတာ တိုတိုလေးပါ။ အသေခင်တွေကြတဲ့အခိုက်လေးမှာ တစ်ယောက်နဲ့တစ်ယောက် စည်းစည်း လုံးလုံးနဲ့ ချစ်ချစ်ခင်ခင်နေကြပါ။ ပြီးတော့ ကိုယ်မွေးလာတဲ့ သားသမီးလေး တွေကိုလည်း အနာဂတ်မှာ နိုင်ငံအတွက်၊ လူမျိုးအတွက် ဘာသာ၊ သာသနာ အတွက် ရှတ်ရှတ်ချွန်ချွန်သယ်ပိုးနိုင်တဲ့ မျိုးဆက်သစ်ကလေးတွေဖြစ်အောင် မြုစုပျိုးထောင်ပေးကြပါ။

ငါကစကားကို ရှည်ရှည်ဝေးဝေးပြောချင်တဲ့လူ မဟုတ်တော့ တိုတိုပဲပြောနေတာ၊ မင်းတို့နှစ်ယောက်ဟာ လင်မယား ဖြစ်သွားပြီဆိုတော့ အိမ်ထောင်စုဇယားအသစ်လုပ်ရမယ်၊ သားရေး၊ နာရေးအတွက် တျသင့်တဲ့ ငွေကြေးတိုလည်း အချိုးကျထည့်ရမယ်၊ လောကမှာ ရှောင်လွဲလို့မရတဲ့ အရာသုံးမျိုးရှိတယ်၊ အဲဒါကတော့ အို၊ နာ၊ သေ၊ ဆိုတဲ့အရာတွေပဲ၊ ငါတို့ရဲ့ အတုမဲ့မေတ္တာပိုင်ရှင် မြတ်စွာဘုရားသခင်တောင် အို၊ နာ၊ သေဆိုတဲ့အရာတို ဓိတ္တာန်မဝင်ခင်နောက်ဆုံးဘဝမှာ ရင်ဆိုင်ခဲ့ရဟာယ်၊ ငါပြောချင်တာတတော့ ဒါပါပဲ”

ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမိုးတစကားကို အဆုံးသပ်လိုက်သဖြင့် နေရဲအပူလုံးကြီး မှတ်ထုတ်တာ ယုမွန်မြင့်ကိုစောင်းကြည့်လိုက်တယ်။ သူမတလည်း စိတ်ကုန်သွားတဲ့မျက်နှာလေးနဲ့ နေရဲကိုပြန်ကြည့်တယ်။ တျန်တဲ့လူတွေကတော့ ဦးလှမိုးပြောတဲ့စကားကိုနားထောင်ရင်း အိပ်ငိုက် နေကြပါတယ်၊ ချစ်ဦးဆို နှာမှုက်သံတောင်ပေါ်နေတယ်။

“သန်းစိုး”

“အင်”

ဦးလှမိုးခေါ်လိုက်သဖြင့် လည်ပင်းလေးစောင်းပြီး အိပ်ငိုက်နေတဲ့ ဦးသန်းစိုးကယောင်ယမ်းပြီးပြန်ထူးတယ်။ ပြီးတော့မျက်လုံးကို တွင်းချင်



www.burmeseclassic.com

 www.burmeseclassic.com

ငွင်းချင်နဲ့ ငွင်းလာပါတယ်။

"အခုလေးတွေကို ဆုံးမစကားပြောဦးလေ"

"ဦးအ္ဇာမပြောလို့ ပြီးပြီလား"

"အေး ငါ့အတိုချုံးပြီး ပြောလိုက်တယ်"

"ဆင့်"

ဦးအောင်ကိုရင်တစ်ခုလုံး ဆင့်သွားပြီး . . .

"ချော်တော်မပြောတော့ဘူး ဦးအ္ဇာကြီး"

"ဒီဆို မင်းမိန်းမကိုမေးကြည့်ဦး၊ အိပ်နေတာ ကြက်ကြီး လည်လိမ်တာအသေရိုမ်"

ဦးအောင်ကိုအောင့်သက်သက်နဲ့ နှိုးကိုခေါ်လိုက်တယ်။

"မေကြီး"

"မေကြီး"

"ဘာင် အာလဲ"

"ဦးအ္ဇာကြီးပြောပြီးသွားပြီ"

ခေါ်ကြိုးမျက်လုံးလေးပွတ်တာ ဦးလှမိုးကို လှမ်းကြည့်လိုက်တယ်။ သူမကို့ကိုယ်ကို တာမှားတာပါ၊ မင်လာဆောင်ချိန်မှ စိတ်စာသွားပေးလည်း ရတာကို။

"မေကြီး ဘာပြောဦးမလဲ"

"မပြောတော့ဘူး မေကြီး"

"ဒီဆို ခေါ်မိုးမြင့်ကိုမေးကြည့်လိုက်ဦး"

ခေါ်မိုးမြင့်မျက်လုံးလေးဖွင့်လာပါတယ်၊ ပြီးတော့အိပ်ချင်နေတဲ့ လေသံနဲ့ . . .

"ကျွန်မ မပြောတော့ဘူး ကိုသန်းစိုး။ ဦးအ္ဇာကြီးပြောတာ ပြည့်စုံနေပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



"အိုးသည်း တောင်းပါတယ်"

ဦးသန့်ရိုးစိတ်ထဲကပြောပြီး ချစ်ဦးဆီကို လှည့်ကြည့်လိုက်တယ်။ ဆံ့မယ်ကိုယ်တော်ချောတာ ဘယ်လောက်များအိပ်ရေးပျက်ထားပါလိမ့်၊ အိပ်နေတာ ဟောက်သံတောင်တစ်ချက်၊ တစ်ချက်ပေါ်ထွက်လာတယ်။

"ချစ်ဦး"

"ချစ်ဦး"

"ချစ်ဦး"

"ဗျာ"

ဦးသန့်ရိုး တကြည်ကြည်စကြိမ်မြင်ပြီး ခေါ်လိုက်တော့မှ ချစ်ဦး လန့်နိုးသွားတယ်။ ပြီးတော့ အိပ်ချင်မူးတူးနဲ့ မျက်လုံးဖွင့်ပြီး မျက်နှာတွေကို လျှောက်ကြည့်နေတယ်။ မုံစိတ အိပ်မက်ထဲက ထွက်ပြေးလာသလိုပဲ။

"မင်းအဘပြောဦးမလဲ"

"ပြောချင်တာကတော့ ဥက္ကဋ္ဌကြီးကိုပဲ၊ ကျွန်တော် ဝင်လာ ခေါင်းရင်း ဘူ့တိုလုံးဝမပိတ်ဘူး"

ချစ်ဦးစကားကြောင့် ဦးလှရိုးမျက်လုံးပြူးသွားပြီး . . .

"ဘာဖြစ်လို့လဲ ချစ်ဦးရ"

"ရှည်လို့"

ရယ်သံက ပေါ်ရုံထွက်ပေါ်လာပါတယ်။ လူကြီးရှက်တော့ ရယ်သတဲ့ တိုရယ်သံထဲမှာ ဦးလှရိုးရယ်သံက အကျယ်ဆုံးပါပဲ။

နေတော့ နေ့ရဲ့ရဲ့ယှက်ပြင်းတို့ ဘဝဝေဝေဝါဝါ ပျောက်လွင့်သွားပြီ

မိုးသာရွာ

ဗြိုးရှောင်

ရေ၁